www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာဏ်လင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သယ်ကန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

ဒီနိုင်းခ ၈၉၅.၈၃
ချစ်မိန့်/ ဒီနိုင်းခ။
ရန်ကုန်။ ရွှေညာဏ်လင်းစာပေ၊ ၂၀၁၅။
၂၄၀ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ချစ်မိန့်





နှစ်ကိုယ့်တစ်စိတ်
ငါပဟာ်မင်းရဲ့အရိပ်ကလေးပါ..
"ချစ်မိန့်"..ရယ်...

www.burmeseclassic.com



## အခန်း (၁)

မိုးရွာမယ်ဆိုရင် တိမ်တွေက ကြိုပြောတတ်ကြပါတယ် "မင်း" ..။ အဲဒါက ကောင်းကင်မှာ ညှို့နေတဲ့ တိမ်ဆိုင်တိမ်ထု မှုန်မှုန်မှိုင်းမှိုင်းနဲ့ အရိပ်လက္ခဏာပြပြီး ပြောတတ်ကြတယ်လေ ..။

ကျောင်းပျော်သူတို့ရဲ့ စာအုပ်မှာ ငါ့အတွက် "မင်း" က အမှတ်တရ ဖြစ်စေနိုင်တဲ့ ကဗျာလေးတစ်ပုဒ်လိုပါပဲ ..။

အခုတော့ ငါ့အတွက် အေးချမ်းစေမယ့် ရေစက်ကလေးဟာ ဘယ်ပုံဘယ်နည်းနဲ့ အငွေ့ပျံ ပျောက်ကွယ်ခဲ့ရတာလဲ "မင်း" ရယ်..။

ဆန်းပြားတဲ့ ပုံပြင်တွေကို စုဆောင်းတတ်တဲ့ ဒို့ကျောင်းတော်ကြီးမှာ အသည်းကွဲရေဒီယိုတစ်လုံးလို ငါ နှလုံးခုန်သံက "မင်း" ကို မျှော်လင့်တတ်ကြတယ်။

ရယ်မောခဲ့မှုတွေ ဒေါသထွက်အောင် စနောက်ပြောင်ခဲ့မှုတွေ



အခုလို ငါတစ်ယောက်ထဲ ကျောင်းကြီးထဲမှာ ရှိနေချိန် ..၊ ငါ ပတ်ဝန်းကျင်မှာ "မင်း" တို့ရှိနေသလိုပဲ "မင်း" ..။

လဲကျသူတွေက လက်နှစ်ဖက်ကို အားကိုးပြီး ထရပ်ရမယ် ..၊ "မင်း" ငါရဲ့ အလွမ်းထဲ လဲပြိုမှုတွေမှာ "မင်း" ကို သတိရမှုနဲ့ ထရပ်ဖို့ ကြိုးစားနေခဲ့ရပြီလေ ..။

နွေက မိုးကိုကြိုမယ်၊ မိုးက ဆောင်းကိုကြိုမယ်၊ ဆောင်းက နွေကို သတိရသလို .. မျှော်လင့်နေတတ်ကြလိမ့်မယ် ..။ ငါကတော့ အခါခပ်သိမ်း သုံးရာသီလုံး "မင်း" ကို မျှော်လင့်လွမ်းဆွတ်နေခဲ့ပါပြီ။

အကြောင်းမဲ့ တိုက်ဆိုင်မှုနဲ့ "မင်း" ကို သတိရခဲ့တာ မဟုတ်ပါဘူး။ နှလုံးသားကို ရင်းပြီး အနာကျင်ခံပြီး "မင်း" ကို သတိရခဲ့တာပါ။

အဲသည့်နေ့က တလောကလုံးက မိုးအုံ့အုံ့နဲ့ အညိုရောင် ခပ်မှိုင်းမှိုင်းတွေ လွှမ်းခြုံထားပါတယ်။ ပေါက်ကြီး လို့ခေါ်တဲ့ ထူးနိုင် က ကျွန်တော်နဲ့ မြတ်ဇော် ကို ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်ကိုပြောပြနေပါတယ်။ အဝါရောင် ဝတ်ဆံတွေကို ခေါင်းမှာ ပန်ထားတဲ့ အပင်ကြီးအောက်က ကန်တင်းလေးတစ်ခုထဲမှာပေါ့ ..။

ကျွန်တော်တို့ ထိုင်နေတဲ့ ကန်တင်းက နှစ်ဆိုင်တွဲပေါ့ ..။ အလယ်မှာ ရင်စို့လောက်အထိ မဒမပင်တွေကို အလယ်ကခွဲပြီး ကာရံ

www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်။ ဟိုဘက်ကလဲ နောက်ထပ် ဆိုင်တစ်ဆိုင်ပေါ့ ..။

မိုးစက်လေးတွေက စတင်ကျဆင်းလာပါသည်။ ပေါက်ကြီး က အပြင်ကို တစ်ချက်ကြည့်သည်။ ဒူးတစ်ဖက်ထောင်ပြီး စီးကရက်တစ်လိပ်ကို ဗူးထဲက ထုတ်ကာ နှုတ်ခမ်းမှာတေ့ပြီး မီးညှိသည်။ အားရပါးရ တစ်ချက်ရှိုက်ပြီး မီးခိုးမှုတ်ထုတ်ကာ ဇာတ်လမ်းကို ပြန်ဆက်ပါသည်။

"မင်းသမီးက တွင်းထဲကျသွားတာပေါ့ကွာ .. လရောင် ကလဲ လင်းနေတယ် .. မင်းသမီးက ကြောက်တာပေါ့ .."

"ရှူးရှူးတွေ ထွက်ကျရောလား .."

မြတ်ဖော် က စိတ်ဝင်တစားနဲ့ ပြောတော့ ကျွန်တော် တခွိုးခွိုး ရယ်သည်။ ပေါက်ကြီး မြတ်ဖော် ကို အတော်ပေါက်သွားပုံရသည်။

"ခွီးမှပဲ .. ဘာလို့ သေးထွက်ကျရမှာလဲ .."

"အေးပါကွာ .. ဆက်ပြော .."

"မိုးတွေကလဲ ရွာလာတာပေါ့ကွာ .."

"ထီးမပါသွားဘူးလား .."

"အေး .. ဟာ .. သေရေးရှင်ရေး ပြေးနေတဲ့အချိန် ထီးပါလာမလားကွ .."

"အေးပါကွာ .. မသိလို့မေးမိတဲ့ဟာကို စိတ်ရှည်းပဲ .. ဆက်ပြော ..."



ဆက်ပြော .."

မိုးသံတွေက ပတ်ဝန်းကျင်ကို လွှမ်းမိုးထားပါတယ်။ ကျွန်တော် ကတော့ ဖျင်းဖျင်းနဲ့ ပေါက်ကြီး စကားတွေကို စိတ်ဝင်တစားမရှိပေမယ့် ကြားနေရတော့ နားထောင်ပေးလိုက်ပါတယ်။ ပြီးတော့ ဟိုကြည့် ဒီကြည့်ပေါ့ ..။

အဲဒီအချိန်မှာ ကျွန်တော့် အာရုံက ဘာရယ်မဟုတ် စားပွဲနဲ့ ကပ်လျက် ဟိုဘက်ဒီဘက်အတွက် နံရံလို ကာထားတဲ့ မဒမခြမ်းတွေကြားက အပြာရောင်ကြိုးစလေးကို တွေ့မိလိုက်ပါသည်။

အဲဒီလိုပါပဲ .. ဒီစားပွဲနဲ့ ကပ်လျက် ဟိုဘက် ကန့်တင်းက စားသောက်ဆိုင်က နံရံနဲ့ကပ်လျက် စားပွဲမှာ မင်းနေရီ ဆိုတဲ့ ထူးထူးဆန်းဆန်း နာမည်နဲ့ ကောင်မလေးရယ် ..၊ စန္ဒာချို နဲ့ အေးအေးယု တို့ မုန့်စားရင်း စကားကောင်းနေတာပေါ့။ ဦးဆောင်သူက အင်္ဂလိပ်မီးဖြစ်ပေမယ့် သောကြာသမီးလို စကားများတဲ့ စန္ဒာချို ပေါ့ ..။

"အဲဒီမှာ ရိုမီယို နဲ့ တွေ့ဖို့ တက်ပလက်က .."

"ဟဲ့ .. ဂျူးလီယက် ပါဟဲ့ .. နင့်အမေကလား တက်ပလက်က မှာလဲ .."

အေးအေးယု က မျက်စောင်းထိုးပြီး ပြောတော့ စန္ဒာချို က ...

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ် .. ငါ့မောင်လေးအတွက် ပယ်ပေးဖို့ သတိရလိုက်လို့ပါဟယ် .. ဘယ်နားရောက်သွားပြီလဲ .."

"အောင်ပန်း .. ကလော .."

"အေး .. အောင်ပန်း လဲ ရောက်ရော .. ဟာ .."

စန္ဒာချို ပြောပြီးမှ မှားမှန်းသိတော့ အေးအေးယု ပခုံးကို လှမ်းရိုက်ပါသည်။ မင်းနေရီ ဆိုတဲ့ ကောင်မလေးက သူငယ်ချင်းတွေစကားကို သိပ်စိတ်ပါလှမဟုတ်ဘဲ ပြုံးရင်း သူမလဲ ကာထားတဲ့ မဒမတိုင်တွေကြားထဲက အပြာရောင် ကြိုးစလေးကို တွေ့လိုက်ပါတယ်။ စံပယ်တွေဖူးတဲ့ ရာသီမှာ လမ်းလျှောက်ရသလိုပေါ့ ..။ ရင်ထဲမှာ အေးချမ်းမွှေးပျံ့နေပါတယ်။ ဒီကြိုးစလေးဟာ သူမ နှလုံးသားနဲ့ နောင်တစ်ချိန်မှာ တိုက်ဆိုင်လိမ့်မယ်လို့ သူမ မသိခဲ့တာ အမှန်ပါ ..။ "မင်း" လို့ သူငယ်ချင်းတွေ ခေါ်တတ်တဲ့ ကောင်မလေးက ကြိုးစလေးကို လက်ညှိုးထိပ်ဖျားလေးနဲ့ ဖိပြီး တွန်းယူလိုက်ပါတယ်။

အေးအေးယု ကဲ အမူမဲ့အမှတ်မဲ့ လှမ်ကြည့်ပြီး စန္ဒာချို စကားဆီ အာရုံရောက်သွားပါတယ်။

"ဂျူးလီယက် က ကြိုးတစ်ချောင်းချပေးတယ် .."

"ဘာလဲ .. ကြိုးခုန်ဖို့လား .."



"ဟဲ့ .. အပေါ်ကိုတက်ဖို့ဟဲ့ .."

စန္ဒာချို စကားကြောင့် "မင်း" ပြုံးမိပါသည်။ အဲဒီမှာပဲ ကြိုးစလေး ဟိုဘက်ကို ပြန်ပါသွားပါတယ်။ အဲဒါကို သုံးယောက်လုံးမြင်ပါတယ်။ ဒါပေမယ့် စကားပြောမပြတ်သေး ..။ အေးအေးလှူလှူပဲ အပြာရောင်ကြိုးလေးကို ကြည့်မိသည်။ "မင်း" ခုနလိုပဲ ကြိုးလေးကို ပြန်ဆွဲလိုက်ပြန်ပါသည်။ ကြိုးလေးက ပြန်ပါလာပါတယ်။

"အဲဒီလိုနဲ့ ဂျူ .."

စန္ဒာချို စကားပြောရင်း အပြာရောင်ကြိုးလေးဆီ အာရုံရောက်သွားပြီး စကားစပြတ်သွားပါသည်။ ကြိုးလေးကိုကြည့်တော့ ကြိုးလေးက ဟိုဘက်ကို ပြန်ပါသွားပြန်သည်။

တစ်ဖက်မှာလဲ ချိုစိမ့် ဆိုတဲ့ ကျွန်တော် .. ကြိုးလေးကို လက်သည်းနဲ့ ကုပ်ပြီး ပြန်ဆွဲလိုက်ပြန်ပါသည်။

ပေါက်ကြီး က အပြာရောင်ကြိုးစလေးကို ကြည့်ရင်း သူ့ဇာတ်လမ်းကို ဆက်ပြောနေပြန်ပါသည်။

"အဲဒီအချိန်မှာ တွင်းထဲကို ကြိုးတစ်ချောင်း ကျ .. ကျ .."

ဒီကောင် သူ့စကားပေါ် အာရုံမရောက်တော့ ..။ ကြိုးစလေးဆီ အာရုံရောက်သွားပါသည်။ သုံးယောက်သား တစ်ယောက်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်ပြီး မတိုင်ပင်ဘဲ အပြာရောင်ကြိုးစလေးဆီ အာရုံ ရောက်သွားကြပါတယ်။

မိုးသံတွေလဲ တိတ်ဆိတ်သွားပါတယ်။ ဘာမှမဟုတ်တဲ့ ကြိုးပြာလေးဟာ လူနှစ်ယောက်ရဲ့ ဘဝကို ပတ်သက်ဖို့ စတင်ခဲ့မယ်ဆိုရင် အဲဒီ မတိုင်မီက ပြောရင် ချိုစိမ့် ယုံမှာ မဟုတ်ဘူး ..။

ကြိုးစလေးက ဟိုဘက်ဒီဘက်ပြေးနေပါတယ်။ ချိုစိမ့် ဟိုဘက်ကုပြန်ဆွဲတော့ ကြိုးလေးရဲ့ ထိပ်ဖျားကို လက်ညှိုးနဲ့ ထောက်ထားလိုက်ပါသည်။ ဒါပေမယ့် ဟိုဘက်က တင်း၊ ဒီဘက်က တင်းလိုက်တော့ အပြာရောင်ကြိုးလေးဟာ ပြတ်တောက်သွားသည်။

"ဟင်!..."

"ဟယ်!..."

ကြိုးလေး ပြတ်တောက်သွားတော့ နှစ်ဖက်စလုံး အာမေဋိတ်သံတွေ ထွက်လာသလို ဟိုဘက်ကလဲ ဝုန်းခနဲ ထရပ်၊ ချိုစိမ့် တို့ကလဲ ထရပ်တော့ "မင်း" ရုတ်တရက်ကြီး နီးနီးကပ်ကပ် မြင်လိုက်ရတဲ့ ချိုစိမ့် မျက်နှာကြောင့် လန့်ဖြန့်ကာ အော်မိပါသည်။

"အမေ့ .."

"ပလုပ်တုပ် .."



ဘွားခနဲပေါ်လာတဲ့ မျက်နှာတွေကြောင့် တစ်ယောက်ကိုတစ်ယောက် အိုးတိုးအမ်းတမ်းဖြစ်သွားပါသည်။ ပြီးတော့ ဘာကိစ္စပြောရမှန်းမသိ ..၊ ကိုယ့်ဘာသာကိုယ် အလုပ်ရှာပြီး ဆက်ဆက်ဆော့ဆော့ လုပ်ခဲ့တဲ့ ကိစ္စမို့ နှစ်ဖက်လုံး အူကြောင်ကြောင်နဲ့ ကိုယ့်ထိုင်ခုံမှာ ကိုယ် ပြန်ထိုင်လိုက်ကြပါတယ်။

ချိုစိမ့် ပြန်ထိုင်ပြီးမှ ပေါက်ကြီး နဲ့ မြတ်ဇော် ကို ကြည့်ပြီး သုံးယောက်သား တခွီးခွီးနဲ့ ကျိတ်ရယ်ကြပါသည်။

ဟိုဘက်က သုံးယောက်လဲ ကျွန်တော်တို့လိုပဲ ရယ်ကောင်းရယ်နိုင်ကြပါလိမ့်မယ် ..။ ဖြစ်စဉ်တွေက ရယ်စရာကောင်းသလို ရင်ခုန်စရာလဲ ကောင်းတာကို ..။

ကျွန်တော် လက်ဖဝါးလေးကို ဖြန့်ကြည့်မိပါသည်။ အပြာရောင် ကြိုးစအပိုင်းအပြတ်လေးက တည်တည်ငြိမ်ငြိမ်လေး လဲလျောင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်တော့ ရယ်စရာ အကောင်းသားနော် .."

"မင်း" ပြုံးစေ့စေ့နဲ့ တစ်ခုခု သတိရဟန်နဲ့ ပြောတော့ ဖုန်းတစ်လုံးကို ခေါင်းချင်းဆိုင်ပြီး တွတ်ထိုးနေတဲ့ ဟိုမိန်းမနှစ်ယောက်ထဲက စန္ဒာချို က ...

"နင်ကလဲ .. အရင်းမရှိ ဘာကိုလဲ .."

"မနေ့က ဖြစ်တဲ့ကိစ္စလေ .."

"သြော် .. နင့်ကို ကျိတ်ခိုက်နေတဲ့ နှစ်ချို့မြွေကြီး .."

"ဟဲ့ .."

အေးအေးယု လှမ်းမာန်တော့ စန္ဒာချို ရယ်ကျဲကျဲနဲ့ ...

"မှားသွားလို့ပါဟာ .. နှစ်ချို့ကျောင်းသားကြီး ကိုမှတ်ကြီး ရည်းစားစကားလိုက်ပြောတဲ့ကိစ္စလား .."



စန္ဒာချို စကားကြောင့် "မင်း" စိတ်ပျက်လက်ပျက်နဲ့ ...

"ဟာ .. မဟုတ်ပါဘူးဟာ .. တော် တော် .. သူ့ကိုယ်သူ မိုးဇော်လိုလို ဗိသိုဗင် လိုလို ထင်နေတဲ့ လူကြီး .."

"မင်း" စကားကြောင့် ရယ်ကြပြန်ပါသည်။ မင်းက ဆက်ပြောပါသည်။

"မနေ့က အပြာရောင်ကြိုးစလေး လေဟာ .."

"မင်း" စကားကြောင့် စန္ဒာချို တို့ မျက်ခုံးမြင့်တက်သွားပြီး ...

"မိန်းမ သိပ်သတိရနေတယ်ပေါ့ .."

"ဓဟုတ်ပါဘူးဟာ .. ပေါက်ပေါက်ရှာရှာ ဖြစ်ခဲ့တာကို တွေးတွေးပြီး ရယ်ချင်လို့ပါဟာ .."

"ဟုတ်ပါတယ် နင်တို့ကိုက ကြံကြံဖန်ဖန် အစဆွဲထုတ်ရတယ်လို့.."

အေးယု စကားကြောင့် 'မင်း' က စဉ်းစားရင်း ...

"သူတို့လဲ ဒီကိစ္စကို တွေးမိပြီး ရယ်နေကြမှာပဲနော် .."

စန္ဒာချို "မင်း" ကို မျက်စောင်းထိုး ပြုံးကြည့်ပြီး ...

"မိန်းမ သတိရနေတယ်ပေါ့ .."

"ကြိုးစလေးကိုလား .."

"ဟင့်အင်း .. ကြိုးစ ဆွဲထုတ်တဲ့သူကို ပြောတာ .."

"ဟာ .. ဘာလို့ သတိရ ရမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



အေးယု က ထပ်စနေပြန်ပါသည်။

"မပြောတတ်ဘူးလေ .. တချို့က အဲဒီ ကြိုးစ အပိုင်းအစလေးတို မြတ်မြတ်နိုးနိုးများ သိမ်းထားကြလားလို့ .."

မင်း .. ရှက်ကိုးရှက်ကန်းနဲ့ ...

"ဘာရယ်မဟုတ်ပါဘူးဟာ .. ဟို .."

စန္ဒာချို မိန်းမဆန်ဆန် တဟားဟား အော်ရယ်တော့ ရှေ့ခုံက ကျောင်းသားက လှည့်ပြန်လှမ်းကြည့်တော့ စန္ဒာချို က ...

"ဘာကြည့်တာလဲ .."

ကျောင်းသား ကုပ်ချောင်းချောင်းနဲ့ ရှေ့ကို ပြန်လှည့်သွားပါသည်။ ဒါတောင် စန္ဒာချို က ...

"ဝါ့ .. ဘာများမှတ်နေလဲ .. ကိုက်ပေါက်ပြီး ပစ်လိုက်လို့ ဟွန်း.."

အေးယု က စန္ဒာချို တွန်မြည်သံကြောင့် တဟီဟိ ...။

"ကဲပါ .. တစ်ခုခုသွားစားရအောင် .."

"ကောင်းတယ်ဟာ .. ထ .. ထ .. ဆရာ မဝင်ခင် .."

သူမတို့သုံးယောက် ကမန်းကတမ်း ထကာ ပြင်ဆင်ပြီး ကန်တင်းရှိရာဘက်သို့ ထွက်ခဲ့ပါသည်။



"ဒီလို ကိုဘွတ်ကြီး ရ .."

ကျွန်တော့် စကားကြောင့် ကိုဘိုကြီး မျက်နှာရှုံ့မဲ့သွားကာ ...

"လုပ်ပြန်ပြီကွာ .. ငါ့နာမည်က ဘိုကြီး ပါကွာ .. မင်းတို့လုပ်လို့တချို့က ဘုတ်ကြီး လို့ ခေါ်နေကြပြီလေ .. အခုလဲ လုပ်ပြန်ပြီ .."

ကျွန်တော်တို့နဲ့ အခု စကားပြောနေတဲ့လူတွေက ကျွန်တော် တို့ဘတ္တသိုလ်ရဲ့ အထင်ကရပုဂ္ဂိုလ်တွေပေါ့။

ဆရာကျိုး နဲ့ ဆရာဘုတ် လို့ ကျွန်တော်တို့ ကင်ပွန်းတပ်ထားကြပါတယ်။ ဓမ္မယျာနောင် နဲ့ သီဟသူ ဆိုတဲ့ နန်းဆန်တဲ့နာမည်တွေဟာ ဒီတက္ကသိုလ် ပရဝဏ်အတွင်းမှာတော့ ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြပါတယ်။ ဆယ်တန်းထဲက တစ်တန်းကို နှစ်နှစ်စနေသာကြတဲ့ သူတို့အသက်အရွယ်ကတော့ အခု နောက်သုံးနှစ်ဆိုတော့

www.burmeseclassic.com



ကွက်သာကြည့်ပေတော့ ..။ ကျောင်းလည်းဆွေး၊ လူလဲဆေးပုဂ္ဂိုလ်တွေပေါ့ ..၊ (တိုက်ဆွေး) တွေပေါ့။

ဒါပေမယ့် တစ်ခုထူးခြားတာက သူတို့နှစ်ယောက်က ဂီတကို အရူးအမူး ဝါသနာပါသလို ဂီတကို ဆည်းပူးချင်တဲ့ ဒီကျောင်းက ကျောင်းသားတွေအတွက်တော့ အိုကေပေါ့ ..။ ဆရာကျီး နဲ့ ဆရာဘုတ် က ဂီတာအတူတီးရင်း တွဲဘက်ညီသလို ဆရာကျီး နဲ့ ဆရာဘုတ် တို့က အဆို အတီး အရေးလဲ ကောင်းကြပါတယ်။ အခုလဲကြည့် .. ကွန်ဗို့က ရှေ့လှေကားထစ်တွေမှာ ဂစ်တာတစ်လုံးနဲ့ အလုပ်ရှုပ်နေကြစဉ် ကျွန်တော်တို့ ဝင်ထိုင်ပြီး တကူးတက အနှောက်အယှက်ပေးမိကြပါသည်။

"ဂီတ ဆိုတဲ့ အဓိပ္ပာယ်ကို မင်းတို့ မသိပါဘူးကွာ .. နော် - ဘုတ်ကြီး .."

"ဒါပေါ့ .. ငကျီး ရာ .. ဂီတဆိုတာ လူတွေအားလုံးအတွက် နားလည်ရအလွယ်ကူဆုံး ဘာသာစကားတစ်ခုပဲ .."

သူတို့နှစ်ယောက်ရဲ့ အပြန်အလှန် အပို့အပံ့စကားတွေကြောင့် ပေါက်ကြီး က ...

"ဘုတ် က ကျီး မြှောက်၊ ကျီး က ဘုတ် မြှောက်ဆိုတာ ဒါမျိုး



ဖြစ်မယ် .."

"ဘာကွ .."

ဆရာကျီး ဒေါသထွက်ဟန်နဲ့ပြောတော့ ပေါက်ကြီး က ရယ်ကျဲကျဲနဲ့ ...

"ဆရာဘုတ် တို့ ဆရာကျီး တို့က တော်ကြပါပေတယ်လို့ ပြောတာလေသွားသလို့ .."

"မင်းတို့ဘာသာ လော့ပဲ သွားသွား လာဒို သွားသွား လေယာဉ်စီးပဲ သွား ..၊ ငါတို့ ဂီတကို လာမထိမိုက်နဲ့ .."

ဆရာဘုတ် ကလဲ လက်ခံသည်။

"ဟုတ်တယ် .. ငါတို့ရဲ့ ငြိမ်းချမ်းတဲ့ကမ္ဘာထဲကို အကြမ်းဖက်သူတွေ ဝင်ရောက်လာသလို ခံစားရတယ် .. ငကျီး ရာ .."

"အေးကွာ .."

ကျွန်တော် စပ်ဖြဲဖြဲနဲ့ ...

"အလကား ချစ်လို့စတာပါဗျာ .."

"ချစ်လို့စရအောင် ငါတို့က ကလေးလဲမဟုတ်ဘူး .. ကဲ .. ကဲ - ထုတ်ထုတ် .."

ဆရာကျီး က စီးကရက်ကို ဂစ်တာထိပ်ဖားက ဖလက်ထဲ ကီး

www.burmeseclassic.com

www.burmeseclassic.com



နိုးနှိုးတဲ့နေရာမှာ ညှပ်လိုက်ရင်းပြောတော့ ဆရာဘုတ် က သူကျော
အိတ်ထဲက စာအုပ်ကိုထုတ်သည်။ သူတို့လဲ နောက်ထပ် အဖျက်သမား
လေ့ပ်ချင်တာနဲ့ ငြိမ်နေလိုက်ပါသည်။

ကြည်လင်သာယာတဲ့ ဂီတာ တို့ထိသံက စ, ကြားရပါသည်
ကျွန်တော် စာအုပ်ကို ကြည့်လိုက်တော့ စာသားမပါ ဂီတသင်္ကေ
တွေပဲ ရေးသားထားသည့် ခေါင်းစဉ်က "မင်း' ..။

ဆရာကျီး ရဲ့ နှုတ်ဖျားက သီချင်းသံ သဲ့သဲ့ကြားရပါသည်။

*"မင်း xx လိုချင်မက်မောမှုတွေရှိရင် xx ငါ့အလိုချင်ဆုံးဟာ
မင်း xx"*

အရင်တုန်းက ကိုမွန်းအောင် ရဲ့ ယု သီချင်းကို တစ်ယော
ယောက်ကို ရည်ညွှန်းတဲ့ စာသားတွေ အစီအရီ ထွက်ကျလာပါသည်

ဆရာကျီး ကလဲ အဆိုကောင်းဆိုတော့ သူတို့အားလုံး မျော
ငြိမ်သက်နေကြပါသည်။ ဆရာကျီး က သီချင်းဆိုရင် အလွမ်းသီ
ဆိုရင် မျက်ရည်ကျတတ်ပါသည်။

ဟော .. ဆရာကျီး မျက်ရည် စ,ကျပါသည်။ သီချင်းက
ကောင်းသလို အဆိုလဲ ကောင်းပါသည်။ သီချင်းဆုံးတော့ ...

"ရှုတ် .."



ဆရာကျီး က နှပ်ချေးညှစ်ပြီး အပြင်ကို ပက်လိုက်ကာ လက်
ကို ပုဆိုးနဲ့ သုတ်သည်။ မြတ်ဇော် က နှာခေါင်းရှုံ့ပြီး ...

"တော်တော် ညစ်ပတ်တဲ့လူဗျာ .."

မြတ်ဇော် စကားကြောင့် ဆရာဘုတ် က ရယ်ပြီး ...

"ဒီကောင် အကြောင်းလဲ သိရဲ့သားနဲ့ကွာ .. အလွမ်းသီချင်း
ဆိုရင် မျက်ရည်နဲ့ နှပ်ရည်က တပြိုင်ထဲကျတာ .."

"ဆရာကျီး .."

"ဆို .."

"ဒါ .. ဘယ်သူရေးတာလဲ .."

ဆရာကျီး က ဆရာဘုတ် ကို လှမ်းကြည့်ပြီး ပြုံးကြပါသည်။

"ဒီကောင်နဲ့ အတူတူပေါင်းရေးတာ .."

"ဪ .. ပေါင်းတည် မှာ ရေးတာကို .."

"ဟာကွာ .. ခွီး .. အတူတူနှစ်ယောက်ပေါင်းပြီး ရေးတာကို
ပြောတာ .."

ကျွန်တော် ရယ်ကျဲကျဲနဲ့ ...

"သိဘူးလေဗျာ .. ကျွန်တော့်ကို နုတ်စ်ရေးပေးပါလား သီချင်း
စာသားရော .."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. နောက်နေ့ ရေးပေးမယ် .."

"ဆရာကြီး .."

"ပြော .."

ဂစ်တာကို ဒင်ဒေါင်ဒင်ဒေါင်နဲ့ တီးရင်း ဆရာကြီး က လှမ်းပြော

တော့ ကျွန်တော်က တစ်ခုခုကို လေးနက်စွာ စဉ်းစားဟန်နဲ့ ...

"ဂီတမှာ ပါဖောင့်မန့် လိုလား .."

"အဲ .."

ဆရာကြီး စဉ်းစားပြီး လေးလေးနက်နက် တွေးကာ ...

"ဝါအထင်တော့ လိုတာပေါ့ကွာ .. ဟို .. သီချင်းဆိုရင်း ကနိုင်

နေတာမဟုတ်ဘူးနော် ...၊ ကိုယ့်မျက်နှာ လှတပတလေးဆိုဖို့မပြီး

စိတ်နှစ်နိုင်းတာ (Feeling) ခုန ငါမျက်ရည်ကျပြီး စိတ် (MIND) ထို

(DEVISE) လုပ်နိုင်းတာ .. မေ့ပြစ်လိုက်ပေါ့ကွာ .."

"ဒါဆို .. ဆရာကြီး က စိတ်ကို DEVISE လုပ်လို့မရဘူး .."

"ဘာဖြစ်လို့လဲ .. ငါ မျက်ရည်ကျတယ်လေ ..'

"မျက်ရည်တော့ ကျတာပေါ့ .. ဒါပေမယ့် လူက တောင့်တောင့်

ကြီး .."

ကျွန်တော် ဆရာဘုတ် ကို မျက်စိမှိတ်ပြလိုက်တော့ ဆရာဘုတ်



ာ ...

"ဟုတ်တယ် ကြီး .. မင်းကို ငါပြောပြောနေတာ ငါ့ထက်

မင်းက ဂီတအပေါ် ပိုရှူးတယ် ...၊ ဒါပေမယ့် ချူစိမ့် ပြောသလိုပဲ

တောင့်နေတယ် .."

"ဘာလဲကွ .."

"စိတ် .. စိတ်ကိုပြောတာ .."

"အဲလိုပြောပါကွာ .. ဟူး .."

ဆရာကြီး က သက်ပြင်းချတော့ ကျွန်တော်က ...

"ဆရာကြီး .. တစ်ပုဒ်လောက် စမ်းသပ်ကြည့်ရအောင်ဗျာ ..

ဒီအာ့ တောင့်မထားနဲ့ စိတ်ကိုလွှတ်ပြီး ဆိုကြည့် .."

"အေး .. ဟုတ်တယ် စမ်းကြည့်ရအောင် ကြီး .."

"ဟုတ်တယ် ဆရာကြီး .."

အားလုံးက ဝိုင်းမြှောက်ပေးကြတော့ ဆရာကြီး ဆိုတဲ့ အနက်

ရောင် အသားရည်နဲ့ ဆရာကြီး က ...

"ရကွာ .. ဘာသီချင်းဆိုမလဲ .."

ဆရာဘုတ် က စဉ်းစားပြီး ...

"အင်း .. ဘာသီချင်းဆိုရမလဲဆိုတော့ ပိုကြေကြေကွဲကွဲ နင့်နင့်

www.burmeseclassic.com

www.burmeseclassic.com



သီးသီး ဖြစ်သွားရအောင် ကိုမျိုးကြီး ရဲ့ အဆိပ်ခွက် ..."

"ရိုက် .. ကောင်းတယ် ဆရာဘုတ် .."

ပေါက်ကြီး ရဲ့ မြောက်ပင့်စကားကြောင့် ဆရာဘုတ် က ဂစ်တာ ကောက်ကိုင်သလို ဆရာကျိုး ကလဲ ဂစ်တာကောက်ကိုင်ကာ အသင့်ဖြစ်ပြီးသား ..။

သီချင်း အင်ထရိုက စတင်ကြားရပါသည်။ ဆရာကျိုး ရဲ့ လှိုက်မောဖွယ်တေးသံက ပျံ့လွင့်လာပါသည်။ ဆရာကျိုး က မျက်လုံးကို မဖွင့်ဘဲ သီချင်းထဲမှာ ရှာနှံသွင်းပြီး ဆိုသည်။

"နာကျင်စရာများနဲ့ xx"

ဆရာကျိုး ရဲ့ မျက်လုံးထဲက မျက်ရည်ပေါက်တွေ ဘူးသီးလုံးလောက် ကျလာပါသည်။ ဆိုရင်း အားပါသွားသည်လားမသိ .. ဂစ်တာကို မျက်လုံးမဖွင့်ဘဲ ကျွန်တော့်ကို ပေးတော့ အမြန်လှမ်းယူလိုက်ပါသည်။

ဆရာကျိုး မျက်ရည်လည်ရွဲနဲ့ မြေပေါ် ဒူးထောက်ကာ ပက်လက်အိပ်ချလိုက်ပါသည်။ သီချင်းကလည်း တန်ပိုအမြင့်ဆုံး ..၊ လူကလဲ မြေပေါ် လူးလိမ့်နေပါသည်။ နောက်ဆုံးတော့ သီချင်းပြီးဆုံးသွားတယ်။ ဆရာကျိုး မျက်လုံးလဲ ဖွင့်ကြည့်ရော သူ့ဘေးပတ်လည်မှာ



ကျောင်းသား၊ ကျောင်းသူတွေ တအုံ့တသြနဲ့ ဝိုင်းနေပါသည်။ ပြီးတော့ သူ သိပ်စွဲလမ်းလွမ်းခဲ့ရတဲ့ သီချင်းအမည်ပိုင်ရှင်လေး "မင်း" ..။ နာမည်အပြည့်အစုံက "မင်းနေရီ" ..။

နောက်တော့ လက်ခုပ်သံတွေကြားရပါသည်။ ဆရာကျိုး ရဲ့ မည်းနေတဲ့ မျက်နှာကြီး နီရဲလာကာ ...

"ချိုစိမ့် .. မင်း ငါ့နောက်ကျောကို ဘာနဲ့ထိုးတာလား .. မင်း ..မင်း .."

ချိုစိမ့် ရယ်ကျဲကျဲနဲ့ ...

"အစ်ကိုကျိုး ရဲ့ MIND ကို DEVISE လုပ်ပေးတာလေ .. ဟို .. လွန်ကဲတဲ့ Feelign .."

"ဘာ .. ဗီလင်လဲ .. မင်း သေပေတော့ .."

ဆရာကျိုး ဂစ်တာဆွဲပြီး နောက်ကလိုက်တော့ ချိုစိမ့် သူ့ဘော်ဒါတွေကိုအော်ပြီး ထပြေးပါတော့သည်။

"နောက်က လိုက်ခဲ့ကြပေတော့ သူငယ်ချင်းတို့ရေ .."

ကျောင်းသားကျောင်းသူတွေရဲ့ ရယ်သံကြောင့် ဆရာကျိုး ပိုလို့ ဒေါသထွက်လာပါတော့သည်။

www.burmeseclassic.com



အရှုးအမူးနိဒါန်းနဲ့

ပါလွှမ်းအောင် ပွင့်လိုက်တာလား ပန်းကလေးရယ်..

သေရှာမယ့် အရွှံ့ဆိုရင်လဲ ..

ဒါ အလွှမ်းတွေထဲမှာ နွားလို ရုန်းရဦးမှာပေါ့ ..။



လက်ကျန်ပွင့်နေတဲ့ ဆောင်းရာသီ နောက်ဆုံးရက်တွေမှာ ဒီ ကောင်လေးက ကျွန်မ ရင်ထဲကို အလိုလိုရောက်လာခဲ့ပါတယ်။

ရယ်မောပျော်ရွှင်မှုတွေနဲ့ ရင်မော အမှတ်ရစေမယ့် ပုံရိပ်တွေ ဆို "ချိစိမ့်" ဆိုတဲ့ ကောင်လေး ကောင်းကောင်းသယ်ယူလာခဲ့တာ ကျွန်မ ရိပ်မိနေပါတယ်။

"နာမည်ကလဲ ချိစိမ့် တဲ့ .. ဘယ်လိုနာမည်ကြီးလဲ .."

မင်း ဖြူးမိကာ နှာခေါင်းရှုံ့ ပြောတော့ အေးယု က ...

"နင့်နာမည်လိုပေါ့ဟဲ့ .."

"အံမယ် .. ငါ့နာမည်က ဘာဖြစ်နေလို့လဲ .."

မင်း ရဲ့ စကားကြောင့် စန္ဒာချို က အခုလိုပြောပါသည်။

"မင်းနေရီ နင့်နာမည်ရှေ့ဆုံး နာမည် 'မင်း' က လောကကြီး တော်တော်များပဲ မှည့်တတ်ကြတာ မင်းရဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



မင်း စန္ဒာချို စကားကြောင့် ရယ်ကာ ...

"မဟုတ်ပါဘူးဟာ .. ငါ့ကို အားလုံးက မင်း လို့ခေါ်တာ ထား တော့ .. သူ့နာမည်က ကြားရတာနဲ့တင် လက်ဖက်ရည်သောက်ချင် လာပြီ .."

"ဩော် .. နင်က ကြိုက်တယ်ပေါ့ .."

"မိန်းမနော် .. ဘာစကားလဲ .."

"ဟိ .. ဟိ .. ရည်းစားစကား ..၊ ငါပြောတာ နင်က လက်ဖက်ရည် ကြိုက်တယ်လေ .."

"အဲဒါ ဘာဖြစ်လဲ .."

"သူ့အဖေလဲ လက်ဖက်ရည်ကြိုက်လို့ ဒီနာမည်ကိုပေးထားတာ နေမှာပေါ့ .."

စန္ဒာချို စကားကို လျောချမှန်းသိပါသည်။

"ချိုစိမ့် တို့က ဘာမျိုးလဲ .."

"မြန်မာစာလေ .."

"မိန်းမ နင်က ဘယ်လိုသိလဲ .."

အေးယု က စန္ဒာချို ကို အခုလိုမေးတော့ စန္ဒာချို က ရှင်းပြပါ သည်။

"ငါ့ညီမ တစ်ဝမ်းကွဲ နွယ်နွယ် ကို သိလား .."

"ဩော် .. ပထဝီ မေဂျာကလား .. ငါတို့တောင် သူ့ဆီသွားသေး



တယ်လေ .."

အေးယု စကားကြောင့် စန္ဒာချို က ခေါင်းညိတ်ပြီး ...

"အေး .. နွယ်နွယ် တို့နဲ့ ချိုစိမ့် တို့က သူငယ်ချင်းတွေ ..၊ ချိုစိမ့် က ရန်ကုန်ဇာတိ မဟုတ်ဘူး .. ကျောက်ပန်းတောင်း မှာနေတာ.."

"ရန်ကုန်ကို တကူးတကဟယ် .."

"အင်း .. ဒီကောင်က အဆောင်မှာနေတာလေ .. အပေါင်း အသင်းများတယ် .."

"သူတို့အုပ်စုက ပျော်ဖို့တော့ ကောင်းတယ်နော် .."

မင်း ရဲ့ စကားကြောင့် စန္ဒာချို က ပြုံးစေ့စေ့နဲ့ ...

"နင် ခင်ချင်လို့လား .."

စန္ဒာချို စကားကြောင့် မင်း ရှက်ပြုံးနဲ့ ...

"ဟာ .. အသလွတ်ကြီးတော့ မိတ်မဆက်ချင်ပါဘူးဟာ .. ရှက် စရာကြီး .."

"အေးပါ .. ငါ ကြံဖန်ပြီး ရင်းနှီးအောင် လုပ်ပြပါမယ်ဟ .."

စန္ဒာချို စကားကြောင့် သူမ ခေါင်းငုံ့ကာ နှုတ်ခမ်းကိုက်ရင်း ပြုံးနေမိပါသည်။ ပြီးတော့ ပြုံးရိနေတဲ့ ကောင်လေးတစ်ယောက်ရဲ့ ပုံရိပ်က အာရုံထဲကို တိုးဝင်လာပါသည်။ ချိုစိမ့် ဆိုတဲ့အတိုင်း ဘာ ကယ့်ကို ချိုချိုစိမ့်စိမ့် ကောင်းတာပါပဲလို့ ရင်ထဲက မှတ်ချက်ချမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲခြင်းတွေက နှလုံးသားကို လှုပ်နှိုးဖို့ စထင်အချိန်ကျ ပြီထင်ပါရဲ့ ..။ စံပယ်လို အငုံအဖူးလေးလို ကိုယ့်ရဲ့ အချစ်စိတ်က ပွင့်ချပ်တွေ တဖြည်းဖြည်း ပွင့်အာပြဖို့ ကြိုးစားချင်နေပြီလေ ..။

မာန်လုပ်ပြီး ဖျတ်ခနဲ အချစ်တွေ ပွင့်လင်းပြလိုက်တာ မဟုတ်ပေမယ့် ကိုယ့်လက်ဖဝါးပေါ် ကြိုးစအပိုင်းအစလေးကိုကြည့်ပြီး ရင်ထဲမှာ နင့်ခနဲနေအောင် ချစ်မိလိုက်တာ မင်း ရယ် ..။

ချိုစိမ့် .. နံရံမှာ ကပ်ထောင်ထားတဲ့ ဂစ်တာကို ကောက်ကိုင်မိသည်။ ဘာရယ်မဟုတ်ဘဲ တို့ထိကစားနေရင်းက ဆရာကျိုး ဆရာဘုတ် တို့ရဲ့ "မင်း" ဆိုတဲ့ သီချင်းလေးကို သီဆိုမိသည်။

မျက်လုံးကိုမှိတ်ပြီး သီချင်းဆို၊ ဂစ်တာတီးပြီး သီချင်းဆုံးတော့—

"ရောဂါက အရှိန်မြင့်နေပြီပဲ .."



ကျွန်တော် ကမန်းကတမ်း မျက်လုံးဖွင့်ကြည့်တော့ ပေါက်နယ်က တဆောင်တည်း တစ်ခန်းထဲနေ သူငယ်ချင်း ပေါက်ကြီး ..။

"ငါ့သူငယ်ချင်း အိမ်ယောင်ဝါးမြို့စားကြီးကတော့ ကြိုးစတစ်ခုရဲ့ အချုပ်အနှောင်ကို ခံလိုက်ရပြီထင်တယ် .."

"ဒါတော့ .. ဒါပေါ့ .. ပေါက်တီးပေါက်ချာဝန်မင်းရယ် .."

ပေါက်ကြီး က စားပွဲပေါ်က ဆေးပေါ့လိပ်ကို လှမ်းယူကာ ဖင်ဆီခံကို စားပွဲနဲ့ ရိုက်ရင်း ...

"ဟေ့ကောင် ချိုစိမ့် .. အလွမ်းအဆွေးတွေ ခဏထားဦး .. င်းအိမ်က ပိုက်ဆံရောက်လာပြီလား .."

ချိုစိမ့် မျက်နှာရှုံ့မဲ့ပြီး ...

"နိုး .."

"ဟေ့ကောင် ပိုက်ဆံအကြောင်းပြောနေတာ .. မင်းက အရေးထဲ နှိုသောက်ချင်နေသေးတယ် .."

"ဟာကွာ .. နိုးလို့ပြောတာ N ရယ် O ရယ် မရှိဘူးလို့ပြောတာ.."

"သြော် .. N ရယ် O ရယ်က မရှိဘူးပေါ့ ..၊ မင်း အင်္ဂလိပ်စ တော် တိုးတက်လာပြီပဲ .."

ချိုစိမ့် ဒီကောင်ကို လှမ်းကန်ပြီး ဂစ်တာကို ခုန နေရာမှာ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထားကာ ...

"မင်းမှာရော .. ဘယ်လောက်ရှိလဲ ပေါက်ကြီး .."

ပေါက်ကြီး ချိုစိမ့် စကားကြောင့် စဉ်းစားဟန်ပြုကာ လက်ညှိုး ထောင်ရင်း ...

"အင်း .. ဟို .. ငါး .. ငါး .."

"ငါးသောင်းလား .."

ပေါက်ကြီး ခေါင်းခါတော့ ...

"ဪ .. ငါးထောင်လား .. အဲဒါဆို အိုကေပေါ့ .."

"ဘယ်ကလာ .. ငါးရာ .. ငါးရာတောင် မပြည့်ဘူး .. လေးရာ ငါးဆယ် .."

"ဟာ .. မင်းဟာက ကျောင်းရောက်ရင် နှစ်ယောက်ပေါင်း လက်ဖက်ရည်တစ်ခွက်နဲ့ ဆေးပေါ့လိပ်ဖိုးပဲ ရမယ် .."

"ချိုစိမ့် ရာ လူကြံရင် ထရံတောင် အီးကုန်းလို့ရသေးတာပဲ .."

"ထွီး .. ရွံ့စရာကွာ .."

"ရွံ့မနေနဲ့ ထ .. ကျောင်းသွားရအောင် အဲဒီမှာ ပိုက်ဆံချေး လို့ရမယ့် လူကို လိုက်ရှာရမယ် .."

"အိုကေ .. သူငယ်ချင်း .."



"ရေချိုးမနေနဲ့ ပြန်လာမှ ချိုးမယ် .."

"ရေချိုးလဲ ရေမှ မရှိတာ ပေါက်ကြီး ရယ် .."

"ဒါက ထုံးစံဖြစ်နေပြီ ချိုစိမ့် ရာ .. လုပ်မနေနဲ့ ပြန်လာမှ ချိုး မယ် .. သွားမယ် .. သွားမယ် .. ထ .."

နှစ်ယောက်သား ကမန်းကတမ်း အဝတ်အစားလဲပြီး လွယ်အိတ် လွယ်ကာ ထွက်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မျက်**လုံးထဲမှာ ဖျတ်ခနဲ လင်းသွားသလိုပါပဲ ..။

"ချိုစိမ့် .."

"ပေါက်ကြီး .."

"မြင်လား .. မြင်လား .. ရထား ဖြစ်တယ် ဒါပဲ .."

"တွေ့တယ် .. ဆက်လုပ် .."

သူတို့ ကော်ရစ်တာ ထောင့်ချိုးအကွယ်က ဘယ်သူ ကျကျနန်း မှန်းမသိတဲ့ ပိုက်ဆံတစ်ထောင်ကို ရုတ်ချည်းတွေ့လိုက်တာကြောင့် ဝမ်းသာသွားပါသည်။ ပိုက်ဆံချေးမယ့် လူကို မတွေ့ခင် ဒါမှမဟုတ် မြတ်ဇော် တို့ ဆရာကျိုး တို့ မလာခင်စပ်ကြား ဝမ်းမီးတောက်လောင် နေတဲ့ ဝမ်းဗိုက်ကို အစာဖြည့်ရမယ်လေ ..။ ချိုစိမ့် နဲ့ ပေါက်ကြီး ကမန်းကတမ်း ပြေးသွားပါသည်။ ချိုစိမ့် က ရှေ့မှာမို့ အရင်ဆုံး



သုံးအကောက် ...

"ခွပ် .."

"အား .."

ကုန်းအကောက်မှာ သူလိုပဲ တစ်ယောက် ကောက်လိုက်တာ ကြောင့် ခေါင်းချင်းတိုက်မိကာ နှစ်ယောက်လုံး လဲကျသွားပါသည်။ ပေါက်ကြီးက ကမန်းကတမ်း လှမ်းကောက်လိုက်ပါသည်။

ပူထူသွားတဲ့ ခေါင်းကို ပွတ်ရင်း တိုက်မိတဲ့လူကိုကြည့်တော့...

"ဟာင် .. မင်း .."

"ရှင် .. ချိုစိမ့် .."

ပေါက်ကြီး နဲ့ မင်း ရဲ့ သူငယ်ချင်းက ငွေတစ်ထောင်ပြုံသနာကို ငြင်းခုံနေကြပါသည်။

"ပေး .. ပေး .. ကျွန်မတို့ အရင်ဦးတာ .."

"အရင်ဦးတာမဆိုင်ဘူး .. အရင်ဆုံးကောက်ရတဲ့သူက ပိုင်ရှင် ပဲ .."

မင်းက သူမ ခေါင်းကို ပွတ်ရင်း ...

"အို .. ဟို .. မင်း လဲ .. ပိုက်ဆံလှမ်းတွေ့လိုက်တာနဲ့ ပြေး ကောက်မိတာ တောင်းပန်ပါတယ်နော် .."

www.burmeseclassic.com

www.burmeseclassic.com



မင်း ရဲ့ သူငယ်ချင်းနောက်တစ်ယောက်က ပြုံးစေ့စေ့နဲ့ ...

"နင်တို့နှစ်ယောက်ရဲ့ ကံက တိုက်ပဲတိုက်ဆိုင်လွန်းတယ် - အကြောကြွေး သေလို့ ဝင်စားသလားမသိဘူး ...၊ ကံ့ က အ တူတူ နေတာ .."

"စန္ဒာချို ရယ် .. နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက် နဲ့ တင်စားစမ်းပါဟယ် .."

"တင်စားရအောင် ကျွန်တော်တို့က နတ်မှ မဟုတ်တာ .."

ချိုစိမ့် ရဲ့ အပြောင်အနောက် စကားကြောင့် မင်း တို့က ကြသည်။ စန္ဒာချို က ...

"ကဲ .. ကဲ .. မိတ်ဖြစ်ဆွေဖြစ်တဲ့ ရှင်တို့က ပိုက်ဆံကောင်း တာဆိုတော့ ရှင်တို့က လက်ဖက်ရည်တိုက် ..၊ မင်း က ချိုစိမ့် ကြ တယ် .."

"ဟဲ့ .."

စန္ဒာချို ကို မင်း က ရှက်ရှက်နဲ့ ဆွဲဆိတ်တော့ စန္ဒာချို ယောင်ပြီး အော်သည်။ နောက်မှ စန္ဒာချို က ...

"သြော် .. လက်ဖက်ရည် ချိုစိမ့် ပြောတာပါဟဲ့ .."

ချိုစိမ့် နဲ့ ပေါက်ကြီး တစ်ယောက်ကို တစ်ယောက်ကြည့်



ပြီးပြီးနဲ့ ရယ်ကြရင်း ...

"အဆောင်က လာကတည်းက တွေးလာတာ .."

"ဘာကိုလဲရှင့် .."

အေးယှ အမေးကြောင့် ပေါက်ကြီး က ...

"နှစ်ယောက်လုံး အိမ်က ပိုက်ဆံမပို့သေးလို့ ဘယ်သူ့ဆီက ဆံချေးရမလဲလို့ စဉ်းစားလာတာ .. ကံကောင်းချင်တော့ ဖြုန်းဆို ငွေတစ်ထောင်ကို လှမ်းမြင်လိုက်လို့ ပြေးကောက်တာ .. ဒီငွေတစ် ထောင်နဲ့ ခင်ဗျားတို့ကို လက်ဖက်ရည်တိုက်လို့ လောက်ပါ့မလား .."

မင်း သနားလဲ သနားသွားမိကာ ...

"ကဲပါ .. မင်း တိုက်ပါ့မယ် .. ပိုက်ဆံလဲ ချေးလိုက်ပါမယ် ...၊ ထောင်ပြေမလား .."

ပေါက်ကြီး ဝမ်းသာအားရနဲ့ ...

"ချိုစိမ့် ရေ .. ငါတို့ မထိမေလာနဲ့ လာတွေ့နေပြီဟေ့ .."

"ကဲ .. သွားရအောင် .."

မင်း စကားကြောင့် တစ်အုပ်စုကြီး ကန်တင်းကို ချီတက်လာ ကြောင့် ပေါက်ကြီး က ရုတ်တရက် ..။

"ဟာ .. ဟိုမှာ ငွေတစ်ထောင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ .."

စန္ဒာချို က ပုပုသလဲလဲမေးတော့ပေါက်ကြီး က တဟားဟား ရယ်ပါ တော့သည်။ စန္ဒာချို က ရှက်ရှက်နဲ့ ပေါက်ကြီးကျောကို ထုပါတော့သည်။

ဆိုင်ရောက်တော့ မှာကြ၊ စားကြ သောက်ကြပေါ့ ..။ အချိန် တော်တော်ကြာလာတော့ နှစ်ပေါင်းကြာလာတဲ့ သူငယ်ချင်းအရင်းတွေ လို ရင်းနှီးခင်မင်တွယ်တာလာကြပါတယ်။

နောင်တော့ ပထမဦးဆုံး ကျောင်းကို ရောက်လာတတ်သူက ချိုစိမ့် ပေါ့ ..။ အရင်ဦးဆုံး မင်း ကြိုက်တတ်တဲ့ ချိုစိမ့် တစ်ခွက်နဲ့ မင်း လာမယ့် လမ်းကို မျှော်တတ်နေပါပြီ ..။

သူငယ်ချင်းတွေ စနောက်တတ်ကြတဲ့အခါ သူငယ်ချင်းလေး ပါပဲလို့ သီချင်းစာကြောင်းလေးနဲ့ ပြန်လည်စုစ် ချေပတတ်လာ တယ်။ ဘယ်လိုမှ မပြောတဲ့ တစ်ဦးရဲ့ ရင်ထဲက စကားကို တစ်ဦးက သိလာကြတဲ့ အဆင့်ထိပေါ့ ..။

ဒါပေမယ့် ကိုယ်ဖွင့် မပြောခဲ့တာ အခြေအနေ အကြောင်းကြော ပေါ့ မင်း ရယ် ..။



ဒီနေ့က နှင်းတွေတော်တော်ကျသည်။ နေကို ကောင်း ကောင်း မမြင်ရ ..၊ ကန်တင်းထဲဝင်တော့ ဆိုင်ရှင်က ...

"စောလှချည်လား .. ချိုစိမ့် .. ဒါနဲ့ မင်းဘော်ဒါ ပေါက်ကြီး ပေါ်သေးဘူးလား .."

ကျွန်တော် ချမ်းချမ်းနဲ့ ကောင်တာက စီးကရက်ဗူးယူကာ တစ် လိပ်ထုတ်သောက်ရင်း ...

"ပေါက်ကြီး က အိပ်ရေးကောင်းတုန်းလေ .. ကျွန်တော်လဲ ဆက် အိပ်လို့မရတာနဲ့ တစ်ယောက်ထဲ ထွက်လာတာ .. လုပ်ဗျာ .. တစ်ခွက် လောက် .."

"ချိုစိမ့် အတွက် .. ချိုကျ တစ်ခွက်ပေါ့ .."

ဆိုင်ရှင်အော်သံကြောင့် ဘေးဝိုင်းက ကျောင်းသားက ကျွန်တော့်

www.burmeseclassic.com



ကို အံ့ဩတုန်းဆန်းသလို လှမ်းကြည့်ပါသည်။

"ဒါနဲ့ မင်းမှာ ညီအစ်ကိုမောင်နှမတွေ ရှိလား .."

"ရှိတယ် .. အစ်ကိုတစ်ယောက် .. ညီမတစ်ယောက် ဘာလုပ်ဖို့လဲ .."

ဆိုင်ရှင်က စုံထောက်ဦးစံရှား ဟန်နဲ့ ...

"သေချာပြီ .. မင်းအစ်ကိုက ချိုကျ ဖြစ်ပြီး .. မင်းညီမက ချိုစိမ့် ဖြစ်မယ် .."

"သိပ်မှန်တာပေါ့ ဦးလေးရာ .. ကျွန်တော့် အစ်ကိုနာမည်က တင်အေး .. အားလုံးကတော့ ထညပ် လို့ပဲ ခေါ်ကြတာ ..၊ ကျွန်တော့် ညီမ နာမည်ကျတော့ ခင်ခင်လှိုင် တဲ့ .. သူ့ကိုတော့ မလိုင် လို့ခေါ်ကြတယ် .."

"သေစမ်း .. လွဲပဟာ .."

ဆိုင်ရှင် သူ့နဖူးသူ ရိုက်ကာပြောတော့ ကျွန်တော် ရယ်ပြီး ဆိုင်အဝင်ဝက စားပွဲမှာ နေရာယူလိုက်ပါသည်။

ပြီးတော့ အေးအေးချမ်းချမ်း ဖြည်းဖြည်းလေး ပြိုကျလာတဲ့ နှင်းတွေရယ် .. ဆေးလိပ်တစ်လိပ် .. လက်ဖက်ရည်တစ်ခွက်နဲ့ မျှော်လင့်ချက်ထားရာလမ်းကလေးကို ငေးကြည့်မိပါသည်။



မျှော်လင့်ချက်ဆိုတာ ရင်မောရတဲ့ ဝေဒနာဆိုတာ ကျွန်တော် အခုမှ သိလာပါတယ်။

"ဟော .."

အိပ်မက် တွေကို ထုတ်ပိုးသိမ်းဆည်းထားတဲ့ မှန်ဝါးဝါးအရိပ်လေးကို ကျွန်တော် မြင်လိုက်ပါသည်။

"ချာတိတ်ရေ .."

"လာပြီ ကိုချိုစိမ့် .."

စားပွဲထိုးလေး အနားရောက်လာပါတယ် ..။

"လက်ဖက်ရည် ချိုစိမ့်တစ်ခွက် .. နန်းကြီးသုပ်တစ်ပွဲ .. မြန်မြန်လေးနော် .."

"ဟုတ် .."

စားပွဲထိုးလေး လှစ်ခနဲ ပျောက်ကွယ်သွားပါတယ်။ ကျွန်တော် မျှော်လင့်ထားတဲ့ အရိပ်ကလေး ပိုပီပြင်လာပါသည်။

သူမက ကျွန်တော့်ကိုမြင်တော့ အံ့ဩဟန်တော့မပြ ပြုံးပြပါသည်။

"စောလှချည်လား ချိုစိမ့် .."

သူမက ဝင်ထိုင်ရင်း အခုလိုပြောတော့ ကျွန်တော်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. နင်ကျတော့ရော .."

သူမက စားပွဲထိုးလေး လာချပေးတဲ့ လက်ဖက်ရည်နဲ့ နန်းကြီးသုပ်ကြောင့် ...

"နင်မှာထားတာလား .."

"အေး .. နင့်ကို အဝေးကမြင်ကတည်းက မှာထားတာ .. ပြောပါဦး .. နင်ကျတော့ စောစောစီးစီး ကျောင်းကို ဘာလို့လာတာလဲ.."

သူမက နှာခေါင်းရှုံ့ပြရင်း ...

"ငါ့ကို မျှော်နေတဲ့သူ ရှိတယ်လို့ အိပ်မက်အရ ငါ စောစော လာခဲ့တာပေါ့ .. နင်ကရော .."

"ငါက နင်လာမယ် ထင်လို့ ကြိုရောက်နေတာ .."

ကျွန်တော့် စကားကြောင့် သူမက မျက်စောင်းလှလှဆူချရင်း ပြုံးပါသည်။

အဲဒီလိုပါပဲ အချစ်စကားမဆိုဘဲ ချစ်ခြင်းမေတ္တာတရားကို သိနေကြပါသည်။



"ဟေ့ကောင် .. ဟိုမှာ နို .."

"ကျိုးကန်းပါကွာ .."

"အေးပါကွာ .. အကောင်က ဆင်နေတာဘဲ .. အဲမယ် ဆရာကျိုးက ရည်းစားစကား လိုက်ပြောနေတာထင်တယ် ..၊ ဟိုက် မင်းရဲ့ 'မင်း' ကို လိုက်စကားပြောနေတာကွ .. ချိုစိမ့် .."

မြတ်စော် ပြောမှ ကျွန်တော် သေသေချာချာကြည့်တော့ ဆရာကျိုး လိုက်စကားပြောနေတဲ့ ကျောင်းမလေးက "မင်း" ဖြစ်နေမှန်းသိလိုက်ရပါတယ်။ ကျွန်တော် ရယ်ချင်ချင်နဲ့ ...

"အနောက်က မသိမသာ လိုက်ချောင်းရအောင်ကွာ .."

"အေး ကောင်းတယ် .. လာ မြန်မြန် .."

ကျွန်တော်တို့ သုံးယောက် ခပ်သုတ်သုတ်လေးလျှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်ကနေ မသိမသာ နားစွင့်နားထောင်မိကြပါသည်။

"မင်း ရယ် .. ကိုကြီး လို ခပ်မွဲမွဲကောင်မို့ .."

"ဘာရယ် .. ခပ်မည်းမည်းကောင် ဟုတ်လား .. ဟုတ်မှာပေါ့ ကျီးကန်း က မည်းတာပဲ .."

"ဟာကွာ .. 'မင်းလေး' ကလဲ .."

ကျွန်တော်တို့ ကျိတ်ရယ်မိကြပါသည်။ ခေါ်ပုံက နတ်နာမည်မို့လို့ ဝို၍ ရယ်ချင်မိပါသည်။

"ကိုကြီး အသားက မည်းပေမယ့် နှလုံးသားက ဖြူပါတယ် ကွာ .."

"ရောဂါကြောင့် ဖြစ်မယ်ထင်တယ် .."

"ဟုတ်တယ် .. ဟာ မဟုတ်ပါဘူး ကိုကြီး က တင်စားတာ .."

"ဟုတ်မှာပေါ့ .. ကျီးကန်း တွေရဲ့ သဘာဝပဲဟာ .. လစ်ရင် သုတ်မယ် .. ပြီးရင် ထိုးဆိတ်စားမယ် .. ချီပြီး အမြင့်တစ်ခုခုမှာ တင်ထားမယ် .. ဒါပဲလေ .."

ဆရာကြီး ခေါင်းတဖြင်းဖြင်းကုပ်ပါသည်။ မင်း က ဆက်ပြောပြန်ပါသည်။

"ဒီမှာ ကိုကြီး .."



"ပြောလေ .. မင်းလေး .."

"ရှင်က ကျွန်မကို ကျီးထိုးထိုး ခွေးစားစားဆိုတဲ့သဘောနဲ့ လာ စကားပြောနေတာလား .."

"မင်း ရဲ့ ဒီပြင်စကားပုံမရှိဘူးလားဟင် .."

"အဲဒါတော့ မသိဘူး .. ဒီမှာ ကိုကြီး .."

"နားစွင့်လျက်ကြောင်းပါ .."

"ကျီးတို့ရဲ့မာယာ လာမလုပ်နဲ့ .."

'ဟုတ်ကဲ့ .."

"ကျီးလိုပဲ တအာအာ အော်မနေနဲ့ .."

"ဟုတ်ကဲ့ .."

"ကျီးကန်းကိုးသောင်း ပုံပြင်လိုပေါ့ .."

"ဟသာကိုးသောင်းပုံပြင် မဟုတ်ဘူးလား .."

"ဟသာမှ ကျွန်မ မမြင်ဘူးတာ .."

မင်း ရဲ့ စကားကြောင့် ကျွန်တော်တို့ နောက်က တခွီးခွီးရယ်ကြတော့ မင်း နဲ့ ဆရာကြီး လှည့်ကြည့်ပါသည်။

"လာစမ်းပါဦးကွာ .. ငါ့ကို ကူညီပါဦး .."

မင်း က ကျွန်တော့်ကို မကျေမနပ်နဲ့ ကြည့်ပါသည်။ ပေါက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



က ခပ်တည်တည်နဲ့ ...

"ဆရာကျိုး ဘာလုပ်နေတာလဲ .."

ဆရာကျိုး ကလဲ ...

"ချစ်ခွန်းသီနေတာလေ .."

မင်း က မှုန်တေတေနဲ့ ကျွန်တော့်ကိုကြည့်နေဆဲ ပေါက်ကြီး က ပြောပြန်သည်။

"ဘာစကားနဲ့ ပြောတာလဲ .."

ဆရာကျိုး က ရွှတင်တင်နဲ့ ...

"လူပဲကွ .. လူစကားပြောတာပေါ့ကွ .."

"မသိဘူးလေ .. ဆရာကျိုး က ကျိုးကန်း ဆိုတော့ သတ္တဝါ ဘာသာစကားနဲ့ ပြောတာများလားလို့ .."

"ဘာကွ .."

"အမှန်က .. ကျိုးအာသီးစားပြီး ပြောရမှာ .."

"မင်း .. မင်းတို့ .."

ကျွန်တော့် စကားကြောင့် သူမမျာ မျက်နှာရဲရှာချင်ပေမယ့် မည်းမည်းသည်းသည်းကြီးနဲ့ ပြောတော့ ကျွန်တော်ကပဲ ...

"ကျိုးတို့ရဲ့ သဘာဝအရ ခုန်ဆွ .. ခုန်ဆွ ပြောသင့်တယ် ဆရာ



ကျိုး .."

"အေး .. ပြောမယ် .."

ဆရာကျိုး လက်သီးလက်မောင်းပြင်တော့ .. ကျွန်တော်တို့ တဟားဟား အော်ရယ်ရင်း မင်း လက်ကိုဆွဲကာ လစ်ပြေးပါတော့ သည်။ ခပ်ဝေးဝေးရောက်တော့ ကျွန်တော် တွဲထားတဲ့လက်ကို သူမ ဆတ်ခနဲ ဆွဲဖြုတ်ရင်း ...

"တော်ပါ .. နင်တို့တွေ မကောင်းဘူး .."

"ဟာ .. သူ့ဘက်ကလဲ လိုက်ပြောပေးရသေးတယ် .. ဘလိုင်ကြီး ပါလား .."

"အေးလေ .."

ကျွန်တော့်စကားကို ဟိုကောင်တွေကလဲ ထောက်ခံတော့ သူမ က သိမ်းကျုံးမျက်စောင်းထိုးရင်း ...

"ဩော် .. စောစောီစီးစီးက တွေ့ရလဲ စောစောထဲက လာပြီး ဆော်ထုတ်ပေါ့ .. အခုဟာက သိသိကြီးနဲ့ နောက်ကလိုက်ချောင်းပြီး ထိုက်ဟားနေတာ ...၊ အဲဒီ လူကြီးက ကျိုးလို တအာအာနဲ့ အော်ပြီး ခိုလို ငြီးနေတာ .. တောက် .."

မင်း စကားကြောင့် ကျွန်တော်တို့ရယ်တော့ သူမ မနေနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျွန်တော့်လက်မောင်းကို ထုကာ ရယ်ပါတော့သည်။

"ဆရာကျိုး က သဘောကောင်းပါတယ်ဟ .."

"ဟဲ့ .. ဒါမှ သူ့ကို စိတ်မဝင်စားတာ အကောင်ရဲ့ .."

မြတ်ဇော် က မင်း ရဲ့ စကားကြောင့် ရယ်ဖြိုဖြိုနဲ့ ...

"သြော် .. နင်က အတောင်မစုံသေးပဲကို .."

"နင်နော် .."

"ကျိုးကန်း မကြိုက်ရင် ဘုတ် ကို ပြောင်းကြိုက်မလား .. ဒါ မဟုတ် သာလိကာ .. ဇရက် .. ဂျိုး .."

ကျွန်တော် စကားမဆုံးသေးခင် မင်း ရဲ့ လက်သီးဆုပ်တွေ ကျွန်တော့် ကျောကို တခြောင်းခြောင်း လာပါတော့သည်။

လေးယောက်သား ပေးလားဝါးလားနဲ့ ကန်တင်းထဲဝင်တော့ ကြိုရောက်နေတဲ့ စန္ဒာချို နဲ့ အေးယု က ...

"ဟဲ့ .. ဘာဖြစ်လာတာလဲ .."

"မင်း .. နင့်မျက်နှာက ဘာဖြစ်တာလဲ .."

ပေါက်ကြီး က တခွီးခွီးနဲ့ ရယ်ရင်း ...

"ကျိုးထိုးခံရတာလေ .."

"ဘယ်လို .."



မြတ်ဇော် က အကျိုးအကြောင်းကိုပြောတော့ စန္ဒာချို တို့လဲ ရယ်ပါတော့သည်။

"သြော် .. နင်က ကျိုးကန်းမကြိုက်ဘူးပဲကို .. ဒါဆို နင်ကြိုက်တာက .."

စန္ဒာချို ရဲ့ အဓိပ္ပာယ်ပါပါ မျက်လုံးက ကျွန်တော့်ဆီ ရောက်တော့ အေးယု က ...

"ချိုစိမ့် .."

"မိန်းမနော် .."

မင်း ရှက်ရှက်နဲ့ အေးယု ခါးကို ဆွဲဆိတ်တော့ ...

"ဟဲ့ .. ပလုပ်တုပ် .. ငါ ပြောတာက နင့်အတွက် ချိုစိမ့် တစ် ခွက်မှာပေးတဲ့ဟာကို .."

ကျွန်တော် သဘောကျပြီး ရယ်တော့ ...

"နင် မရယ်နဲ့ .. နင့်ကို လုံးဝ မကျေနပ်ဘူး .."

သူမရဲ့ စကားကြောင့် ကျွန်တော် တစ်နေ့လုံး ချော့ရတော့မယ် ဆိုတာ သိလိုက်ပါသည်။ ကျွန်တော် ချော့ရင် သူမ စိတ်ကောက်ပြေ သွယ်တယ်ဆိုတာ သူငယ်ချင်းတွေကလဲ သိကြပါတယ် ..။

www.burmeseclassic.com

www.burmeseclassic.com





**အတို့အသိတ်လေးတွေနဲ့ ကစားတတ်တဲ့**

**ကစားသမားလို ..**

**တကယ်လို့ မှုပင်ဆောကရှိခဲ့ရင်**

**မင်းစိတ်ကို ..**

**ငါ့ရဲ့အရိပ်နဲ့ မိုးပေးထားမယ်လေ ...။**



ပျင်းပျင်းနဲ့ အဆောင်မှာ ဝတ္ထုဖတ်နေတုန်း အခန်းတံခါးဖွင့်

ကြားတော့ လှည့်ကြည့်တော့ ဆရာကျိုး နဲ့ ဆရာဘုတ် ..။

"ထင်တော့ ထင်သား .. မနက်က ကျိုးတွေအာနေတာ .. ညှို့

တော့ လာတော့မယ်ပေါ့ .."

ဆရာကျိုး မျက်နှာရှုံ့မဲ့သည်။ ဆရာဘုတ် ကတော့ ရယ်နေ

"ခင်းကတော့ ငါတွေ့ရင် ဘယ်လိုနှိပ်ကွပ်ရမလဲ ချောင်းနေ

တာပဲ .."

ဘွန်ဟော် တဟဲဟဲရယ်နေစဉ် ပေါက်ကြီး ဝင်လာကာ ...

"အတောင်စုံ အသွေးစုံပါလားဗျ .."

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ တစ်ကောင် .."

ဆရာဘုတ် က အနားဝင်ထိုင်တဲ့ ပေါက်ကြီး ဇာတ်ပိုးကို လှမ်း ရိုက်ရင်းပြောတော့ ကျွန်တော်က ...

"ဘယ်ကနေ ဘယ်လို လှည့်လာတာလဲ .."

"ငှက်ပစ်သမားတွေလက်က လွတ်အောင်ပျံလာတာနေမှာပေ့ ကွာ .."

"ဟော့ကောင်တွေ စကားအကောင်း ပြောကြပါကွာ .."

ပေါက်ကြီး စကားကြောင့် ဆရာဘုတ် က အခုလိုပြောတော့ ဆရာကျီး က ...

"အေးကွ .. မင်းနဲ့ ငါ့ကို အဖေ အမေ တွေက မျိုးချစ်စိတ် အောင် အတိတ်သမိုင်းကို မမေ့အောင် ဖေယျာနော်င် နဲ့ သီဟာ ဆိုတဲ့ နာမည်လှလှလေးပေးပေမယ့် အမလေး .. အမေရယ် .. ရ စင်စစ်ကနေ မလှမပ ငှက်ဘဝကို အလိုလိုရောက်လာပါပကော လား.."

ဆရာကျီး က ငိုချင်းချတော့ ဆရာဘုတ် က ဇာတ်သံနဲ့ ...

"သားရယ် .. လူကလေး .. မင်းဘဝက အဖြစ်ဆိုးလှချည်လား ကွယ် .."



"နှမပေး .."

ဆရာကျီး အလန့်တကြားနဲ့ ပြောတော့ ကျွန်တော်တို့ ရယ်ပါ တော့သည်။ ဆရာဘုတ် က ...

"ကဲ .. ကဲ .. ငကျီး လိုရင်းပြောလိုက်ကွာ .. ဒီကောင်တွေက ဘို့လူရင်းတွေပဲ .. သွယ်ဝိုက်မနေနဲ့တော့ .."

ဆရာဘုတ် စကားကြောင့် ကျွန်တော် ပြုံးစေ့စေ့နဲ့ ...

"ဘာလဲ .. မင်း .. ကိစ္စလား .."

"ဟမ် .. မင်းက ဘယ်လိုသိလဲ .."

အံ့သြဟန်နဲ့ ဆရာကျီး က ပြောတော့ ကျွန်တော်က တဟားဟား အော်ရယ်ကာ ...

"ဆရာကျီး ရယ် .. ကျွန်တော်တို့နဲ့ ဆရာကျီးတို့ ကြားမှာ သွယ် ဝိုက်ပြောစရာ ဘာညာကိစ္စက ဘာတစ်ခုမှ မရှိတာ .. အသိသာကြီး ..."

ဆရာကျီး သက်ပြင်းချရင်း ...

"မင်းနဲ့ မင်းလေး နဲ့ ချစ်သူဖြစ်နေကြပြီလား .."

"ဟာဗျာ .. မဟုတ်တာ .. မဟုတ်ပါဘူးဗျာ .. ကျွန်တော်တို့က ရိုးသားသားတွေပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရင်လဲ .. ဟုတ်လိုက်ပါတော့ကွာ .."

"တကယ်လဲ မဟုတ်ပါဘူးဗျာ .. မယုံရင် ပေါက်ကြီးကို မေး

ကြည့် .."

ကျွန်တော် အားကိုးတကြီးပြောမိမှ ပိုဆိုးပါတော့သည်။ ပေါက်ကြီး

က အလန့်တကြားနဲ့ ...

"ဟော့ .. ဟော့ .. ကြားသုံးကြားထဲ မဝင်ကောင်းဘူးတဲ့ ..

ဆွဲမထည့်နဲ့ ကြားဆိုရင် လမ်းကြားထဲကတောင် မဖြတ်ဘူး .."

"ဟာ .. ဒီကောင် သူ့ကို အားကိုးမှ ပိုဆိုးနေပြီ .."

ဆရာကျီး က ကျွန်တော်တို့ စကားတွေကြောင့် ခွေးခွေးပြုံး

ပြုံးနဲ့ မျက်နှာကျက်ကို ကြည့်ပြီး ...

"ငါ သိပါပြီကွာ .. ငါ သဘောပေါက်ပါပြီ .. မင်း မချစ်ဘဲ

သက်ပဲ ငါ့ရင်ခွင်ထဲ တိုးဝင်လာဖို့ ငါ မခေါ်ရက်ပါဘူး .."

"ငကျီး .. ငိုတော့ မငိုလိုက်ပါနဲ့ကွာ .."

ကျွန်တော် ခေါင်းတခြင်းခြင်းကုပ်တော့ ပေါက်ကြီး က တဟဲဟဲ

နဲ့ ကျိတ်ရယ်သည်။ ကျွန်တော် ဒီကောင့်ကို မျက်စောင်းထိုးမိပါသည်။

"မင်းမှ မင်းပဲ .. မင်း တစ်ယောက်ထဲ .. မင်းပဲ .."

ကိုကျီး ခွေးခွေးပြုံးပြုံးနဲ့ ပြောတော့ ဆရာဘုတ် က



"ငကျီး .. အဲဒါ ကိုလေးဖြူ သီချင်းကြီးနော် .."

"သီချင်းဆိုရင်း လွမ်းပြတာပေါ့ကွာ .. ရွှတ် .."

ဆရာကျီး က နှာရည်ညှစ်ပြီး လုံချည်နဲ့ သုတ်တော့ ...

"ရွံ့စရာကွာ .."

"ငါတို့ အနုပညာသည်နှလုံးသားတ နုနုနယ်နယ် ဖြူဖြူစင်စင်

လေးပါကွာ .. ငါ အမှန်တရားကို သဘောပေါက်လိုက်ပါပြီ .. အမှန်

တရားကို ခေါင်းညိတ်တတ်ဖို့ ငါ နားလည်ပေးရမယ်လေ .. မင်းတို့

ချစ်သူချင်း ပေါင်းကြမ်းမိစေကွာ .."

"ကိုမင်းအောင် .."

ပေါက်ကြီးက စ,နေပါသေးသည်။ အဲဒီနေ့က တစ်ဖက်သတ်

အယူအဆတွေနဲ့ နှာရည်တရွှဲရွှဲ မျက်ရည်တရွှဲရွှဲနဲ့ လွမ်းပြနေတဲ့

ဆရာကျီး ကို ကျွန်တော်နဲ့ ပေါက်ကြီး မရှိမယ့်ရှိမယ့် ပိုက်ဆံလေးနဲ့

အမင်းကျွေးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိလား .. ချိုစိမ့် .."

သူဘာသာသူ ကျွန်တော့်ကို တိုင်တည်ရင်း စကားတတွတ်တွ
ပြောနေတဲ့ သာလိကာမလေးကို ကျွန်တော် ငေးကြည့်မိပါသည်
တစ်နေ့တခြား စွဲလမ်းရှုးသွပ်စေဖို့ အချစ်လက်နက်နဲ့ ကျွန်တော့်
ကို ခွဲဖို့ တိုက်ပွဲဝင်နေတဲ့ ဒီ ချာတိတ်မလေးကို နေမြင့်လေ အရှ
လေလို ကျွန်တော် စွဲလမ်းနှစ်သက်နေမိတာပေါ့ ..။

အကောင်းဆုံး ပဋလက် က,ကွက်တွေနဲ့ ကျွန်တော့် အိပ်
တွေကို ညင်သာစွာ သိမ်းပိုက်ခဲ့တယ် ..။

"ငါ့ကို ရည်းစကားစကား ပြောတဲ့ ကျောင်းသားရဲ့ နာမည်
အောင်သိုက် တဲ့ BED အောင်သိုက်တော့မဟုတ်ဘူး .. BOC အော
သိုက် တဲ့ BOC မှာနေတာလေ .. ရယ်စရာကြီးနော် .. အဲဒီကောင်



အ်ဆစ် ကတဲ့ .."

တတွတ်တွတ်ပြောနေတဲ့ အသံချိုချိုလေးကို အခါမလပ် အမြဲ ကြားချင်ခဲ့တယ် ..။ အရွယ် အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ရဲ့ လိုချင်တပ်မက်မှုမျိုးပေါ့ ..။ မင်း ရယ် .. စွဲလမ်းစိတ်နဲ့ အိပ်ရေး ပျက်နေပြီလေ ..။

"ချိုစိမ့် ဘာဖြစ်နေတာလဲ .. ဒီမှာ ပြောရတဲ့သူက အာပေါက် တော့မယ် .."

သူမက မကျေမနပ်နဲ့ ဝစ်းတိုက်ပြီးပြောတော့ ရင်ထဲမှာ လှစ်ခနဲ ဖြစ်ချင်နေပါသေးတယ် ..။

"သီတင်းကျွတ်ပြီးရင် တနိဆောင်မုန်းနော် .."

သူမက မှုန်ကုပ်ကုပ်နဲ့ ကျွန်တော့်ကိုကြည့်ပြီး ...

"အေးလေ .. အဲဒါ ဘာဖြစ်လဲ .."

"အစုချစ်ပြီးရင် ဇီနှာင်မမုန်း .."

"ဘာ!..."

သူမ အလန့်တကြား အော်ငေတာ့ ...

"လန့်လိုက်တာဟာ .."

သူမက ကျွန်တော့် နားရွက်ကို လိမ်ဆွဲတော့ ...

"အား .. နာတယ်ဟ .."

www.burmeseclassic.com

www.burmeseclassic.com



"နင် .. ဘာစ ားပြောတာလဲ .."

"ဟို .. ဟို .. ( ဘျာစပ်နေတာလေ .. လွှတ်ပါဟာ .. လူ နဲ့ .."

သူမက မကျေ နပ်နဲ့ ပတ်ဝန်းကျင်ကို ကြည့်ပြီး လွှတ် တော့ ...

"ပြောသိုပြီးတော့ ဘပိုတွဲ .."

သူမက နှုတ်ခမ်းစူခုနဲ့ စွေကြည့်သည်။ ဒီကောင်မလေးက စိတ် ရင် သိပ်လှတဲ့ အမျိုးအစားပေါ့ ..။

"အိုတဲ့အထိ ချစ်နေမြဲ .."

သူမက ပြုံးစေ့စေ့ဖြစ်ချင်တာကို ကျိတ်မှိတ်မြိုသိပ်ချင်ပုံရ သည်။

"တန်ရှုး ကဆုန် .. ယုံကြည်မှုနဲ့ ရင်တွေခုန် .."

သူမ နှုတ်ခမ်းကိုက်ပြီး ခေါင်းငုံ့သည်။ သူမ ပြုံးနေမယ်ဆို ကျွန်တော်သိပါသည်။

"နယုန်ပြီးတော့ ဝါဆို .. ဆုံမယ်ပြောပြီး လာမယ်ဆို .."

သူမ ခေါင်းမော့လာသည်။ ရွှန်းလဲ့ရီဝေနေတဲ့ မျက်ဝန်းတွေ ပြုံးနေသလိုပါပဲ ..။ နှုတ်ခမ်းပါးလေးကို ငေးကြည့်တော့ နှုတ် အစွန်းနှစ်ဖက်ကတော့ ညွတ်နေပါသည်။



"ဝါခေါင် ပြီးတော့ တော်သလင်း .."

ခြောက်သွေ့နေတဲ့ ကိုယ့်နှုတ်ခမ်းပါးကို လျှာနဲ့ သပ်မိသည်။

"မျှော်လင့်ခြင်းဟာ ကွယ်လွန်ခြင်း .."

သူမ နှုတ်ခမ်းပါးပါးလေး ဟသွားကာ ...

"တော်ပါတော့ဟာ .."

သူမရဲ့ ခပ်တိုးတိုး စကားသံကြောင့် ကျွန်တော် သက်ပြင်းချမိ ပါသည်။ အချိန်အတော်ကြာတဲ့အထိ စကားမဆိုကြ ..။

နေရောင်ခြည်က အပူဒဏ်လျော့ပါးနေပါသည်။

"ငါ ပြန်တော့မယ်ဟာ .."

မင်း က နှုတ်ဆက်စကားဆိုသည်။ ပြီးတော့ ထွက်သွားပါသည်။ ကျွန်တော် အဲဒီနေရာမှာ ကျန်နေရစ်မြဲပါ ..။ အချိန်တော်တော်ကြာတဲ့ အထိပေါ့ ..။

"ဟော့ကောင် .. 'မင်း' ရော .."

သူငယ်ချင်းတွေ တစ်အုပ်ကြီး ပြန်ရောက်လာပါတယ်။ ကျွန်တော် အေးစက်စက်လေသံနဲ့ ...

"ပြန်သွားပြီ .."

"ဟဲ့ .. ငါတို့ကို ဘာလို့မစောင့်တာလဲ .."

ကျွန်တော် ခေါင်းခါမိတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဘာတွေမှန်းမသိဘူး .."

စန္ဒီချို နဲ့ အေးယု က ပြောပြီး ထွက်သွားတော့ မြတ်ဇော် နဲ့

ပေါက်ကြီး က ကျွန်တော့်ဘေးမှာ ဝင်ထိုင်ကာ ...

"ဟေ့ကောင် .. ဘာတွေဖြစ်နေတာလဲ .."

"ဘာမှ မဖြစ်ပါဘူးကွာ .."

ပြောပြီး ကျွန်တော် ထထွက်လာတော့ ပေါက်ကြီး က ...

"ဒီကောင် ဘာဖြစ်နေမှန်း မသိဘူး .."

ဒီကောင်တွေ ခေါင်းကုပ်ပြီး လိုက်လာပါသည်။ မနေ့တစ်နေ့

ကမှ သိခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော် ဖွင့်မပြောချင်

ကျွန်တော် မရှိဘူးထင်ပြီး စန္ဒီချို နဲ့ 'မင်း' တို့ စကားပြောနေကြ

တဲ့ အဖြစ်တစ်ခုကို ကျွန်တော် မထင်မှတ်ပဲ ကြားလိုက်ရပါတယ်။

"ဒါဆို .. နင် ဒီနှစ်ကျောင်းပြီးရင် နိုင်ငံခြားကို အပြီးသွားရတော့

မှာပေါ့ .."

'မင်း' ရဲ့ အသံက ကြေကွဲနေသည်လို့ ကျွန်တော် ထင်နေမိသည်

"အေးပေါ့ဟာ .."

"ခုကွာပါပဲဟယ် .. ဒါဆို ဒီအစီအစဉ်ကို နဂိုကတည်းက သိနေ

တာပေါ့ .."

"ငါ ပထမနှစ် စတက်ကတည်းက သိတယ် စန္ဒီ .. ငါ့ မိသား

အားလုံးက .. အားလုံးက ဟိုမှာလေ ..၊ ငါ တစ်ယောက်ထဲ အဒေါ်

အိမ်မှာ ကျန်ခဲ့ပြီး ကျောင်းတက်နေတာ .."

သူမဆီက ရှိုက်သံသဲ့သဲ့ ကြားရပါသည်။

"မငိုပါနဲ့ 'မင်း' ရယ် .."

"အစတုန်းကဆို ငါ သွားရမယ်ဆိုတာ သိပေမယ့် ပျော်မျော်ပဲ

နေခဲ့တယ် .. သွားရဖို့ အတွက်လဲ ဝမ်းမနည်းခဲ့ဘူး ..၊ အခုတော့ ငါ့

စိတ်တွေ ငါ့ပျော်ရွှင်မှုတွေ အငွေ့ပျံ့ပျောက်ကွယ်နေသလိုပဲ .."

စန္ဒီ မင်း ကို ကြည့်ပြီး သနားလဲ သနားမိပါသည်။

"နင် .. ချိုစိမ့် ကို ချစ်နေလားဟင် .."

ချိုစိမ့် .. အံ့ကျိတ်ပြီး လက်သီးကျစ်ကျစ်ပါအောင် ဆုပ်မိပါသည်။

"သိပ်ချစ်တာပေါ့ဟာ .. အဲဒီအတွက်ကြောင့် ငါသွားရမယ့်လမ်း

အတွက် ငါ ခက်ခဲနေတာပေါ့ .. ကျေးဇူးပြုပြီး သူ ငါ့အချစ်ကို မတောင်း

ဆိုပါနဲ့လို့ ဆုတောင်းရတော့မှာပေါ့ .."

အဲဒီနေ့ကစပြီး ကျွန်တော် သူ့ဆီက အချစ်ကို မတောင်းဆိုတော့

ဘူး ..။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် သူ့ကို သိပ်ချစ်လို့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



**နောက်**ရက် .. နောက်ရက်တွေမှာ သူနဲ့ ကျွန်တော်ဟာ နဂိုပုံမှန် အတိုင်းပါပဲ ..။ ကျွန်တော့်အတွက်ကတော့ အရာရာကို မေ့လွှယ် ပျောက်လွှယ်ထားလိုက်ပါတော့တယ် ..။ သူမရဲ့ အကြောင်းကို ဘာမှ မကြားခဲ့ဘူးလို့ပဲ ကိုယ့်ကိုယ်ကိုယ် လိမ်ညာထားလိုက်ပါသည်။ ပြီးတော့ သူ ပျော်နေဖို့ အရေးကြီးနေပြီလေ .. သူမလဲ ကျွန်တော့်လိုပဲ သဘောထားလိုက်ပုံရပါသည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် သူမတို့ဝိုင်းကို ဝင်တော့..

"လာ .. ငါ့ဘေးမှာ ထိုင် ချိုစိမ့် .. နင့်အတွက် ငါ လက်ဖက်ရည် ကြိုမှာပြီးသား .."

ပေါက်ကြီး က မင်း ရဲ့ စကားကြောင့် မကျေမနပ်နဲ့ပြောပါသည်။

"မင်း နင်နော် .. ပြောတော့ သူငယ်ချင်း .. သူငယ်ချင်းနဲ့ နင်



[illegible]ကိုကြည့်ဦး .."

"ဘာဖြစ်လဲ .. နော် .. ချိုစိမ့် .."

သူမက ပြုံးစေ့စေ့နဲ့ ကျွန်တော့်ကို ပခုံးချင်းတိုက်ပြီးပြောတော့ [illegible]တော်ကလဲ ...

"အေးလေ .. နော် .. မင်း .."

သူမ ကျေနပ်သွားပုံရပါသည်။ အေးယု က ...

"ပေါက်ကြီး ရေ သွားမနာလိုမဖြစ်နဲ့ဟဲ့ .. နင့်အတွက် ငါ မှာ[illegible]ားတယ် .."

"ထမင်းကြော်လား .."

"ဟင့်အင်း .. အနှံဖတ် .."

"ဟွန်း .. ရွံ့စရာဟာ .. နင် ကြိုက်တာတွေ လျှောက်ပြောမနေနဲ့ .."

"သေလိုက်ပါလား .."

အေးယု သူ့စကားနဲ့ သူ ပြန်ထိသွားတာကြောင့် ပေါက်ကြီး က [illegible]လက်ကျန်နဲ့ လှမ်းပက်ပါသည်။ မြတ်ဇော် က အပြင်ကို လှမ်း[illegible] ...

"အင်း .. ဘာလိုလိုနဲ့ စာမေးပွဲတောင် နီးလာပြီနော် .."

"အေးဟယ် .. ဒီနှစ် နောက်ဆုံးနှစ်ဆိုတော့ ကျောင်းကြီးနဲ့ ခွဲ

www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ် ..”

“ငါတို့လဲ ကျောင်းပြီးရင် အလုပ်ခွင်ထဲဝင်ရတော့မယ်ဆိုတော့ အခုလို သူငယ်ချင်းတွေနဲ့ စုံစုံလင်လင် အမြဲတွေ့ရမှာမဟုတ်ဘူး..”

‘မင်း’ က ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ ကျွန်တော် မမြင် ချင်ယောင်ဆောင်နေလိုက်ပါသည်။ သူမ အခုချိန်လောက်ဆို ဝဲနေတဲ့ မျက်ရည်ကို ဖုံးကွယ်ဖို့ တစ်ခုခုကြိုးစားနေမှာ သေချာပါတယ်။ ငါ့ အုပ်စုကတော့ ဒါတွေကိုမသိ ..။ (စန္ဒာချို ကလွဲရင်ပေါ့ ..။)

“နေပါဦး ပေါက်ကြီး ရဲ့ ..”

“ငါက ဘယ်သွားနေလို့လဲ .. ဘာလဲ နင် နိုးရာလိုက်မလို့လား အမေကပြောတယ် သား ဒါတွေ စိတ်မဝင် .. အား .. ခွေးမ ..”

အေးယု ရှက်ရှက်နဲ့ ဆွဲဆိတ်တော့ ပေါက်ကြီး ရှုံ့မဲ့မဲ့နဲ့ သူလက် ကို သူပွတ်ရင်း ပြောသည်။ အေးယု က ပေါက်ကြီး ကို မျက်စောင်း ထိုးရင်း ...

“နင်က ကျောင်းပြီးရင် အလုပ်ခွင်ထဲ ဝင်ရမယ်ဆိုတော့ နင် ဘာလုပ်မှာလဲလို့ မေးမလို့ ..”

ပေါက်ကြီး က တည်တည်ငြိမ်ငြိမ်နဲ့ ...

“ငါ ဒီမှာ ဆက်နေမယ် .. ငါ့ ပညာအရည်အချင်းနဲ့ သင့်တော်တဲ့



အလုပ်ဝင်လုပ်ပြီး စီးပွားရှာမယ် ..”

“ဘာအလုပ်လဲ .. ကုမ္ပဏီအလုပ်လား ..”

စန္ဒာချို က အားတက်သရောမေးတော့ ပေါက်ကြီး စပ်ဖြီးဖြီးနဲ့ ...

“ဆိုက်ကားနင်းမယ် ..”

အားလုံး ရယ်ကြပါတော့သည်။ မြတ်ဇော် က အေးယု ကို ...

“နင့်အတွက် အလုပ်ရှိတယ် အေးယု ..”

“ဘာအလုပ်လဲ ..”

“အကြော်စုံလေ .. လက်တွန်းလှည်းလေးနဲ့ .. ဘေးမှာ သဘော အားလေးနဲ့ ရေးထားပေါ့ .. ဒေါ်အေးယု သချို .. အသက် ဆယ့်ကိုး နှစ်လို့ ရေးထားလိုက်ပေါ့ ..”

“နင်ပဲ သေလိုက် .. မြတ်ဇော် အကောင်စုတ် ..”

အေးယု ပွစိပွစိနဲ့ပြောတော့ အားလုံးတဟားဟား ..။ အဲဒီ မရယ် ကြတဲ့ လူနှစ်ယောက်ရှိပါတယ်။ ချိုစိမ့် နဲ့ မင်း ..။

ပေါက်ကြီး က ကျွန်တော့်နဲ့ မင်း ကို တစ်လှည့်စီကြည့်ရင်း ...

“မင်းတို့နှစ်ယောက်က ဘာဖြစ်နေကြတာလဲ .. ဟဲ့ နင်ရော ကျောင်းပြီးရင် ဘာလုပ်မှာလဲ ..”

ပေါက်ကြီး အမေးကြောင့် မင်း မျက်နှာပျက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓနွာချို က ပျာပျာသလဲလဲနဲ့ ချိုစိမ့် ကို ကြည့်ပြီး ...

"ကဲ .. ဒါတွေထားပါ .. ချိုစိမ့် နင့်ကို မေးရဦးမယ် .."

"ဘာကိုလဲ .."

"နင်က ကျောက်ပန်းတောင်းသားဆို .."

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"အဲဒါဆို မကွေးကောလိပ် တက်ရမှာပေါ့ဟာ .. ဘာဖြစ်လို့ ရန်ကုန်

လာတက်တာလဲ .."

"အေး .. ငါလဲ မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး .. လုပ်စမ်းပါဦး"

ဒေါ်အေးယု ကလဲ ကျွန်တော့်အကြောင်းကို သိချင်နေပုံရပါသည်။

"ဒီကောင်တွေကတော့ သိပြီးသားပေါ့ဟာ .. ငါ ဆယ်တန်းအော

တော့ ဘကြီးဘုန်းကြီးက ကျောင်းထားပေးဖို့ လှမ်းခေါ်တယ် .."

"အဲဒါဆို အဆောင်မှာ မနေဘဲ ဘုန်းကြီးကျောင်းက တက်ပေါ့"

မင်း က အခုလိုပြောတော့ ဟိုကောင်နှစ်ကောင်က ရယ်ပါတော့

သည်။ မိန်းကလေးသုံးယောက်က ဘုမသိဘမသိနဲ့ ...

"ဟဲ့ .. ဘာရယ်ကြတာလဲ .. အူကြောင်ကြောင်နဲ့ .."

ပေါက်ကြီး က အရယ်မရပ်နိုင်သေးဘဲနဲ့ ဆက်ပြောသည်။

"အဟွတ် .. ဟား .. ဟား .. ဟား .. ဒီလိုဟာ .. အရင်



ဘုန်းကြီးကျောင်းကနေ ကျောင်းတက်တာ၊ ဘုန်းကြီးကျောင်းမှာ ကြာလာ

တော့ ညတိုင်း ကပ္ပိယနဲ့ ကိုရင်လေးတွေခေါ်ပြီး ဘောလုံးပွဲ သွားကြည့်လို့

ဆရာတော် သူ့ဘကြီးက အဆောင်ကနေ ကျောင်းတက်ခိုင်းတာ .."

"နင်ကရော .. 'ပေါက်' က နေပြီး ရန်ကုန်ကို .."

"ငါ့အစ်ကိုက လှမ်းခေါ်တာ .. သူက ယောကျ္ာမအိမ်မှာနေရတာ

ဆိုတော့ .."

"အဲလောက်ဆို သဘောပေါက်ပြီ .."

"သဘောပေါက်ဆို ပေါက်မြို့က လာတာကို .. နင်လဲ ပေါက်ချင်လား.."

"ဘာ .."

အေးအေးယု ကြီးဝင်းလိုက်တော့ ပေါက်ကြီး ကမန်းကတမ်းနဲ့ ...

"ဟို .. သဘောပေါက်လားလို့ မေးမလို့ဟာ .."

"ဟင်း .. ဟင်း .. နင်နော် .."

ကျွန်တော် 'မင်း' ကို လှမ်းကြည့်တော့ ကျွန်တော့်ကို သူ ငေးကြည့်

နေပါသည်။

www.burmeseclassic.com



ပြဿနာတစ်ခုခုတက်နေတာတော့ သိတယ် ..၊ ဒါပေမယ့် ဘာ
မှန်းမသိရပါဘူး ..။ ကော်ရစ်တာမှာ ကျောင်းသားအချို့ကတော့ အ
ရန်ပွဲကို ရယ်ပြုံးရယ်ပြုံးနဲ့ ဝိုင်းအုံကြည့်လို့ပေါ့ ..။ ပြဿနာဖြစ်သူ
ချိုစိမ့် လေ ..။ ချိုစိမ့် က ကော်ရစ်တာ အပြင် ပြတင်းတံခါးဝမှာ ..
ကျောင်းသူက အတန်းထဲမှာ ..။

"ရှင့်မှာ နှမ မရှိဘူးလား .."

"မင်း မောင်နဲ့ ပေးစားမလို့လား .. လာမလုပ်နဲ့ မပေးစားဘူး

"ရှင် .. ရှင် .."

သူမ ကမန်းကတမ်းပြေးသွားပြီး ...

"ဟဲ့ .. ချိုစိမ့် ဘာဖြစ်လို့လဲ .."

"ဟာ .. 'မင်း' .. ဒီလိုဟာ .. ငါ့ဘာသာငါ နင် တို့ငြင်လက်



ဘာကို ဒီနေရာက စောင့်ရင်း ဒီနားမှာ ကြိုးစလေး ပြတင်းတံခါးမှာ
ဘောင်ပေါ် တင်နေတော့ .."

"ဘာလုပ်တာလဲ .. ရှင် .. လုပ်ပြန်ပြီ .."

ချိုစိမ့် က ကောင်မလေးခါးမှာ ချည်ထားတဲ့ ကြိုးကို ကိုင်တော့
ဘောင်မလေး ရှက်ရှက်နဲ့ ပြန်ဆွဲပြီး ပြောပါသည်။ 'မင်း' အစမှ အဖြစ်
ခန်းကိုသိကာ ရယ်ရင်း ကျောင်းသူကို တောင်းပန်ရပါသည်။

"သူငယ်ချင်းရယ် .. သူ့ အစား ကိုယ်ကပဲ တောင်းပန်ပါတယ်၊
သူက အစမြင်ရင် မနေတတ်ဘူးလေ .."

"အမလေး .. ကျောချမ်းစရာပါလား .."

"ဟာ .. 'မင်း' ရာ .. နင်လုပ်မှ ငါ့ဘဝက ပိုဆိုးနေပြီ .."

"လုပ်မနေနဲ့ .. လာ မြန်မြန် .."

ချိုစိမ့် လက်ကို 'မင်း' ဆွဲပြီး အမြန်ထွက်လာခဲ့ရပါသည်။ အပြင်
ရောက်တော့ 'မင်း' က တဟားဟားရယ်ပါသည်။ ဟိုကောင့်မျက်နှာ
က စပ်ဖြီးဖြီး ..။

"နင်ဟာလေ .. တကယ် အစဆွဲထုတ်တဲ့ကောင် .."

"အဲဒါကြောင့်မို့ နင်နဲ့ ရင်းနှီးခဲ့တာပေါ့ .. မဟုတ်ဘူးလား .."

"ဟုတ်ပါတယ် .. ဟုတ်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်ထိ ချိစိမ့် လက်ကို ဆွဲထားတုန်း .. နှစ်ယောက်လုံး သိကြပါတယ် ..။ ကျွန်တော် ကိုယ်တိုင်ကလဲ 'မင်း' ရဲ့ လက်ဖဝါးလေး ကို မလွှတ်ချင်ပါဘူး ..။ နှစ်ဦးသား လက်ကိုတွဲပြီး ဟိုကောင်တွေ ထိုင်နေတဲ့နေရာကို လာတော့ ကျွန်တော်တို့ လက်တွဲထားတာကို ကြည့်ပြီး မေးငေါ့သူက မေးငေါ့ .. မေးဆတ်ပြသူက မေးဆတ်ပြ ပေါ့ ..။

သူတို့နားရောက်တော့ လက်တွေ ဖြုတ်လိုက်ကြပါသည်။ မင်း က အေးယု နဲ့ စန္ဒာချို ကြားမှာ ဝင်ထိုင်ပါသည်။

"ပြောတော့ သူငယ်ချင်းတဲ့ လက်ကိုတွဲလို့ .."

အေးယု က ငေါ့တော့တော့ပြောတော့ 'မင်း' က အပြုံးမပျက် ဘဲ ...

"ဟဲ့ .. သူငယ်ချင်းချင်း လက်မတွဲရဘူးလို့ ဘယ်သူက အမိန့် ထုတ်ထားလို့လဲ .. နော် .. ချိစိမ့် .."

"အေးလေ .. သူတို့ သူငယ်ချင်းဆိုတဲ့ ခံစားချက်ကို နားမလည် ပါဘူးဟာ .. ပြောမနေနဲ့ .."

"အတိုင်အဖောက်က ညီပါ့ကွာ .."

"ဟေ့ကောင် .. မင်းကို ဆရာကျီး နဲ့ ဆရာဘုတ် က လာထိုး .. မတွေ့တာကြာပြီတဲ့ .."



ကျွန်တော် ပေါက်ကရ စကားကြောင့် 'မင်း' ကို ပြုံးစစနဲ့ကြည့်ကာ...

"ငါ့ကို တွေ့ချင်တာရော ဟုတ်ရဲ့လားမသိဘူး .."

'မင်း' က ကျွန်တော့် စကားကြောင့် မျက်စောင်းထိုးပြီး ...

"နင်နော် .. အဲဒီ ခုန်ဆွခုန်ဆွကောင်နဲ့ .. မစနဲ့ .."

"သြော် .. နင်က ကျီး မကြိုက်ဘူးဆိုရင် ဗျိုင်းကိုကြိုက်တယ် ဆို ..၊ ဟိုကောင် တရုတ်လေး လန်ဘား မင်းအောင် ကို ကြိုက်လား.."

မြင့်ဇော် စကားကြောင့် မင်း က မြင့်ဇော် ကျောကိုထုပါတော့ သည်။

"ဟဲ့ .."

စန္ဒာချို က 'မင်း' ရဲ့ ပခုံးကိုပုတ်ပြီး သတိပေးဟန်ပြောတော့ သူတို့အားလုံးရဲ့ အာရုံက သူတို့အနီးကို ရောက်လာတဲ့ ကားတစ်စီး ဆီပေါ့ ..။ အနက်ရောင် ကားတံခါးဘေးမှန်က လျှော့ကျလာပါသည်။ ဆီ .. စန္ဒာချို နဲ့ အေးယု က ကားအနားရောက်လာပါသည်။ ခပ်ချောချောခပ်သန့်သန့် အန်တီကြီးတစ်ယောက်ကိုတွေ့လိုက် ရသည်။ အနောက်တိုင်း သွေးစပ်ဟန်တူသူ ထို အန်တီကြီးက မျက် နှာထားက ခပ်တင်းတင်း ..။

www.burmeseclassic.com

www.burmeseclassic.com



"သမီး .. ကားပေါ်တက် .. ဒါနဲ့ စန္ဒာ တို့ရော .. အန်တီထ

လိုက်ပို့ပေးရမလား .."

အန်တီထရေစီ ဆိုသူ အန်တီကြီးရဲ့ စကားကြောင့် စန္ဒာချို

အပြုံးနဲ့ ...

"ရတယ် အန်တီ .. သမီးတို့ဘာသာ ပြန်လိုက်တော့မယ် .."

မင်း က ကျွန်တော့်ကို မသိမသာကြည့်ပြီး ကားပေါ် တက်

ပါသည်။

စန္ဒာချို တို့က လက်ပြသည်။ အန်တီထရေစီ ဆိုတဲ့ အမျိုး

ကြီးက ကျွန်တော့်ကို ကြည့်သည်။ တစ်ဦးနဲ့တစ်ဦး မျက်လုံးမခွာ

ကျွန်တော်ကပဲ မျက်နှာလွှဲပေးလိုက်ပါသည်။ ဒါက သူက

မို့လို့ပါ။ စန္ဒာချို က ကားထွက်သွားတော့ ကျွန်တော့်ကိုပြောသ

"အဲဒါ သူ့အဒေါ် လေ .. သူ့အမေရဲ့ ညီမပေါ့ ...၊ 'မင်း' တို့ မိသ

အားလုံးက ကနေဒါမှာလေ .. မင်း ရဲ့ နာမည်အရင်းက ဂျ

တဲ့ .."

"စံပယ်ဖြူလေးပေါ့ .."

ကျွန်တော့် စကားကြောင့် စန္ဒာချို က ပြုံးသည်။ နောက်

"သူ့အဒေါ် က နင့်ကို သည်းကြီးမည်းကြီး ကြည့်နေတယ်



ဘာဖြစ်လို့လဲ .."

"အေး .. ဟုတ်တယ် .. ငါလဲ သတိထားမိတယ် .."

ကျွန်တော် ပင့်သက်ချမိပြီး ...

"ငါ ဘယ်သိပါ့မလဲဟ .."

ပေါက်ကြီး က မေးစေ့ကိုပွတ်ရင်း ...

"ဒေါ် ထရေစီ ရဲ့ အကြည့်က မင်းကို ကြည်ဖြူလိုလားတဲ့ဟန်

လဲ မပေါက်ဘူးနော် .. ချိုစိမ့် .."

"ငါ သိပါတယ် .."

ပူလောင်တဲ့ ပင့်သက်တွေဟာ မီးတောက်တွေသာ ဖြစ်ပေါ်နိုင်

ခဲ့ရင် သေချာပါတယ် .. ကျွန်တော်ဟာ အချစ်ကြောင့် ဖြစ်လာရမယ့်

ထူးဆန်းတဲ့ နဂါးတစ်ကောင်ပေါ့ ..။ ကဗျာဆန်ဆန်ပြောရရင် ချစ်ခြင်း

သောကနဂါးမျိုးစိတ်ပေါ့ .. 'မင်း' ရယ် ..။

•

www.burmeseclassic.com

www.burmeseclassic.com



"မြတ်ဇော် .. လာပါဦးကွ .."

မြတ်ဇော် နဲ့ စန္ဒာချို စကားတပြောပြောနဲ့ လျှောက်လာရာမှ လှမ်းခေါ်တဲ့အသံကြောင့် ကြည့်မိတော့ ကန်တင်းတစ်ခုရဲ့ ရှေ့ဆုံးဝိုင်းမှာ ဂစ်တာတစ်လက်နဲ့အတူ တွေ့လိုက်ရတဲ့ ဂစ်တာသူရဲကောင်းကျိုး နဲ့ ဘုတ် ..။

"လာဟာ .. သူတို့နဲ့တွေ့တုန်း လက်ဖက်ရည်လေးဘာလေး ဝင်သောက်ရအောင် .."

"ဟဲ့ .. ဟိုအုပ်စုက ကြာလို့ ပွည့်ပွည့်လုပ်နေဦးမယ် .."

စန္ဒာချို က နာရီကြည့်ရင်း ပြောတော့ မြတ်ဇော် က ...

"ခဏပါဟာ .. သူတို့ ငါတို့ကြာရင် ဖုန်းလှမ်းဆက်လိမ့်မယ် .. ကဲ .. လာပါ .."



မြတ်ဇော် အတင်းခေါ်တော့မှ စန္ဒာချို မလိုက်ချင်လိုက်ချင်နဲ့ လိုက်ခဲ့ရပါသည်။

"လာပါဦးဟ .. နင်တို့စုံတွဲက ရှေ့သွားနောက်လိုက် တယ်ညီ သားဟ .."

"ဟဲ .. ဟဲ .."

"ဘာ ဟဲဟဲလဲ .. နင်နော် မြတ်ဇော် အသားဝင်ယူမနေနဲ့ .. ကြီးကျိုး နော် .. စန္ဒာ နဲ့ သူနဲ့က ဘာမှမဟုတ်ဘူး .."

မြတ်ဇော် ကလဲ စပ်ဖြီးဖြီးနဲ့ ...

"ဟုတ်တယ် .. ဟုတ်တယ် .."

စန္ဒာချို က ရှက်ရှက်နဲ့ မြတ်ဇော် ခါးကို ဆွဲလိမ်တော့ ...

"အား .. နာတယ်ဟ .. နင်ပြောတဲ့ ဘာမှမဟုတ်ဘူးဆိုတာ ဟုတ်တယ်လို့ ငါ ထောက်ခံတာ နင်ကလဲ .."

ဆရာကျိုး နဲ့ ဆရာဘုတ် ကတော့ တဟားဟား ..။ ဆရာဘုတ် က မြတ်ဇော် ကိုမေးသည်။

"ဒါနဲ့ ဟိုနှစ်ကောင်ရော အဆင်ပြေသွားပြီလား .."

ဆရာဘုတ် အမေးကြောင့် စန္ဒာချို က ...

"ဘယ်သူလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဟိုနှစ်ယောက်ဆိုမှတော့ ဘယ်သူရှိဦးမှာလဲ .. ရှိုစိ
နဲ့ မင်းရဲ့ကျော်စွာ .. အဲလေ .. မင်းနေရီ ပေါ့ဟ .."

ဆရာဘုတ် စကားကြောင့် စန္ဒာချို က ရယ်ပြီး ...

"ကိုကြီးဘုတ် ရယ် .. သူတို့က ရိုးရိုးသားသား သူငယ်ချင်းတွေ
ပါ .."

"မဟုတ်သေးပါဘူးဟာ .. သူတို့တစ်ယောက်ကိုတစ်ယော
ဘယ်လောက် သံယောဇဉ်ရှိကြလဲ အားလုံးသိနေတာပဲ .. တချို့
သမီးရည်းစားလို့ ထင်နေတာ .. အဲဒီအထဲမှာ ငါတို့လဲ ပါတာပဲ .."

"အေးလေ .."

ဆရာကျီး ရဲ့ အထင်အမြင်ကို ဆရာဘုတ် ကဲ ထောက်ခံ
သည်။

"ဒါပေမယ် သူတို့နှစ်ယောက် တကယ့်သမီးရည်းစားမဖြစ်
ဘူးဆိုတာ ကျွန်တော်တို့ပဲ သိတယ် ဆရာကျီး .. မယုံရင် စန္ဒာ
မေးကြည့် .."

စန္ဒာချို ကလဲ ခေါင်းညိတ်ပါသည်။ ဆရာကျီး က မျက်မှော
ကြုတ်အောင် စဉ်းစားရင်း ...

"ဟိုကောင်လေးကလဲ ချစ်နေရဲ့သားနဲ့ ဘာဖြို့မပြောတာလဲ ..



ဘစ်သက်သုံး ဒီလိုကြီးနေသွားမှာလား .. မဟုတ်သေးပါဘူးကွာ .."

မြတ်ဇော် က သက်ပြင်းချပြီး ...

"သူ့အကြောင်းနဲ့ သူပေါ့ အစ်ကိုတို့ရာ .. ဒီကောင် သူ့ရင်ထဲက
စကားကို တစ်သက်လုံး ဖွင့်ပြောမှာ မဟုတ်ဘူး .."

မြတ်ဇော် က သူ့သူငယ်ချင်းအကြောင်းကို သိနေသူပီပီ အခုလို
ပြောတော့ စန္ဒာချို ကလဲ မျက်နှာမကောင်းစွာနဲ့ပဲ သက်ပြင်းချရင်း...

"'မင်း' ကလဲ ချိုစိမ့် ပြောလာမှာကို ကြောက်နေတာဟ .. ဒါပေ
ယ့် 'မင်း' က ချိုစိမ့် ကို သိပ်ချစ်တာဟ .."

"ဟာကွာ .. ဘာတွေလဲကွာ .."

"အေးလေ .. ရှုပ်နေတာပဲ .."

ဆရာဘုတ် က ခေါင်းကုတ်ရင်းပြောပါသည်။

"ကဲ .. ကဲ .. ကျွန်တော်တို့လဲ သွားလိုက်ဦးမယ် .."

"လက်ဖက်ရည်သောက်သွားဦးလေ .."

မြတ်ဇော် က လက်ခါပြရင်း .. သွားခါနီး ...

"သူတို့အကြောင်းပြောတာနဲ့ စားရသောက်ရမှာတောင် မေ့သွား
ပြီဗျ .. သွားပြီ နောက်မှ .."

"အေး .. အေး .."

www.burmeseclassic.com

www.burmeseclassic.com



မြတ်ခေါ် တို့ ထွက်သွားတော့ ဆရာကျိုး ခေါင်းတခါခါနဲ့ ...

"ဒီကောင်လေးတွေ မဟုတ်သေးပါဘူး .."

"ငါ့အထင်တော့ ငါတို့မသိရတဲ့ ပြဿနာတစ်ခုခုတော့ သူတို့ကြား မှာ ရှိနေတယ်ထင်တယ် ကျိုး .."

"ဖြစ်နိုင်တယ် ဘုတ် .. သူတို့နီးစပ်သွားတာ ငါ မြင်ချင်တယ် ကွာ .."

"အေးပါကွာ .. မင်း ခေါင်းမရှုပ်ခင် မြင်ရဖို့ ငါ ကြိုးစားပေး မယ် .."

"ခွေးကောင် .."



ဘကြီး ဘုန်းကြီးရဲ့ ကျောင်းပရဝဏ်ထဲဝင်တော့ သစ်ရိပ် ဝါးရိပ်တွေကြောင့် အေးချမ်းသွားပါသည်။ ရန်ကုန်မြို့ရဲ့ မြို့ပြအငွေ့ရှိန် က ဒီကျောင်းပရဝဏ်ထဲကို မထိုးဖောက်နိုင် ..။

"ဟော့ကောင် .. ပေါ်တော်မူလေး .."

ကပ္ပိယကြီးအသံကြောင့် သူ လှည့်ကြည့်တော့ သပိတ်တွေဆေး ပြီး ကွပ်ပျစ်ပေါ်မှာ မှောက်လှမ်းနေတာကို တွေ့တာကြောင့် ကပ္ပိယ ကြီးဆီ လျှောက်လာပြီး ...

"ကျောင်းစာတွေနဲ့ မအားလို့ပါဗျာ .."

"လုပ်မနေနဲ့ ဟော့ကောင် .. မင်း ဘောလုံးပွဲတွေနဲ့ အလုပ်ရှုပ် နေတယ်ဆို .."

"ဟာ .. မဟုတ်ပါဘူး .. ရှူးတိုးတိုး ဘဘုန်းကြီးကြားသွားဦး မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ အထိတ်တလန့်စကားကြောင့် ကပ္ပိယကြီးက တဟားဟား ..။ ကိုရင်လေးတွေက သူ့အနားရောက်လာပြီး ...

"ဒကာကြီး ရှိစိမ့် .. ညကပွဲ ဘယ်လိုဖြစ်သွားလဲ .."

"မိုးရွာလို့ဆိုလား .. မ,ကဖြစ်ဘူးဆိုပဲ .."

ကိုရင်လေးတစ်ပါးက နှာရည်တရှုံ့ရှုံ့နဲ့ ...

"ဟာဂျာ .. ကိုရင်တို့ပြောတာက .. မန်ယူဗျ .."

ကိုရင်လေးစကားကြောင့် ရှိစိမ့် တဟားဟား ရယ်ကာ ...

"အလကားစတာပါ ကိုရင်ရယ် .. နိုင်တယ် .."

ကိုရင်လေးက ကျေနပ်သွားကာ ကျန်တဲ့ ကိုရင်တွေနဲ့ ဆွမ်း[illegible] ကြွဖို့ ပြင်ဆင်ရန် ကျောင်းပေါ်တက်သွားကြပါသည်။

"အတော်ပဲကွာ .."

"ဘာကိုလဲ ကပ္ပိယကြီး .."

"အိမ်တက်ဆွမ်းတရားနာ ကျောင်းသားအဖြစ် လိုက်ခဲ့ကွာ .."

အရင်ကလဲ လိုက်ဖူးနေကျမို့ ...

"ဆရာတော် ကိုယ်တိုင်လား .."

"ဟင့်အင်း .. ဆရာတော်မပါဘူး ဦးနန္ဒိယ တို့နဲ့ .."

"သွားလေ .. လိုက်ခဲ့မယ် ကျောင်းက ကားနဲ့လား .."

ကပ္ပိယကြီးက သူ့အိတ်ကပ်ထဲက ဆေးပေါ့လိပ်အတိုကို မီး[illegible] ပြီး ရှိုက်ကာ ...



"ကျောင်းကကားနဲ့ မဟုတ်ပါဘူး .. အလှူရှင်ကားနဲ့ လာခေါ်[illegible] နေ့ဆွမ်းပေါ့ကွာ .."

ကျွန်တော် ခေါင်းညိတ်ပြီး ...

"ကဲ .. ဆရာတော်ကို သွားကန်တော့လိုက်ဦးမယ် .. ခဏလေး [illegible]ပ္ပိယကြီး .."

"အေး .. အေး .."

ကပ္ပိယကြီးက အခြောက်လှမ်းထားတဲ့ သပိတ်နဲ့ ဆွမ်းခွက်တွေ[illegible] ပြန်သိမ်းပြီး ကျောင်းအောက်က ဆွမ်းစားဆောင်ထဲ ပြန်သယ် [illegible]ပါသည်။ ကျွန်တော်လဲ ဆရာတော်ကို ကန်တော့ .. အာလပ[illegible]သလ္လာပ ပြောပြီး ကျောင်းအောက်ကို ပြန်ဆင်းလာပါသည်။

နောက်တော့ ကပ္ပိယကြီးနဲ့အတူ နေ့ဆွမ်းလာပင့်မယ့် အလှူရှင်[illegible]ကို စောင့်ရင်း ဟိုအကြောင်းဒီအကြောင်းတွေ ပြောရင်း စောင့်နေ[illegible]သည်။

"ဟော .. ကားလာပြီထင်တယ် .."

အဖြူရောင် ကားအကောင်းစားတစ်စီး ကျောင်းဝန်းထဲဝင်လာ[illegible] သူ ကပ္ပိယကြီးကိုပြောတော့ ကပ္ပိယကြီးက လှည့်ကြည့်ပြီး...

"ဟုတ်တယ် .. ဟုတ်တယ် အဲဒီကားပဲ .. ငါ ဦးဇင်းနန္ဒိယ ကို [illegible]လျှောက်လိုက်ဦးမယ် .."

ကပ္ပိယကြီးက ဦးဇင်းနန္ဒိယ ကို သွားလျှောက်ပြီး ခဏ[illegible]တော့

www.burmeseclassic.com



ဦးဖင်းသုံးပါးနဲ့အတူ ကပ္ပိယကြီး ထွက်လာတော့ ကျွန်တော်ပါ ဦး
တို့နဲ့အတူ ကားပေါ် တက်လိုက်လာပါသည်။

နောက်တော့ ကျွန်တော်တို့ အလှူ့ရှင်အိမ်ရောက်လာပါတ
ကျွန်တော်နဲ့ ကပ္ပိယကြီးက ခြံထဲမှာပဲ အေးအေးဆေးဆေး စ
ပြောရင်း ကျန်ခဲ့ပါတယ်။

တရားနာပြီးချိန်လောက်မှန်းကာ ကပ္ပိယကြီးက သူ့ရဲ့ ဟောင်
လှတဲ့ နာရီစုတ်ကြီးကိုကြည့်ကာ တဖျတ်ဖျတ် ရိုက်လိုက်ရင်း –

"ငါ .. တရားနာပြီးပြီလား .. သွားကြည့်လိုက်ဦးမယ် .."

"ဟုတ်ကဲ့ ကပ္ပိယကြီး .."

ကပ္ပိယကြီး ထွက်သွားတော့ ကျွန်တော် ထိုင်နေရင်း ခြံကျယ်
ကို ဟိုကြည့်ဒီကြည့် အပျင်းပြေ စပ်စုပေါ့ ..။ အဲဒီအဲချိန်မှာ ကားတ
ဝင်လာသံကို ကြားရပါသည်။ ကိုယ့်ကိစ္စမဟုတ်တာကြောင့်
မကြည့်ဖြစ် ..။

စကားပြောသံတွေ ကြားရပါတယ်။ နောက်ပြီး သူ့ဘေး
အရောက် ...

"ဟဲ့ .. ချိုစိမ့် .."

ကျွန်တော့်ကို ခေါ် လိုက်တာကြောင့် လှည့်ကြည့်တော့ ..
ဟန်နဲ့ ကျွန်တော့်ကို ကြည့်နေတဲ့ 'မင်း' ..။ နောက်ပြီး 'မင်း' ရဲ့
မှာ ဟိုတစ်ခါကျောင်းမှာ တွေ့ရတဲ့ အေးစက်စက် အန်တီကြီး –



"နင်က ဒီကို!..."

ကျွန်တော်က ရယ်ပြီး ...

"ငါက ဘုန်းကြီးကျောင်းသားလေ .. ်ကရော .."

ချိုစိမ့် က : အန်တီဘက် ပြုံးကြည့်ရင်း ...

"အလှူ့ရှင်က အန်တီလေး မိတ်ဆွေလေ .. ဒရိုက်ဘာမရှိလို့
ဒါ ဒရိုက်ဘာပေါ့ .. ဩော် .. ဒေါ်လေး .. ဒါ .."

"သမီး .. နောက်ကျနေပြီ သွားရအောင် .."

ဆက်ဆံလိုစိတ်မရှိတဲ့ လေယူလေသိမ်း မျက်နှာအနေအထား
ကြောင့် 'မင်း' ကျွန်တော့်ကို အားနာနေမှန်း ကျွန်တော် သိပါသည်။

"သွား .. သွား .. 'မင်း' တရားနာတာလဲ ပြီးပြီဆိုတော့ ငါတို့လဲ
ပြန်တော့မှာ .."

"ဟို .. ဟာ .."

ကျွန်တော် အနေရခက်နေတဲ့ ကောင်မလေးကို ပြုံးပြီး မေးဆတ်
ပြတော့ သူမ သက်ပြင်းချကာ သူ့အန်တီနဲ့ အိမ်ဘက် ထွက်သွားပါ
သည်။ ဒီလိုပါပဲလေ .. လူဆိုတဲ့အရာကို တချို့က ငွေရေးကြေးရေး
ကို အခြေခံပြီး ဘယ်နှစ်မျိုး ဘယ်နှစ်စားဆိုပြီး ခွဲခြားချင်ပုံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com





✽ မသိကျိုးကျွန်ဆိုတဲ့စကားနဲ့
ချည်နှောင်ထားတဲ့မျှော်လင့်ချက်တွေ
ပြန်လည်နိုးထ ပြန်ရှင်သန်မယ်ဆိုရင်
မင်းငြိုငြင်မှာလား အချစ်ရယ်...။



မျှော်လင့်ချက်တွေကို အနုကြမ်းစီးခံရပြီးတဲ့နောက်မှာ ...တော် အချစ်ဆိုတာကို ကိုယ့်အနားမှာ ဝဲပျံနေတဲ့ လိပ်ပြာလို့ပဲ ...တယ်။ ကိုယ့်အနားမှာ ပျံဝဲရင်း ကိုယ်ပျိုးထားတဲ့ ပန်းပွင့် အဖူးအငုံ ... ဝတ်ရည်ကို လာမသောက်သုံးဘဲ အနားမှာ ပျံဝဲနေတယ်လို့ပဲ ...တယ် ..။

ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော့်အနီးအနားမှာ တစ်ချိန် ... ရှိနေတယ်လေ ..။ ဒီနေ့လိုပေါ့ .. ဒီနေ့က ကျောင်းပိတ်ရက် ..၊ ...ချို က သူ့အိမ်က ကားသယ်လာရင်း .. (မောင်းလာတာပါ၊ ရှက် ...ာမဟုတ်ပါ။) သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ...တယ် ..၊ နောက်ဆုံး ကျွန်တော်တို့ အဆောင်ကိုပေါ့ ..။ ...ကြီး က ဂစ်တာပါ သယ်လာပါသည်။

"နင်ပြီးရင်တော့ ကားနဲ့ ပြန်ပို့ရမယ်နော် .."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ် .."

ပေါက်ကြီး က ဆက်ပြောသေးသည်။

"နင်ပြန်မပို့ရင် အစုလို မျက်မှန်အမည်းကြီးတပ်ပြီး ရထားစီး ပြန်ရင် ငါ့ကို တောင်းစားတဲ့ လူလို့ ထင်မှာစိုးလို့ဟ .."

ပေါက်ကြီး စကားကြောင့် မြတ်စော် က ...

"အဖော်အဖြစ်နဲ့ အေးယု ခေါ်သွားလေ .. ခေါင်းပေါင်းလေးပေါင်း မင်းကတီး .. သူက ဆိုပေါ့ .."

"မသာကောင်တွေ .."

အေးယု က ရှက်ရှက်နဲ့ ပြောပါသည်။ ဒီလိုနဲ့ ကျွန်တော်တို့ ပန်းခြံတစ်ခု ရောက်သွားတယ်ဆိုပါတော့ ..။ စကားတွေပြောကြ - စားကြ သောက်ကြပေါ့ ..။

"ပျင်းတယ်ဟ .. ဂစ်တာတီးပြီး သီချင်းဆိုဟာ .."

"နင့်မှာ ခွက်ပါလာလို့လား .."

ပေါက်ကြီးက ခပ်တည်တည်နဲ့ပြောတော့ အေးယု က မသိတဲ့

"ဘာလဲ .. ရေသောက်ဖို့လား .."

"တောင်းစားဖို့ ရှယ်ယာနော် .. အရင်းထုတ်ပေးမယ် ခွက်ကို"

ပေါက်ကြီး စကားကြောင့် အေးယု ရှက်ကိုးရှက်ကန်းနဲ့ ပေါက်ကြီး ကို ကုတ်ဖဲ့ပါတော့သည်။



ကျွန်တော် ဂီတာကို ကောက်ကိုင်လိုက်ပါတယ်။ တို့ထိခတ်ကာ ကို စ,တီးတော့ အားလုံးငြိမ်သွားပါသည်။ ကျွန်တော် ဘာတီးလို့ မွန်းမသိသေး ..။ ဒါပေမယ့် မရည်ရွယ် .. ဆရာကျီး နဲ့ ဘုတ် 'ခင်း' သီချင်း အင်ထရိုကို စ,တီးမိပါသည်။

ကျွန်တော် သီချင်းဆိုရင်း 'မင်း' ကိုကြည့်မိသည်။ 'မင်း' ရဲ့ ဝန်းတွေက ရီဝေလဲ့ဖြာနေကာ ငေးကြည့်ချင်စရာကောင်းအောင် နေပါသည်။

ကျွန်တော် ပြောချင်တဲ့ စကားတွေက သီချင်းတွေဖြစ်နေတယ်။ နေတဲ့ အိပ်မက်တွေ အသက်ပြန်ဝင်လာသလိုပါပဲ ..။

သီချင်းလေးလဲ ပြီးဆုံးသွားတော့ လက်ခုပ်သံတွေကြားရပါသည်။

"ဆရာကျီး နဲ့ ဘုတ် က .. ပုံစံတွေကကြည့်တော့ အူတူတူ .. အရေးကောင်းတာပဲ .."

"သူတို့နှစ်ယောက် ခွေထုတ်ဖို့ ကြိုးစားနေတယ်ဟ .."

"ဘာတဲ့ .. တိုင်တယ်က်ာ ငှက်နှစ်ကောင်ရဲ့ အတ္တုပတ္တိတဲ့ .."

"နင်ကတော့ ပေါက်ပေါက်ရှာရှာပြောတော့မယ် .. ပေါက်ကြီး"

'ခင်း' က ကျွန်တော့်ကို ပြုံးစစနဲ့ ...

"ချိုစိမ့် .."

www.burmeseclassic.com

"ပြောလေ .."

"ငါ .. ရေခဲချောင်းစားချင်တယ် .. စတော်ဘယ်ရီနော် .."

"အေးပါ .. ခဏစောင့် .."

ကျွန်တော်က ဟိုကြည့်ဒီကြည့်ရင်း ထတော့ ပေါက်ကြီး ထ

"ဟိုမှာ .. ငါလဲ စားချင်တယ် .. လိုက်ခဲ့မယ် .."

ရှေ့ဘီးနှစ်ဘီး နောက်ဘီး တစ်ဘီးပေါ်မှာထိုင်ရင်း ရေခဲချော

ရောင်းနေတဲ့လူတစ်ယောက်ကို တွေ့ရသည်။

"အံမယ် ရေခဲချောင်းသည်က မိုးပျံပူဖောင်းပါ ရောင်းနေပါလာ

ကွ .."

လှည်းထိပ်မှာ မိုးပျံပူဖောင်းလေးတွေကြိုးနဲ့ချည်ထားတာ

တွေ့သည်။ အနားရောက်တော့ ...

"ရေခဲချောင်း ငါးချောင်း စတော်ဘယ်ရီနော် .."

"ဟို .. အဲ .. အင်း .. အင်း .."

ရေခဲချောင်းသည်က အူကြောင်ကြောင်လုပ်နေပါသေးသည်

ကျွန်တော် မိုးပျံပူဖောင်းတွေကိုကြည့်ပြီး 'မင်း' အတွက် တစ်

လက်ဆောင်ပေးချင်တာကြောင့် တစ်လုံးတည်းသာပါသည့် အသ

ပုံသဏ္ဌာန် မိုးပျံပူဖောင်းကို ဆွဲဖြုတ်ယူဖို့လုပ်တော့ ရေခဲချောင်းသ

က ...



"မရောင်းဘူး .. မရောင်းဘူး .."

ရေခဲချောင်းသည် စကားကြောင့် ပေါက်ကြီး က ...

"ခင်ဗျားကလဲဗျာ .. ပိုက်ဆံပေးဝယ်တာပဲဟာ .. ရောင်းလိုက်.."

ကျွန်တော် ပြန်ဖြုတ်မယ်လုပ်တော့ ရေခဲချောင်းသည်က ခေါင်း

ထုတ်ရင်း ငိုတော့မယ့်ဟန်နဲ့ ...

"တကယ်မရောင်းပါဘူးဆို .."

"ရောင်းလိုက်ပါကွာ .."

"ကဒ် .. ကဒ် .."

"ဟာ .. ကဒ်တဲ့ ရှုံစိမ့် အမြန်ကျောချင်းကပ်ထား .. ဘာ ..

ဘာဖြစ်တာလဲ .."

ပေါက်ကြီး အလန့်တကြားနဲ့ ပြောပြီး ဘေးဘီဝဲယာ ပြူးတူးပြဲတဲ

ကြည့်တော့ ...

"ဟိုက် .. ဗီဒီယိုရိုက်နေတာကွ .."

ဒါရိုက်တာလို့ ထင်ပုံရမယ့် လူကြီးက အော်သံကြီးနဲ့ ပြေးလာ

တာ ...

"ခင်ဗျားတို့ဗျာ .. ဝယ်ပြီးရင်လဲ ပြန်ပေါ့ .. ကျုပ်က ဇာတ်ရှင်

ဒိဖြင့်အောင် အပြင်လူဈေးဝယ်စားနေတယ်ဆိုပြီး ရိုက်နေတာ .. အဲဒါ

ရေခဲချောင်းသည် မဟုတ်ဘူး မင်းသားဗျ .."

www.burmeseclassic.com



အဲဒီတော့မှ ရေခဲချောင်းသည်ကို ကြည့်မိတော့ ပေါက်ကြီး က ဝမ်းသာအားရနဲ့ ...

"ဟာ .. ဓာတ်ရှင်မင်းသား နေမိုး ပဲ .. မင်းသားရော ကျွန်တော် မမှတ်မိဘူးတကယ်ပီပြင်တယ်ဗျ .."

မင်းသားခင်ဗျာ ဒိုရအခက် ရယ်ရအခက် ..။ ဖြစ်ပုံက မင်းသားက ရေခဲချောင်းရောင်း .. မင်းသမီးက လာဝယ်စား ..၊ မင်းသားက အသည်းပုံ ပူဖောင်းလေးပေး လုံးဝ လပ်ဆင်း ..၊ အခုတော့ ..။

မိုးပျံပူဖောင်းအကြောင်းကို ပြောပြောပြီး ရယ်ကြပါတော့သည်။

"ငါလဲ ဘယ်သိမလဲ .. ပေါက်ကြီး က ဖြုတ်ဆိုတော့ ငါလဲဖြုတ် ဖို့ပြင် .. မင်းသားက တား .. ဟိုကောင်က ဖြုတ်ခိုင်း .. လုံးချာလိုက်နေတာပဲ .."

ကျွန်တော် အစအဆုံး ပြောပြတော့ စန္ဒာချို က ပြုံးစေ့စေ့နဲ့...

"နင်က ဘာဖြစ်လို့ မိုးပျံပူဖောင်းဝယ်ရတာလဲ .."

ကျွန်တော် ရှက်ကိုးရှက်ကန်းနဲ့ ...

" 'မင်း' များ လိုချင်မလားလို့ .."

"ဘာမင်းလဲ .. သုံးဆယ့်ခုနစ်မင်းလား .."

မြတ်ဇော် က ရယ်ကျဲကျဲနဲ့ ဆိုသည်။ 'မင်း' ကတော့ ကျွန်တော့်ကို ပြုံးပြီး ကြည့်နေပါသည်။ စန္ဒာချို က ဆက်မေးပြန်ပါသည်။



"အဲဒါများဟယ် .. ဒီပြင် မိုးပျံပူဖောင်းတွေရှိရဲ့သားနဲ့ ဗီဒီယို ခိုက်မယ့် တစ်လုံးတည်းသော အသည်းပုံ မိုးပျံပူဖောင်းကို ရွေးရတာလဲ .."

"အဲ .."

ကျွန်တော် ဘာပြောလို့ ပြောရမှန်းမသိ ..။ ဟိုကောင်တွေက ဘခွီးခွီး ..၊ 'မင်း' က ကျွန်တော် ချောင်ပိတ်မိနေတာကို သိလို့ စစ်ကူအနေနဲ့ ဝင်ပြောပါသည်။

"သြော် .. သူငယ်ချင်းမို့လို့ ပေးချင်လို့ပေါ့ပါဟယ် .. နော် .. ချိုစိမ့် .."

ပြောပုံလေးကိုက အသည်းယားစရာလေးပါ။ ခုန မိုးပျံပူဖောင်းလေး ရင်ထဲမှာ 'ဖောင်း' ကနဲ ပေါက်ကွဲသွားသလိုပါပဲ ..။

"ပြောလိုက်ရင်တော့ သူငယ်ချင်း .. ဟင် .. ပြောကိုမပြောချင်တော့ဘူး .."

ပေါက်ကြီး ရဲ့ အမူအယာကြောင့် ရယ်မိကြပါသည်။ မြတ်ဇော် က ...

"ဟေ့ကောင် .. အခုမှ သတိရတယ် .."

"ဘာလဲ မင်းညီမ ယောက်ျားအိမ်သာမှာ မေ့ကျန်ခဲ့လို့လား .."

"အေး .. ဟာ .. ငါ စကားအကောင်းပြောမလို့ဟာကို .."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ပြောစမ်းပါဦး မြတ်ဇော် ရာ .."

"ငါတို့မေဂျာ နဲ့ ပထဝီက ကောင်တွေနဲ့ ဘောလုံးရိုက်နက်မလို့ .."

"လုပ်လိုက်လေ .. ကန်ပြီးသားပဲ .."

"မင်းက ကန်တတ်လို့လား .. ချူစိမ့် .."

"ဟော့ကောင် .. ငါ့ဘကြီးက တိုင်းလက်ရွေးစင်ကွ .."

"ဘောလုံးသမားလား .."

"လောင်းကစားသမား .. အလကားပြောတာပါ .. တကယ့် ဘောလုံးသမား မကျွေး ဂိုးသမား .."

"ဟာ .. မင်းတို့က ဘောလုံးမျိုးဆက်ပဲ .."

"ဒါပေမယ့်ကွာ .. ငါ့ဘကြီးက တိုင်းနဲ့ပြည်နယ်ပွဲမှာ ဂိုးဖမ်းနေတုန်း ဘောလုံးပွဲ ကြေငြာသူက ခဏခဏမှားပြီး မဂိုး ကွေးသမားချည်း လိမ့်အော်နေတော့ စိတ်နာနာနဲ့ ဘောလုံးမကစားတော့တာ .."

မိန်းကလေးတွေ မျက်နှာအရဲသားနဲ့ ရယ်ပါတော့သည်။ စန္ဒာချို က ကျွန်တော့်ကျောကို ထုပြီး ...

"အတော်ညစ်စုတ်တဲ့ ကောင် .."

"ဒါနဲ့ ငါတို့ မေဂျာက ဂိုးသမားက .."

"အထင်ကရပုဂ္ဂိုလ် ဆရာကျီး ပေါ့ကွ .. ဆရာဘုတ် က နောက် တန်း .. ဟော့ကောင် မေဂျာချင်း ချိန်းကန်တယ်ဆိုပြီး အထင်မသေး



နဲ့နော် .. ဘက်လိုက်မှာစိုးလို့ အပြင်ကဒိုင် စည်းကြပ်တွေ ပိုက်ဆံပေး ငှားပြီး ခေါ်ထားတာ .."

မြတ်ဇော် စကားကြောင့် 'မင်း' က ...

"ဘယ်နေ့လဲ .."

"မနက်ဖြန် .."

"အေး .. ငါတို့လဲ အားပေးမယ် .."

မြတ်ဇော် မင်း ရဲ့ စကားကြောင့် အားတက်ဟန်နဲ့ ...

"ကောင်းတာပေါ့ဟာ .. ဟိုဘက်က သူတို့မေဂျာက ကျောင်းသူတွေလဲ အားပေးမယ်ဆိုတော့ နင်တို့လဲ ပါလာမှ ကောင်းမှာ .. သိတာထွေး တို့ မိုးမိုးခိုင် တို့လဲ ကျောင်းသူတွေကို စည်းရုံးနေတယ်."

ကျွန်တော့် ခြေစွမ်းခြေစကို ဆရာက သိနေတာကြောင့် အခုလို ပြောခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဆင်တူနဲ့ ကွင်းထဲကိုဝင်တော့ လူတွေက မြောက်ကြွ မြောက်ကြွ .. ဟိုဘက်ဒီဘက် ကျောင်းသားကျောင်းသူတို့ရဲ့ ကိုယ်မျှော်ကိုယ် အားပေးသံတွေက ပွဲတောင်မစရသေးဘူး ဆူညံနေပါသည်။ ဆရာအောင်ဇော် နဲ့ ဆရာထွေး တို့က သူ့ကိုမှာသည်။

"ချိုစိမ့် ကျောနံပါတ် လေးကို သတိထား .. ဒီကောင်က လူချကစားတတ်တယ် ..။ မင်း အကြောင်းကိုသိတော့ မင်းကို လူကပ်ကစားမှာ သေချာတယ် .."

"စိတ်ချ ဆရာဇော် .."

ဆရာထွေး ကလဲ မှာသည်။

"မင်း .. တင်ဌေး နဲ့ ရိုက်ကစား ချိုစိမ့် ..။ ဘောက် မင်းနဲ့တွဲကစားမယ့် အောင်နိုင် ကို အမြဲသတိပေး .. နိုင်းစရာရှိတာ နိုင်း .."

"ဟုတ်ကဲ့ .. ဆရာ စိတ်ချ .."



ဒိုင်လူကြီးက ဝီစကီ အဲလေ .. ဝီစီမှုတ်ခေါ်နေတာကြောင့်...

"ဟိုမှာ ဒိုင်ခေါ်နေပြီ .. သွားကြ .."

'မင်း' က လက်လှမ်းပြတော့ ...

"ချိုစိမ့် နိုင်အောင် ကန်နော် .."

'မင်း' စကားကြောင့် သူတို့ နောက်တန်းသမား အောင်နိုင် က ရယ်ကျဲကျဲနဲ့ ...

"နိုင်အောင် တော့ မရှိဘူး .. အောင်နိုင် ပဲ ရှိတယ် .."

'မင်း' က အောင်နိုင် ကို မျက်စောင်းလှမ်းထိုးကာ 'သေလိုက်' လို့ လှမ်းပြောပါသည်။

ဒိုင်က ကွင်းထဲရောက်တော့ တရားဝင်လုပ်ခွင့်ရတဲ့ လောင်းကစားနည်းဖြစ်တဲ့ အကြွေစေ့ကိုပြကာ ကွင်းရွေးခိုင်းပြီး မြောက်ပန်းလှန်ပါသည်။

ပွဲက စတာနဲ့ ကြမ်းလာပါသည်။ မိနစ်နှစ်ဆယ်တောင် မပြည့်သေးဘူး သူတို့ဘက်က တစ်ယောက် ဒဏ်ရာနဲ့ ထွက်သွားပါသည်။ ပတာဝီက ကျောနံပါတ်လေးက သူ့ကို (မာကင်) အသေကပ်ကစားသည်။ တစ်ချိန်မှာ ဘယ်တောင်ပံ တိုက်စစ်သမား မိုးမိုး က သူ့ကို ဘောလုံးထိုးပေးပြီး တစ်ဖက်အသင်းကလူကို ကျော်အပြေး ချိုစိမ့် မိုးမိုး ရဲ့ ပြေးလမ်းထဲ ဘောလုံးခင်းပေးဖို့အလုပ် ...

www.burmeseclassic.com

www.burmeseclassic.com



"ရှိုး .."

"ဖောင်းဘော .."

"ဟော့ကောင် ပထဝီ .. မသထီစရာ မလုပ်နဲ့ .."

"အေး .. မင်းတို့ မြန်မာစာက မသက်ာစရာကို .."

"ဒါ .. ဖောင်းဘော မဟုတ်ဘူး .."

"ဒါဆို .. ဘာလဲ .."

"လုံးဘော .."

ရယ်သံတွေ အတိုက်အခံစကားတွေ ရှုပ်နေပါသည်။ ကျွန်တော်တို့ ပြစ်ဒဏ်ခံဘော ကန်ခွင့်ရပါတယ်။ ပြစ်ဒဏ်ဘော ကန်ရမယ့်နေရာက ဝိုးဧရိယာစည်းတစ်ဝိုက်အနီးနားမှာပါ။

"ချိုစိမ့် ..."

"ပေါ့စိမ့် ..."

ကျွန်တော် ကန်မယ်ဆိုတာ သိတော့ ကျွန်တော်တို့ဘက်ကျောင်းသားတွေက လှမ်းအော် အားပေးကြပါသည်။ ကျွန်တော် စိရောနယ်သို့လို ဟန်ပါပါနဲ့ ခြေခွဲပြီး အသင့်နေရာယူလိုက်ပါသည်။ ပြီးတော့ လေကို မှုတ်ထုတ်လိုက်ပါသည်။ ပြီးတော့ ခြေလှမ်း ခုနစ်လှမ်းဆုတ်လိုက်သည်။ ပရိသတ်က အပ်ကျသံကအစ ကြားရအောင် ငြိမ်သက်နေသည်။



ကျွန်တော်ပြေးသည်။ ဘောလုံးနားနီးတော့ အရှိန်ပိုမြှင့်လိုက်ပါတယ်။ ပြီးတော့ ဘောလုံးကို ကျုံးကန်ဖို့ အားကုန်ခြေထောက်ကို အလွှဲ ..၊

"ဟာ!..."

ကျွန်တော် ဟန်ချက်ပျက်သွားကာ ဘောလုံးကို ရှပ်ကန်မိသလိုဖြစ်သွားကာ .. ဘောလုံးက ဂိုးတည့်တည့်ကို မသွားဘဲ မိုးပေါ်ကို ထောင်တက်သွားပါသည်။

"ရှိုး .. ဒါ ဖရိုးကစ်လား .. မိုးပြောဂျိုးပြောကစ်လား .."

"မြန်မာစာ အာပလာ .."

ကျွန်တော့်ကို လှောင်တဲ့အသံတွေ ကြားရပါသည်။ ကျွန်တော်သဲ စိတ်ပျက်လက်ပျက်ဖြစ်မိကာ ကိုယ့်အသင်းသားတွေနဲ့ နေရာပြန်ယူဖို့အလှည့် ..၊

"ဟာ .. ဟာ .."

ကျွန်တော့်ဘေးကကျွန်တော်တို့ တိုက်စစ်မှူး ရဲမင်း ရဲ့ အထိတ်တလန့်အသံကြောင့် ကမန်းကတမ်း ကြည့်မိတော့ မိုးပေါ် ထောင်တက်သွားတဲ့ ဘောလုံးက အရှိန်နဲ့ ပြန်ကျလာပါသည်။ ပထဝီ ဂိုးသမားဖြသွားပါသည်၊ သူလဲ ထင်မှ မထင်ကို ..။ ဘောလုံးက ကောင်းကောင်းအနေ ဝိုးဘားတန်းကပ်ပြီးအကျ ပထဝီ ဂိုးသမားလဲ ပုတ်ထုတ်

www.burmeseclassic.com



မမှီမကန်းဖြစ်ကာ နောက်စေ့နဲ့ ဘောလုံးကထိပြီး ဂိုးပိုက်ထဲအဝင်

"ဂိုး .."

ကျွန်တော် ပါးစပ်အဟောင်းသား ..၊ ပရိသတ်ထဲက အသံကြား ရပါသည်။

"ဒါ မှတ်တကီး ဂိုးမဟုတ်ဘူးကွ .. ရော်နယ်ဒို တို့ ပီကာ ... တောင် မကန်တတ်လို့ ချိုစိမ့် ဆီ လာသင်ရသေးတယ် .. မှတ်ထား"

"ရှိုး .. ရှိုး .."

ပထမပိုင်း ပြီးသွားပါပြီ။ ဆရာဇော်က မှာသည်။

"မင်းတို့ ဒုတိယပိုင်းမှာ ဂိုးရဖို့ထက် ဂိုးမပေးရအောင် ကစား"

မင်း လိမ္မော်သီးတွေ့နွှာပြီး ကျွန်တော့်ကို ပေးကာ ...

"နိုင်အောင် ကစားနော် ချိုစိမ့် .."

ပေါက်ကြီး က ရယ်ကျဲကျဲနဲ့ ...

"ချိုစိမ့် မင်းရဲ့ ဖရိုးကစ်က ရှယ်ပဲ .."

ကျွန်တော် ရယ်ကျဲကျဲနဲ့ နေလိုက်ပါသည်။ ဒုတိယပိုင်းပွဲစတော့ ပွဲက လျှင်မြန်လာပါတယ်။ ဘောလုံးက ဟိုဘက်ရောက်လိုက်၊ ဒီဘက် ရောက်လိုက်ပေါ့။ တော်တော်ကြာတော့ ကျွန်တော် ကွင်းဘေးကထွက် သွားပြီး ...

"ဆရာ ဘယ်နှစ်မိနစ် ကျန်သေးလဲ .."



"ဆယ်မိနစ်လောက် ကျန်သေးတယ် .."

"ကျွန်တော့်ကို လူစားလဲပေးပါလား .."

ဆရာက စိုးရိမ်ဟန်နဲ့ ကျွန်တော့်ခြေထောက်ကိုကြည့်ကာ..

"ဒဏ်ရာ ရလို့ ဘား .."

"ဟင့်အင်း .."

"ဘာဖြစ်လို့လဲ .."

ပြောမယ်လုပ်တော့ ဆရာ့ဘေးက ကျောင်းသူတွေက ...

"ချိုစိမ့် ဟိုကောင် ဘောလုံးခွဲလာပြီး ဖျက် .. ဖျက် .."

ကျွန်တော် ကမန်းကတမ်း နောက်က ပြေးလိုက်ရပါတယ်။ ...ာ်သေးတာပေါ့ .. ဆရာကျီး က ဘောလုံးဖမ်းမိလို့သာ ..။

ဆရာဘုတ် က လှမ်းပြောသည်။

"မင်း .. ဘာဖြစ်နေတာလဲ .. ချိုစိမ့် .."

ကျွန်တော် ခပ်တိုးတိုး လှမ်းပြောသည်။ ဆရာကျီး က ဘောလုံး ...း အားကုန်ကျုံးကန်လိုက်ပါသည်။

"ဒီလိုလုပ် .. မဖြစ်နိုင်တဲ့ အခြေအနေမှနော် .."

"အင်းပါ .."

ဘောလုံး ဆက်ကန်ပြန်တယ် ..၊ ဒီတစ်ချီတော့ မရတော့ .. ကျွန်တော် မခံမရပ်နိုင်ဖြစ်ကာ ကျွန်တော့်ကို နောက်ကျောပေးထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒိုင်လူကြီးကို အသလွှတ်ကြီး ကျူးကန့်ပြစ်လိုက်ပါတယ်။ အား
ကြောင်သွားပါသည်။ ဘောလုံးတောင် ဆက်မကစားကြပဲ ကျွန်တေ
ကို ကြည့်နေပါသည်။ ဘောလုံးနဲ့ ဒိုင်လူကြီးက တခြားစီကို ..။ ဒိုင်
ကြီး ဝီစီတောင် မမှုတ်နိုင် .. နောက် ဘောလုံးသမားတစ်ယောက်
ဒိုင်ကို တွဲထူပေးသည်။ ဒိုင်လူကြီး ဝီစီကိုမှုတ်ကာ ...

"ရှိုး .."

"ဟေး .. အနီကဒ်ကွ .."

ကျွန်တော်ပျော်ပြီး ထခုန်တော့ .. ကျွန်တော့် အသင်းသား
က ကြောင်တောင်တောင် ..။ ကျွန်တော် ကမန်းကတမ်းပြေး
ဆရာဇော် ရှေ့ ရောက်တော့ ...

"ဆရာဇော် .. ဆရာဇော် ဆိုင်ကယ်သော့ .."

"ဟေ့ကောင် ဘာဖြစ်လို့လဲ .."

"ပေးပါ ဆရာရယ် .. အီးထွက်ကျတော့မယ် .."

"အိုး .. ဂေါ်ဒ် .."

ဆရာဇော် က မျက်လုံးကြီးပြူးပြီး ကျန်ခဲ့သလို ကောင်လေး
တွေရဲ့ ရယ်သံတွေ ..။ ကျွန်တော်ကတော့ ဆိုင်ကယ်ကို လီဗာအသ
ဆွဲပြီး ပြေးပြီ ..။



သူ ဆိုင်ကယ်နဲ့ ပြန်ရောက်လာတော့ ဆရာဇော် တို့က သူ့ကို
တော့ ရယ်ကြပါသည်။ ဘောလုံးကွင်းထဲမှာ တစ်ဖက်ဘောလုံး
သင်းလဲမရှိတော့ .. ပရိသတ်တွေလဲ ပြန်ကုန်ကြပါပြီ။ ကျွန်တော်
ခွဲ့နဲ့ ဆရာဇော် .. ဆရာထွေး နဲ့ 'မင်း' တို့ အုပ်စုပဲ ကျန်ပါတော့
ယ်။

ဆရာဇော် ဘေးမှာဝင်ထိုင်တော့ ဆရာဇော် က ကျွန်တော်ပခုံး
တ်ရင်း ...

"မင်း ချွေးပြန်တာ ဘောလုံးကန်လို့လား .. အိမ်သာသွားချင်လို့
ချိစိမ့် .."

"နှစ်ခုစလုံးပဲ ဆရာ .. ဒါနဲ့ ပွဲအခြေအနေ .."

"ဒီအတိုင်းပဲ ဝမ်းဖီးနဲ့ပဲ ပြီးသွားတယ် .."

ကျွန်တော် မင်း လှမ်းပေးတဲ့ အအေးပုလင်းကို ယူတော့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကျီး က ...

"တော်တော်ဆိုးတဲ့ကောင်ကွာ .. ဒိုင်ကို အသလွှတ်ကြီး နော ကပြေးကျုံးကန်တာ .. အားလုံးကြောင်သွားတာပေါ့ကွာ .."

ကျွန်တော် ရယ်ကျဲကျဲနဲ့ ...

"အဲဒါ .. ဆရာဘုတ် အကြံလေ .."

"ဟ .. ဒီအကြံပဲ ပေးရမှာပေါ့ .. ဆရာဇော် ကလဲ ဒီကောင့်ထ လူစားမလဲတော့ ဒါပဲရှိတော့တယ်လေ .."

ကျွန်တော့်ကိုကြည့်ပြီး ရယ်ကြပါသည်။ ဆရာတွေး က ကျွန်တေ ကို ပြုံးစေ့စေ့နဲ့ ကြည့်ရင်း ...

"နောက်တစ်ခါ ဘောလုံးကန်ရင် အိမ်သာအရင်တက်ထား ချစ်မို့ .."

'မင်း' က ကျွန်တော့်ကို ကြည့်ပြီး ...

"နင်ကတော့ ဖြစ်လိုက်ရင် အဆန်းချည်းပဲ .."

စန္ဒာချို ကလဲ ...

"ဒါပေမယ့် ဒီပွဲမှာ ဟော့အဖြစ်ဆုံးက ချစ်မို့ ပဲနော် .. ကော မလေးတွေဆိုရင် ချစ်မို့ ဆိုတာချည်းပဲ နော် .. 'မင်း' .."

'မင်း' ကို ကြည့်တော့ 'မင်း' က နှုတ်ခမ်းစူသည်။

"ဟုတ်တယ် .. ဒီကောင်ရဲ့ ထူးဆန်းလှပတဲ့ ဖရိုးကစ်က ဖော့ဘု မှာ တင်ထားရင် တမ္ဘာကျော်မှာ သေချာတယ်ကွ .."

ပေါက်ကြီး စကားကြောင့် ရယ်ကြပြန်ပါသည်။



"ကဲ .. ကဲ .. ပြန်ကြရအောင် .."

ဆရာဇော် က လော်ဆော်တော့ ကျွန်တော် ဆရာဇော် ကို ဆိုင်ကယ်သော့ ပြန်ပေးတော့ ...

"မင်း စင်အောင် ဆေးခဲ့လား .. ချစ်မို့ .."

"ဟာဗျာ .. ဆရာဇော် ကလဲ .."

ရယ်သံတွေကြားရပါသည်။ ကျွန်တော်တို့ တစ်အုပ်ကြီး ဘောလုံးကွင်းထဲက ထွက်လာတော့ ကွင်းဝင်ဝမှာ ဒိုင်အဖွဲ့က မပြန်သေး ..။ ဒိုင်လူကြီးက ကျွန်တော့်ကို မြင်တော့ အံတကျိတ်ကျိတ်ပေါ့ ..။ မင်း က အနားနားကပ်ပြီး တိုးတိုးပြောသည်။

"ဒိုင်လူကြီးက နင့်ကို မကျေနပ်တဲ့ပုံဟ .."

ကျွန်တော်ကလဲ ...

"အေးဟ .. ငါသာ ဘောလုံးသမားဆိုရင် ရာသက်ပန်ပွဲပယ်ခံရမှာ သေချာတယ် .."

နှစ်ယောက်သား ပြောပြီး သဘောကျစွာ ရယ်ကြတော့ ဒိုင်က မျက်စောင်းထိုးပါသည်။ အခင်းလေ သူ့ကို လှောင်တယ် ထင်ချင်ထင်နေမှာပေါ့လေ ..။

www.burmeseclassic.com

www.burmeseclassic.com



**အဲဒီ**နေ့ရက်တွေဟာ အရာရာကို ချစ်ဖို့ကောင်းတဲ့ ကာလတွေ ပေါ့ 'မင်း' ရယ် ..။ စာမေးပွဲရက်တွေက နီးကပ်လာသလို ခွဲခွာရ တော့မယ်ဆိုတဲ့ အတွေးတွေကလဲ နှလုံးသားကို နာကျင်စေပါတယ်။ ငါ့ဘဝက အဆိပ်ရှိတဲ့ဆူးကို အဆူးခံပြီး တယုတယ မွေးရသလိုပေါ့ "မင်း" ရယ် ..။

သူ့ရဲကောင်းတစ်ယောက်ကတော့ ဓားကို ကိုယ်နဲ့မကွာ ဆောင်ထားသလို ငါ့အတွက်ကတော့ အလွမ်းကို ကိုယ်နဲ့မကွာ သိမ်းဆည်းထားပါတယ် 'မင်း' ..။

"စာမေးပွဲတောင် လာတော့မှာပါလား .."

မြတ်ဇော် ရဲ့ ညီးတွားသံကြောင့် စန္ဒာချို က ...

"နင့်ရဲ့ အသံကလဲ အလွမ်းသံကြီးနဲ့ဟာ .."

ပေါက်ကြီး က ထုံးစံအတိုင်း ...



"အလွမ်းသံဆိုတာ နှစ်တစ်လက်မ သံထက်ကြီးလား .."

ကျွန်တော် 'မင်း' ကို ကြည့်တော့ မျက်နှာလေး ညှိုးရော်သွားတာ ကျွန်တော်မြင်လိုက်ပါသည်။ အဝေးကိုကြည့်ပြီး သက်ပြင်းလေး ချပေါ့။ ကော်ရစ်တာမှာ ရပ်စကားပြောရင်း ဖြတ်လျှောက်သွားတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ကျွန်တော် ငေးကြည့်နေမိပါသည်။ ကောင်မလေး တစ်အုပ်က ကျွန်တော့်ကို မြင်သွားပြီး အားရဝမ်းသာနဲ့...

"ဟိုမှာ ကိုချိုစိမ့် .."

ကောင်မလေးတွေ ကျွန်တော့်ကို ဝိုင်းအုံပြီး တစ်ယောက်က စာအုပ်ထုတ်ကာ ...

"ဖရီးကစ်ဆရာကြီး ကျွန်မတို့ကို အော်တိုလေး ရေးပေးပါ .."

ကျွန်တော် ပါးစပ်အဟောင်းသား ..။ ပေါက်ကြီး က ...

"ချိုစိမ့် တို့ကတော့ စန်းတက်လာပြီဟေ့ .."

ကျွန်တော် ခပ်မြန်မြန် အော်တိုထိုးပေးတော့ ကောင်မလေး တစ်ယောက်က ခေါက်ထီးကို ကျွန်တော့် ပါးစပ်နားကပ်ကာ ...

"ဒိုင်ကို လူချကစားပြီးတဲ့အနေနဲ့ပေါ့ .. အဲဒီတုန်းက ခံစားမှုလေး ပြောပြပေးပါလား .."

ပေါက်ကြီး တို့က ရယ်သည်။ ကျွန်တော် ခပ်တည်တည်ပါ။

"အင်း .. ရစ်ရစ်နာနေတုန်းပဲခင်ဗျ .."

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက တခစ်ခစ်ရယ်သည်။

"ချိုစိမ့် က .. တော်တော် နောက်တတ်သားပဲ .."

"ဟုတ်ကဲ့ .. ကျွန်တော်က နောက်ရုံပဲ နောက်တတ်တာ ဒီကောင် ငပေါက် က ပိုပြီး အနောက်သန်တယ် .."

"ဟယ် .. မထင်ရဘူးနော် .."

"ဟေ့ကောင် .. မဟုတ်ကဟုတ်က မပြောနဲ့ .."

"သွားပြီ ချိုစိမ့် .. လမ်းမှာတွေ့ရင် ခေါ်နော် .."

"ဘယ်အထိ ခေါ်သွားရမှာလဲ .. လိုက်မှာလား .."

မြတ်ဇော် က တဟီးဟီးနဲ့ ပွဲကျနေကာ လှမ်းစပါသည်။ ကောင်မလေးတွေကလဲ အပြန်အလှန် စ,ပေါ့။ ကောင်မလေးတွေ ထွက်သွားတော့ 'မင်း' က ကျွန်တော့် လက်မောင်းကို ဆွဲဆိတ်ကာ ...

"ကောင်မလေးတွေနဲ့ စကားပြောရင် သွားတောင်မစေ့နိုင်တော့ဘူး မဟုတ်လား .."

"ဟာဗျာ .. နေရင်းထိုင်ရင်း .."

"ငါ ပြောတာ မဟုတ်လို့လား .."

ပေါက်ကြီး က အဆင်းမှာ ဘီးတပ်ပေးပါသည်။

"ဘောလုံးလေး တစ်ခါကန်တာနဲ့တင် အင်း .. ဒီလောက်စန်းပွင့်နေရင် ဒီကောင် ကျောင်းလက်ရွေးစင်များဖြစ်လို့တော့ အင်း ..



လွယ်ဘူး .."

ပေါက်ကြီး ပစ်ကွင်းထဲမှာ "မင်း" မိသွားပါသည်။ နှုတ်ခမ်းကြီးစူကာ သူ့ကို မျက်စောင်းတစ်ခဲနဲ့ ...

"သိပ်ဟုတ်တာပေါ့ .. သူကိုက စကားမပြောရသေးဘူး သွားအဖြီသားနဲ့ နွားပွဲစားအောင့်မေ့ရတယ် .."

ကျွန်တော် ကမန်းကတမ်းပြောရပါသည်။ ဟိုကောင်တွေကတော့ ရယ်နေပါသည်။

"ဟာ .. မဟုတ်ပါဘူးဟာ .. ဟေ့ကောင် ပေါက်ကြီး မင်း ငါ့ကို အဆင်းမှာ ဘီးတပ်တာလား .."

"မဟုတ်ပါဘူး ချိုစိမ့် ရာ .. ငါက နောက်ကျောကနေ ကန်ချရုံပဲ ကန်ချတာပါကွာ .."

'မင်း' က စိတ်ဆိုးပြေပုံမပေါ် ..။ ကျွန်တော် တတွတ်တွတ်နဲ့ ချော့နေရပါသည်။

"ငါ အလိုက်သင့်လေး ပြောပေးတာပါဟာ .."

"အေးပေါ့ .. နင်က နာမည်ကြီးလာတော့ ပရိသတ်တွေရှိလာတာပေါ့ .."

"မဟုတ်ပါဘူးဟာ .."

အေးယု ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး နင်တို့နှစ်ယောက်က တစ်ဦးကစိတ်ဆိုး တစ်ဦးက ချော့နေရအောင် နင်တို့နှစ်ယောက်က ဘာလဲ .. ချစ်သူရည်းစားတွေလား .."

"အမ်!..."

အေးယု ရဲ့ စကားလုံးက တာဝေးပစ်ဒုံးကျည်နဲ့ အပစ်ခံလိုက်ရသလိုပဲ ကျွန်တော်တို့နှစ်ယောက်စလုံး အို့တို့အမ်းတမ်းဖြစ်သွားပါသည်။ မြတ်ဇော် ကလဲ အခွင့်ရေးရတုန်း ...

"အေးလေ .. တစ်ယောက်က သဝန်တိုတယ် .. တစ်ယောက်က ပြန်ချော့တယ် .. နင်တို့နော် မဟုတ်ကြတော့ဘူး .."

"ကောင်စုတ် .. နင့်ကြောင့် ဖြစ်တာ နင်ရှင်း .."

'မင်း' ကျွန်တော့်လက်မောင်းကို တဖုန်းဖုန်းရိုက်ရင်း ရှက်ရှက်နဲ့ ပြောတော့ ကျွန်တော်က ရယ်ကျဲကျဲနဲ့ ...

"အဟဲ .. ငါတို့က အချစ်ဆုံး သူငယ်ချင်းတွေပါကွာ .. ဘယ်လောက် အချစ်ဆုံးလဲဆိုရင် .. အား .."

သူမက ကျွန်တော့်ကို ထပ်ဆွဲဆိတ်တော့ ရယ်ကြတာပေါ့ ..။ ရှက်သွေးဖြာနေတဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းလေးကိုကြည့်ပြီး အမည်ဖော်ခွင့်မရှိတဲ့ သူမ မျက်လုံးတွေထဲက အဓိပ္ပာယ်ကို နားလည်ခဲ့ပါတယ်။



"ထိုင် ပါဦး သမီးရယ် အန်တီ သမီးနဲ့ စကားပြောမယ် စကားပြောမယ်နဲ့ မပြောဖြစ်ဘူး .."

'မင်း' ရေမိုးချိုးပြီး ညှော်ခန်းထဲထွက်လာတော့ အန်တီထရေစီက အခုလို စကားဆိုတော့ သူမ အန်တီထရေစီ သမီး သူမရဲ့ ညီမဖြစ်သူ ဗေရယ် ဘေးမှာ ဝင်ထိုင်ပါသည်။ အန်တီထရေစီ က ဗေရယ်တစ်ဦးထဲသာ မွေးထားတာကြောင့် ဗေရယ် က သူမတို့မောင်နှမတွေကို မောင်နှမအရင်းလို အရမ်းချစ်ပါသည်။

"သမီး စာမေးပွဲ နီးပြီနော် .."

ဒါဟာ အချက်ပေးသံတစ်ခုလား .. ဒါမှမဟုတ် သတိပေးစကားများလား ..။

"ဟုတ်ကဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းငွေ့ငွေ့နဲ့အတူ စကားလုံးကို ရောလွှတ်မိပါသည်။

"စာမေးပွဲပြီးရင် သမီးနဲ့ ပေရယ် ဟိုကိုအပြီးသွားနေရမှာနော် .."

ပေရယ် ရော သူမပါ ညီမနှစ်ယောက် တစ်ဦးကိုတစ်ဦး ကြည့်ကာ ခေါင်းညိတ်ပြမိပါသည်။

"အန်တီကတော့ ဒီက ကိစ္စတွေ ရှောင်းသင့်တာရှောင်း လွှဲသင့်တာ လွှဲပြီးမှ လိုက်လာရမှာ .. သမီး ပေရယ် .."

"ပြောပါ မာမီ .."

"သမီးကို ချစ်သူ မထားရဘူးလို့ မာမီ မှာထားပြီးသားနော် .."

"စိတ်ချပါ မာမီ သမီးမှာ ချစ်သူမရှိပါဘူး .."

အန်တီထရေစီ ကျေနပ်သွားပုံနဲ့ အပြုံးနဲ့ ခေါင်းတညိတ်ညိတ်..။

"သွားခါနီး လာခါနီး အနှောင်အဖွဲ့တွေ မထားချင်ဘူးလေ .. ရင်လေးခံပြီး နိုင်ငံခြားကို ထွက်သွားမယ့် ကိစ္စကို ရှောင်စေချင်တယ်၊ ဒါ သမီးတို့အတွက်ပါ .. ဂျက်စမင် .."

မင်းနေရီ ရဲ့ အိမ်နာမည်က ဂျက်စမင် .. အန်တီထရေစီ တို့ မာမီ တို့က သူမကို ဂျက်စမင် ပဲ ခေါ်ပါသည်။

"ရှင် .. အန်တီ .."

"သမီးမှာရော .."



ဖျတ်ခနဲ ချိုစိမ့် ကို သတိရမိလိုက်သည်။

"မရှိ .. မရှိပါဘူး အန်တီ .."

အန်တီ ပြုံးသွားပါသည်။ ပြီးတော့ ...

"ချိုစိမ့် ဆိုတဲ့ကောင်လေးက သမီးနဲ့ ဘယ်လိုပတ်သက်လဲ အန်တီ သိချင်တယ် .."

ဘေးက ပေရယ် က 'မင်း' ကို လှမ်းကြည့်သည်။

"သမီးတို့က ရိုးရိုးသားသားပါ .."

အန်တီထရေစီ က သူမကို စိုက်ကြည့်တော့ သူမ ခေါင်းငုံ့မိသည်။

"သေချာတယ်နော် .."

သူမ ခေါင်းညိတ်ပြတော့ ...

"အန်တီ ကြားနေတာတော့ သမီးရဲ့ ချစ်သူလိုလို ဘာလိုလိုနဲ့.."

"မဟုတ်ပါဘူး အန်တီရယ် .. တကယ့် သူငယ်ချင်းတွေပါ .."

"အေးလေ .. မဟုတ်ဘူးဆိုလဲ ပြီးတာပဲ .. ကဲ .. အန်တီလဲ မှီ့ထဲသွားစရာရှိတယ် .."

အန်တီ မုန့်စားပွဲပေါ်က လက်ကိုင်အိတ်နဲ့ ကားသော့ကိုယူကာ ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိုဂ်တီ ထွက်သွားတော့ ကိုယ့်ကိုယ်ကိုယ် နာကျင်သလိုဖြစ်

ပါသည်။ ပြီးတော့ ဘာကို ဝမ်းနည်းလို့ ဝမ်းနည်းမှန်းမသိ ..။ မျက်ရည်

တွေ စီးကျလာတော့ သူမ ငိုမိပြီးဆိုတာ သတိပြုမိသည်။ သူမ ပေရည်

ကို ဖက်ပြီးငိုတော့ ...

“ဝမ်းနည်းမနေပါနဲ့ မမရယ် .. ပေရယ် ကတော့ အခုအချိန်မှာ

တော့ မာဓီ သဘောကျ နေပေးလိုက်တာပဲ ..”

“ဟင် .. ဒါဆို ..”

သူမ ကမန်းကတမ်းနဲ့ ပေရယ် ကို ကြည့်မိတော့ ပေရယ် က

နှစ်နှစ်ခြိုက်ခြိုက် ရယ်မောရင်း ...

“ပေရယ် က ဆုံးဖြတ်ချက် ချပြီးသားပါ ..၊ မောင့်ကိုထားခဲ့ပြီး

ပေရယ် လှုစိမ်းတွေရှိတဲ့အရပ်မှာ မနေချင်ဘူး .. ဒါ ဆုံးဖြတ်ချက်ပဲ

မမ ..၊ မာဓီတို့ အမွေမပေးချင်လဲနေပါ ရတယ် ..”

ဆုံးဖြတ်ချက် ခိုင်မာတဲ့ ညီမလေးကို ကြည့်ပြီး မင်း အားကျ

ပါသည်။

“ဒါနဲ့ ခုန မာဓီ ပြောတဲ့ ချိုစိမ့် ဆိုတဲ့ နာမည်ဆန်းဆန်းနဲ့လူက

မမရဲ့ ဟိုဒင်းလား ..”

ပေရယ် စကားကြောင့် သူမ စိတ်ဓာတ်တွေ ပြန်လည်ကျဆင်း



သွားမိပါသည်။

“မမနဲ့ သူက သူငယ်ချင်းတွေပါ ပေ႔ရယ် ..”

ပေရယ် က မယုံကြည်ဟန် ..၊

“မဟုတ်သေးပ..ူး မမစန္ဒီ ပြောတော့ မမကလဲ ချစ်နေတာဆို

ချိုစိမ့် ကလဲ ကြိုက်နေတယ်ဆို ..”

သူမ နာနာကြည်းကြည်းနဲ့ နှုတ်ခမ်းကို ကိုက်မိတော့ ...

“ဒါပေမယ့် တို့တွေက တစ်သက်လုံး ဖွင့်ပြောဖြစ်မှာ မဟုတ်

ဘူး ..”

ပေရယ် က ‘မင်း’ စကားကြောင့် စိတ်ပျက်လက်ပျက်နဲ့ ...

“ဘာတွေလဲ မမရာ .. မမတို့က ခေတ်ဟောင်းဝတ္ထုကြီး ..ျနေ

ဘာပဲ ..၊ တစ်ဦးကိုတစ်ဦး ငဲ့ညှာတာတို့ စွန့်လွှတ်တာတို့ .. ခွင့်လွှတ်

တာတို့ .. ပြီးတော့ ဘာလဲ ချစ်သူကောင်းစားရေးတို့ ..”

ပေရယ် စကားကြောင့် အငိုမျက်လုံးနဲ့ ရယ်မိပါသေးသည်။

“မမကတော့ ထားလိုက်ပါ မိန်းကလေးမို့ ဒီလူကျတော့ ဘာရှိ

သို့လဲ ..”

“သူလဲ သူ့အကြောင်းနဲ့သူပေါ့ ..”

ပေရယ် က သူမကို တည့်တည့်ကြည့်ပြီး မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ မမကို ချစ်တာ သေချာလား .."

ကျွန်မ ရဲရဲတင်းတင်းပင် ခေါင်းညိတ်ပြတော့ ...

"မမ အဲဒီလူနဲ့နေရင် ဆင်းရဲမှာနော် .."

"ဆင်းရဲဆင်းရဲကွာ ရတယ် .."

သူမ ပြောလဲပြော ရှက်လဲရှက်တော့ ဓပရယ် က ရယ်သည်။

"ဒါပေမယ့် သူက မမကို ဖွင့်မပြောသေးတာ .."

ဓပရယ် စကားကြောင့် သူမ မကျေမနပ်နဲ့ ...

"အဲဒီ ရှိစိမ့် ဟာလေ .. ဘယ်လိုကောင်မှန်းမသိဘူး .. လည်လည်လဲ့ လဲ သူ့ဘက်လည်တာမရှိဘူး .."

မကျေမနပ်နဲ့ ပြောနေတဲ့ 'မင်း' ရဲ့ ပုံကို ဓပရယ် ကြည့်ပြီး တစိမ့်စိမ့် ပြုံးနေမိပါသည်။





ရေအလျှားကြီးသောက်မှ

ရေငတ်ပြေတာမဟုတ်ပါဘူး..

ကျောက်စက်ရေတစ်စက်ထဲ..

ငါ့အမောပြေခဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"**ချိုစိမ့်** ညှို့သည် .."

အောက်ထပ်က အဆောင်နေ သူငယ်ချင်းတစ်ယောက်က အ
လို လှမ်းအော်တော့ ပေါက် က ...

"မင်းကို ပိုက်ဆံပို့လိုက်ပြီ ထင်တယ် .."

"မင်းက တမှောင့် ညှို့သည်ပါလို့ အော်နေတာ မကြားဘူးလား"

"ဪ .. ညှို့သည်နဲ့များ လူကြုံပါးလိုက်သလားလို့ပါကွာ"

ကျွန်တော် စွပ်ကျယ်နဲ့မို့ အပေါ်ရုံ အင်္ကျီကောက်စွပ်ကာ ဆင်း
လာခဲ့ပါသည်။ ကျွန်တော် အောက်ရောက်တော့ ခုန လှမ်းအော်တဲ့
မျိုးကို ကို ..၊

"ဘယ်မှာလဲကွ .. ညှို့သည် .."

မျိုးကို က စပ်ဖြဲဖြဲနဲ့ ...



"ဟိုမှာလေကွာ .. အပြင်မှာ ကားရပ်ထားတယ် .. တွေ့ဖူး
သား .."

မျိုးကို ပြောမှ ပြူးပြဲပြီးအပြင်ကိုကြည့်မိတော့ ကျွန်တော့်ထက်
အသက်ငယ်ပုံရမယ့် ခေတ်ဆန်ဆန် လှတပတ ကောင်မလေးတစ်
ဦး ..။ ကားကလဲ တော်ရုံတန်ရုံ မစီးနိုင်တဲ့ ကားမျိုး ..။

"ချိုစိမ့် .. မင်း ညီမလား .."

"ငါ့ညီမက ကားမစီးဘူးကွ .."

"ဪ .. လားနဲ့စီးတာပေါ့ .."

"မင်းကြီးတော် နွားလှည်းပဲစီးတာကွ .."

"နွားလှည်းလုပ်မနေနဲ့ သွား .. သွား .."

"သွားရအောင် ငါမှ မသိတာ .."

"သိသိ မသိသိကွာ .. သွားလိုက်ပါဆို .."

ကောင်မလေးက ပေစောင်းပေစောင်းနဲ့ လှည့်ကြည့်တော့
ကျွန်တော်က မျိုးကို ကို ...

"ငါ ကားတင်ပြေးရင် ဘယ်လိုလုပ်မလဲ .."

"အသက်နဲ့ အရှက်ကို လဲလိုက်ကွာ .."

"အေးပါကွာ .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မရဲတရဲနဲ့ အဆောင်ကနေဆင်းလာပြီး ကားရပ်ထား ရာနေရာသို့ လျှောက်လာပါသည်။ အနားရောက်တော့ ...

"ဟို .. ညှို့သည်ဆိုလို့ .."

ကောင်မလေးက ချက်ချင်း ပြန်မဖြေသေး ..။ ကျွန်တော့်ကို ဝယ်မယ့် နွားတစ်ကောင်လို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ...

"ရှင်က ချီကျ လား .."

"ဗျာ .. ဟို .. ချီစိမ့် ပါ .."

ကောင်မလေးက သူ့စကား မှားမှန်းသိသွားပေမယ့် 'ဆောရီး' တွေဘာတွေတောင် ပြန်မပြော ..။ နောက်တော့ သူမ တစ်ခုခုစဉ်းစား နေဟန် မျက်မှောင်ကုပ်ထားလိုက်ပါသေးတယ်။ ကျွန်တော့်မှာ လက် ဆစ်ချိုးနေရမလို၊ ဒါမှမဟုတ် လက်သည်းကိုက်နေရမလား ..၊ ရှို့တို့ ရှမ်းတမ်း အမူအယာနဲ့ လုံချည်အနားစကို ပွတ်ချေနေရမလား တစ်ခု ပြီးတစ်ခု စဉ်းစားကြည့်တယ် ..။

"ဟို .. ကျွန်တော့်ကိုခေါ်ရတဲ့ အကြောင်းရင်းက .."

ကျွန်တော်လဲ မခံနိုင်တဲ့အဆုံး မေးမိတော့ သူမက ဖျတ်ခနဲကြည့် ပါသည်။

"ရှင် ကျွန်မအစ်မကို ကြိုက်လား .."



'ဗုဒ္ဓေါ!..'

ဘယ်ကမှန်းမသိတဲ့ သူ့အစ်မကို ကျွန်တော်က ကြိုက်ရမယ် တော့ ကျွန်တော်လဲ ကြောင်တောင်တောင်နဲ့ ...

"လှလားဟင် .."

"အင်း .. ဟာ .. ကျွန်မအစ်မက ဘယ်သူလဲ ရှင်သိလို့လား .."

အသလွှတ်ကြီး သူ့အစ်မကို ထိုးကျွေးနေပုံထောက်တော့ သူ့အစ်မ ာ်ရောနှံ့ရဲ့လား မသိ ..။

"ကျွန်မ .. အစ်မက .."

"ဟုတ်ပါပြီ .."

"ဂျက်စမင် .."

အနောက်တိုင်းသွေး ရောနှောနေတဲ့ အရိပ်တွေ ဒီကောင်မလေး ာ်ဝန်းထဲမှာ တွေ့ရပါသည်။

"မသိတာတော့ သေချာတယ် .."

ကောင်မလေး လှစ်ခနဲပြုံးသည်။

"မြန်မာနာမည်ကျတော့ .."

ချမ်းသာတဲ့လူများ နာမည်တောင် နှစ်မျိုးနဲ့ ..။

"မင်းနေရီ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်!.."

ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားကာ ပါးစပ်အဟောင်းသား ကောင်မလေး ကျွန်တော့်ပုံစံကြောင့် ကျေနပ်သွားပုံနဲ့ ပြုံးနေသည် ရုပ်ရှင်ထဲက လူဆိုးခေါင်းဆောင်တွေ တစ်ခုခုလုပ်ပြီးရင် ကျေနပ်သွား တဲ့ပုံစံပေါ့။

"နေ .. နေစမ်းပါဦး အခုလာမေးတာ 'မင်း' လာမေးနိုင်းတာ လား .."

"ဟာဗျာ .. မမက မေးခိုင်းမလားဗျ .."

"ဒါဆိုရင် ဘာလို့မေးတာလဲ .."

"ကဲပါ .. ကျွန်မမေးတာ ဖြေပါဦး .."

"ဟာကွာ .. ရှက်စရာကြီး .."

ကျွန်တော့် စကားကြောင့် သူမက နှာခေါင်းရှုံ့ မျက်စောင်းထိုး ကာ ...

"အံမယ် .. ကျွန်မအစ်မက မရှက်ရဘူး .. ရှင်က ရှက်နေသေး တယ် ..၊ ဖြေစမ်းပါ ကိစ္စက အရေးကြီးတယ် .."

ကျွန်တော် သက်ပြင်းချလိုက်ပါတယ် ..။ ဒီကောင်မလေးက ဇွတ်ပဲကို ..။



"ချစ်တာပေါ့ဗျာ .. အရမ်းကိုချစ်တာ၊ ဒါပေမယ့် မင်းရဲ့ အစ်မက ဒီနှစ်ကျောင်းပြီးရင် ဟိုကိုအပြီးသွားနေရမယ်ဆို .."

"မမ ပြောတာလား .."

ကောင်မလေးက အလောတကြီးမေးတော့ ကျွန်တော် ခေါင်းခါ ပြကာ ...

"မပြောပါဘူး .. သူတို့အချင်းချင်းပြောတာ ကြားမိတာ .."

ကောင်မလေး တစ်ခုခု သဘောပေါက်သွားပုံနဲ့ ပြုံးကာ ...

"ဩော် .. ဒါကြောင့်မို့ ကိုချိုစိမ့် က မမကို ဖွင့်မပြောတော့တာ ပေါ့ .."

"သိပ်ဟုတ်တာပေါ့ .. ကိုယ်ပြောလဲ နောက်ဆုံးအခြေအနေက ကြေကွဲ ဖို့ပဲရှိတာကို .."

ကောင်မလေးက မရယ်နိုင်တော့ ..။ ကျွန်တော့်ကို ကရုဏာ သက်သလို ကြည့်ကာ ...

"အခုလဲ ဘာထူးမှာလဲ ကိုချိုစိမ့် ရယ် .. အစ်ကို ချစ်နေမှန်း အစ်မလဲ သိတာပဲ .. သတ္တိရှိရှိ ဖွင့်ပြောလိုက်စမ်းပါ ကိုချိုစိမ့် ရယ် ..၊ နောက်ပြဿနာ နောက်ရှင်းတာပေါ့ .."

"ဒါတော့ ဒါပေါ့ဟာ .. ဒါပေမယ့် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်တွေ လုပ်မနေနဲ့ အစ်ကို .. ကိုယ်ချစ်တဲ့သူဆီက ကိုယ်ကြားချင်တဲ့စကား မကြားရတာလောက် မိန်းမတစ်ယောက်မှာ နာကျင်တာလောက်မရှိဘူး .."

"အဲဒီလို .."

"နောက်မနေနဲ့ အစ်ကို ..၊ ဒီကိုလာတာ မမ မသိဘူး .. ညီမက မမနဲ့ ညီအစ်မ တစ်ဝမ်းကွဲ ..၊ ညီမလဲ မမနဲ့အတူသွားရမှာ .. ညီမကတော့ ရှင်းတယ် အစ္စအရှိန် မာမီကို အချိုကျွေးထားတယ် ..၊ ရည်းစားမထားဘူး ဘာဘူးပေါ့..၊ ညီမမှာလဲ ချစ်သူရှိတယ်လေ .. နောက်ဆုံးအခြေအနေရောက် နောက်ဆုံး ဆုံးဖြတ်ချက်တော့ချရမှာပဲ .. ကြောက်နေရင် နေရာရှိမှာမဟုတ်ဘူး .."

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ အစ်မ .."

ကျွန်တော့် စကားကြောင့် ကောင်မလေးက ပိုင်စိုးပိုင်နင်းနဲ့ ရယ်မောရင်း လှမ်းရိုက်ပါသည်။



"ဟဲ့ .. ဘယ်သွားမလို့လဲ .."

"လာစမ်းပါ 'မင်း' ရယ် .. နင့်ကို ပြစရာရှိလို့ပါဆို .."

အတန်းပြီးပြီးချင်း စန္ဒာချို ခေါ်တာကြောင့် ကမန်းကတမ်း ဒိုက်လာရပါသည်။

"ငါ့ညီမ ပထဝီက နွယ်နွယ် လေ .. အေး .. သူ ဖုန်းလှမ်းဆက်ပြီ .."

"ဘာကိုလဲ .."

"ဟိုရောက်ရင် သိရလိမ့်မယ် .. လာပါ မြန်မြန် .."

အေးယု ကတော့ ဘာမှမပြော ..။ သူတို့နှစ်ယောက် နောက်က တစ်ကောက်ကောက် ..၊ စန္ဒာချို ခေါ်သွားတာက လူမရှိတဲ့ အဆောင် ဘွဘက်ကိုပေါ့။

"နေဦး .. တိုးတိုး .."

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်တော့ စန္ဒာချို က လက်ကာ့ကာ တိုးတိုးလို့ လှမ်းသတိပေး အားလုံးရပ်တန့်သွားပါသည်။ စန္ဒာချို က ရှေ့က ဦးဆောင် ပြီး အခန်းလွတ်တစ်ခုကို ချောင်းကြည့်ကာ ...

"ဟယ် .. လာကြည့်ကြစမ်း .."

သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး အခန်းထဲကိုကြည့်တော့ 'မင်း' အံ့သြသွားပါသည်။

"ဟင်!..."

မြင်လိုက်ရတဲ့မြင်ကွင်း လုံးဝ မယုံနိုင်စရာပါ။ တွေ့ရတဲ့ပုံရိပ်ကို ကြည့်ပြီး ဝမ်းနည်းစိတ်က မြင့်တက်လာပါသည်။ ပြီးတော့ မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

"ဟဲ့ .. 'မင်း' .."

ထူပူနေတဲ့စိတ် ယူကျုံးမရတဲ့ ခံစားချက်တွေနဲ့ တံခါးကို ဝုန်းခနဲ ဖွင့်ကာ ဝင်သွားတော့ .. နံရံကို ကျောမှီနေတဲ့ ကောင်မလေးနဲ့ ထို ကောင်မလေးကို မှီးပြီး နံရံကို လက်ထောက်ထားတဲ့ ချိုစိမ့် .. အလန့် တကြား လှမ်းကြည့်ပါတယ်။

"ဟာ .. 'မင်း' .."

မင်း ဘာမပြောညာမပြောနဲ့ ချိုစိမ့် ဆီသွားကာ ချိုစိမ့် ရင်ဘတ် ကို တဗုန်းဗုန်းထုကာ ... .



"နင် .. နင် .."

"ဟာ .. မဟုတ်ဘူး ငါ ရှင်းပြပါရစေဦး .."

ချိုစိမ့် ဘယ်လိုပဲပြောပြော 'မင်း' သတိလက်လွတ်နဲ့ မျက်ရည် ပိုးပိုးပေါက်ပေါက်ကျကာ အဆက်မပြတ်ထုနေရင်း ...

"ငါကတော့ နင့်အပေါ် သံယောဇဉ်တွေ ထားလိုက်ရတာ .. နင် လုပ်ရက်တယ် ချိုစိမ့် ရယ် .."

"မဟုတ်သေးပါဘူးဆို .. ငါ့ရင်ဘတ်တွေ နာလှပြီဟ .."

အဲဒီအချိန်မှာ တခွီးခွီးနဲ့ ရယ်သံတွေ ကြားရတာကြောင့် 'မင်း' လှည့်ကြည့်တော့ ပေါက်ကြီး၊ မြတ်ဇော် .. အေးယု စန္ဒာချို နဲ့ ဆရာကျိုး ဆရာဘုတ် တို့ ..။

ဆရာကျိုး က မျက်ရည်များပင် ထွက်မတတ်ရယ်ရင်း ...

"ငါတို့က ကေရီ ဗီစီဒီအတွက် အစမ်းလေ့ကျင့်နေတာ .. မော်ဒယ် သရုပ်ဆောင် မင်းသားက မအားသေးလို့ ကေရီ ကို ချိုစိမ့် နဲ့ အစမ်း လေ့ကျင့်နေတာ .."

'မင်း' အခုမှ ခုနကောင်မလေးကိုကြည့်တော့ သူတို့မေဂျာက စီးရီခွေထွက်ထားတဲ့ ကောင်မလေး ..။ တေးရေးတွေကတော့ ထုံးစံ အတိုင်း ဆရာကျိုး၊ ဆရာဘုတ် တို့ပေါ့။ ကေရီ နဲ့ ဆရာရင်းတွေဆို တော့ ဆရာကျိုး၊ ဆရာဘုတ် တို့ကို အားလုံးလွဲထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း' အခုမှ ရှက်ရှက်နဲ့ ချိုစိမ့် ရင်ဘတ်ကိုထုကာ ...

"အဲဒါ နင့်ကြောင့် .."

"ဟဲ့ .. ရှက်ကိုးရှက်ကန်းနဲ့ ထုမနေနဲ့ဦး .. ငါ့ရင်ဘတ်တွေ
နာလှပြီ ..၊ နေပါဦး နင်က ဘာလို့ ဒေါသထွက်ရတာလဲ .."

မင်း မျက်နှာအရဲသားနဲ့ စပ်ဖြီးဖြီး မျက်နှာနဲ့ ချိုစိမ့် ကို မျ
စောင်းထိုး ထုရိုက်လို့မဆုံး ..။ ပေါက်ကြီး က တဟီးဟီးနဲ့ ...

"အဲဒါပေါ့ ကြာနီကန်ဆရာတော်ဟောတဲ့ အောက်လုံးတွေ ပေ
တယ်ဆိုတာ အဲဒါပဲ .."

"ဟုတ်လား .. 'မင်း' .."

ချိုစိမ့် 'မင်း' ကို ရင်ခွင်ထဲ ဆွဲသွင်းထားရင်းပြောတော့ 'မင်း'
က ရှက်ကိုးရှက်ကန်းနဲ့ ...

"သွားပါ .."

"ဘယ်သွားရမှာလဲ 'မင်း' ရဲ့ ..၊ 'မင်း' နင် ငါ့ကို ချစ်နေတာ
သိပါတယ်ဟာ .."

"ဟာ .. မချစ်ပါဘူး .."

"လုပ်မနေနဲ့ မင်း .. နင့် ညီမ ငါ့ဆီလာပြီးသွားပြီ .."

မင်း ချိုစိမ့် စကားကြောင့် မျက်လုံးပြူးသွားပြီး ...

"ဟင် ..! ဧပရယ် လာသွားတယ် .. ဟုတ်လား .."



ချိုစိမ့် ခေါင်းညိတ်ပြတော့ 'မင်း' ရှက်ကိုးရှက်ကန်းနဲ့ ...

"ဟာ .. ဧပရယ် ကတော့ကွာ .. ဘာတွေ လျှောက်လုပ်မှန်း
မသိဘူး .."

"အခုမှ ရှက်မနေပါနဲ့ 'မင်း' ရယ် .. ငါလဲ နင့်ကိုချစ်နေတာပဲဟာ .."

'မင်း' စူတူတူနှုတ်ခမ်းနဲ့ ...

"ဒါဆို ဘာလို့ ဖွင့်မပြောတာလဲ .."

ပေါက်ကြီးက 'မင်း' စကားကြောင့် အခုလို လှမ်းပြောပါသည်။

"နင့်ကောင်က နင်နဲ့ စန္ဒာချို နိုင်ငံခြားမှာ သွားနေမယ့်အကြောင်း
သံယောဇဉ် မထားတာကောင်းတယ် .. အဲဒီ စကားတွေကြားပြီး
ကတည်းက အုံပုန်းဖြစ်နေတာဟေ့ .."

"ဟေ .. ဒီကောင်က အပုန်းကြီးပေါ့ .."

"ဟာဗျာ .. ဆရာကျိုး ကလဲ .."

ချိုစိမ့် အောင့်သက်သက်နဲ့ပြောတော့ တစ်ဖွဲ့လုံး ရယ်ပါတော့
သည်။ စန္ဒာချို က အခုလိုပြောသည်။

"ဆရာကျိုး ဆရာဘုတ် တို့ရေ ရင်ပွင့်ဇာတ်လမ်းတွဲ အခန်းဆက်
အနေနဲ့ သူတို့အတွဲက အားလုံးကို လိုက်ကျွေးရမယ် .."

"ဟုတ်တယ် .."

"ဒီလိုပဲဖြစ်ရမယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



ချိုစိမ့် က ရှုံ့မဲ့မဲ့နဲ့ ...

"ငါ့မှာ ပိုက်ဆံမရှိဘူးဟ .."

ချိုစိမ့် စကားကြောင့် မင်း က ချိုစိမ့်ကို မျက်စောင်းထိုးကာ...

"ကိုယ်တော် ရှင့်မှာ ပိုက်ဆံဘိုင်ပြတ်တတ်တာ ကျွန်မသိပါတယ် ငါပဲ ရှင်းပါမယ် .."

ဆရာဘုတ် က ပြုံးတုံးတုံးနဲ့ ...

"ဒီလိုဖြစ်အောင် ငါနဲ့ ငကျိုး ငပေါက် .. စန္ဒာချို တို့စုပြီး အင်း အစဉ်ဆွဲ ဓာတ်တိုက်လိုက်တာပေ့ါ .. ဟိုကောင် ချိုစိမ့် အဖြေကို တန်းရရော တွေ့တယ်မှတ်လား .."

"ဆရာကျိုး နော် .. စေကရီ လဲ ပါပါတယ်နော် .."

စေကရီ က အခုလိုပြောတော့ ဆရာကျိုး က ...

"နင်က အစိကအခန်းမှာ ပါ့ပါတယ်ဟာ .. ကဲ .. မျိုဖို့ဆိုင်ကို သွားကြရအောင် .."

"သင့်မြတ်လှကြောင်းပါ ခင်ဗျာ .."

သူတို့တစ်ဖွဲ့လုံး တပေါးပေါး တဟားဟား စကြနောက်ကြနဲ့ အနီးဆုံးဆိုင်ကို ဦးတည်ကြပါသည်။



"မင်း .."

"ဟင် .."

မင်း က သူ့ရင်ခွင်ထဲမှာ မှီရင်း ထူးသည်။

"နင် ငါ့ကိုချစ်လားဟင် .."

မင်း က သူ့မ လက်သည်းနဲ့ ချိုစိမ့် လက်ဖျံကို ခြစ်ပြသည်။

"ဟာကွာ .. မနောက်နဲ့ကွာ .. ချစ်လား .."

"ဟင့်အင်း .."

"ဘာ!..."

မင်း လန့်ဖျပ်ဟန်နဲ့ တွန့်ခနဲဖြစ်သွားပြီး ...

"ဟာ .. လန့်လိုက်တာဟာ .. ငါ ပြောနေတာ နားထောင်ဦး...၊ ငါက နင့်ကို မချစ်ဘူး မြတ်နိုးတာ .."

www.burmeseclassic.com

www.burmeseclassic.com



"နင်နော် .. ဟင်းဟင်း .."

ကြိမ်းဝါးသံနဲ့ ချိုစိမ့် ပြောတော့ 'မင်း' က ကြောက်လန့်ဟန် ပန်းတွန့်ပြရင်း ...

"ကြောက်နေရပါလားဟ .."

"မင်း .."

"ပြော .."

"နင် ငါ့ကို ချိုစိမ့် လို့ မခေါ်နဲ့ဟာ .."

"အို့ .. အို့ လို့ ခေါ်ရမှာလား .."

"နင်နော် .."

"ငါနော် .."

"မနောက်နဲ့ဟာ .."

"မနောက်ပါဘူး ကောင်လေးရယ် .."

"ငါ အသည်းယားလာပြီနော် .."

"ဟော့ .. ဟော့ .. ကျောင်းထဲမှာနော် .."

ချိုစိမ့် စိတ်လျှော့ဟန် သက်ပြင်းတွေ မှုတ်ထုတ်ပြတော့ ... က ရယ်သည်။ ချိုစိမ့် က ပြောပြန်တာယ် ..၊

"ငါ့ကို မောင်လို့ခေါ်ဟာ .."



"ဘာလို့ ခေါ်ရမှာလဲ .. မခေါ်ချင်ပါဘူး .."

"ဒါဆို .. ကိုကိုလို့ ခေါ် .."

"နင်နဲ့ ငါနဲ့က အသက်ရွယ်တူတာကို .. လုပ်မနေနဲ့ ချိုစိမ့် နင်နဲ့ ငါနဲ့က သူငယ်ချင်းဘဝကနေ ချစ်သူရည်းစားဖြစ်တာ ဘယ်လိုမှ ပြောင်းနိုင်ဘူး .."

"ဒါတော့ ဒါပေါ့ဟာ .."

"ဒါပေါ့ရင် ငံပြာရည်ထည့် .."

"နင်နော် .."

"အား .."

ချိုစိမ့် ကျိတ်မနိုင်ခဲမရဖြစ်ကာ အားနဲ့ ဆွဲညှစ်လိုက်တော့ မင်း က အော်သည်။

"ဟိတ် .. ကောင်မလေးကို လွှတ်လိုက် .."

ပေါက်ကြီး တို့ စန္ဒာချို တို့ တစ်အုပ်ကြီး ရောက်လာတော့ ချိုစိမ့် အမန်းကတမ်း လွှတ်ပေးလိုက်ရပါသည်။ စန္ဒာချို က သူတို့ နှစ်ယောက် ကြားထဲ ဝင်ထိုင်တော့ ချို ...

"ဂန်းနားမ .. အင ... ..."

ချိုစိမ့် စကားကြော ... ချိုစိမ့် ခေါင်းကို ခေါက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



မြည်အောင် ခေါက်ပြီး ...

"ဘာ .. အနှောက်အယှက်ပေးတာလဲ .. နင်တို့နှစ်ယောက်

ကြည့်ကြည့်နေတယ် .. လှစ်ခနဲဆို ပျောက်ပျောက်သွားတယ်

"ဟဲ .. ဟဲ .. ရိပ်သာသွားတာ .."

ကျွန်တော် အခုလိုပြောတော့ မြတ်ဇော် က ...

"မင်းတို့ ရိပ်သာသွားတာ တရားရိပ်သာတော့ မဟုတ်

ဘူး .. တည်းခို .. အောင်မလေးဗျ .."

အေးယု က မြတ်ဇော် ကျောကို လွယ်ထားတဲ့ အိတ်နဲ့ရိုက်

"တော်တော် ပါးစပ်စည်းကမ်းမရှိတဲ့ကောင်တွေ .."

ကျွန်တော်နဲ့ 'မင်း' သဘောကျပြီး ရယ်နေတော့ ပေါက်ကြီး

"အေးပါ .. နင်တို့ရယ်နေ .. ပွဲပြီးရင် ငိုရမှာနော် .."

အနာဂတ်ဓာတ်သိမ်းမကောင်းမှန်း ကျွန်တော်တို့သိပ

စန္ဒာချို က 'မင်း' မျက်နှာမကောင်းမှန်းသိတော့ ပေါက်ကြီး ကို

စောင်းထိုးရင်း ...

"အဲဒီ ပေါက်ကြီး ဟာလေ .. ဘာမှန်းမသိဘူး .. 'မင်း'

ကောင်းဖြစ်သွားပြီ .."

ပေါက်ကြီး 'မင်း' ကိုကြည့်ပြီး မျက်နှာငယ်လေးနဲ့ ...



"မဟုတ်ပါဘူးဟာ .. ငါက ကြိုတင်စီစဉ်စရာရှိရင် စီစဉ်ရအောင်

ဟာ .. စာမေးပွဲကလည်း သိပ်မလိုတော့ဘူးလေ .."

ပေါက်ကြီး စကားဆုံးတော့ အေးယု က ...

"နောက်မှ နောက်ပြဿနာ ရှင်းကြဟာ .. အခု နင်တို့ ပျော်ပျော်

နေကြ .. ကဲ .. ထ အတန်းတက်ရဦးမယ် .."

ကျွန်တော် ထရပ်ပြီး 'မင်း' ဘေးကနေ လျှောက်လာကာ ...

"စိတ်မကောင်းမဖြစ်ပါနဲ့ 'မင်း' ရယ် .. နင်နဲ့ငါ မခွဲရပါဘူးဟာ.."

'မင်း' က သက်ပြင်းချရင်း ...

"ကံကြမ္မာဆိုတာ ပြောလို့မရဘူး ချိုစိမ့် ရဲ့ .."

အပြင်မှာ နေက အတော်ပူသည်။ အဝါရောင် ပွင့်ကြွေတွေပေါ်

နင်းချရင်း ဖြတ်လျှောက်တော့ ရင်ထဲမှာ အနာဂတ်အတွက်

တော်မောမိပါသည်။

www.burmeseclassic.com



“**မဟုတ်**ဘူးလို့ မာမီ့ကို ရှင်းပြပြီးသားဟာ ..”

“ညည်း .. ကျုပ်ကို လိမ်ဖို့ မကြိုးစားနဲ့ ပေရယ် ..”

‘မင်း’ .. အိမ်ထဲဝင်ဝင်ချင်း ကြားလိုက်ရတဲ့ အသံကြောင့် ပေရယ် နဲ့ အန်တီထရေစီ တို့ ပြဿနာတက်နေပြီဆိုတာ သိလိုက်ပါသည်။ အန်တီထရေစ် က သူမကို မြင်တော့ ...

“သမီး .. ခဏထိုင်ဦး ..”

“ဟုတ်ကဲ့ ..”

‘မင်း’ စိတ်ရှုပ်ရှုပ်နဲ့ ဆိုဖာမှာ ဝင်ထိုင်ပါသည်။ အန်တီထရေ က မာမီတို့ ညီမတွေထဲမှာ အထက်မြက်ဆုံး ..။ အန်တီထရေ ယောကျ်ား အန်ကယ် ကျော်ဖေယျ က အစ အန်တီ့ကို ကြောက် ပါသည်။ အန်ကယ်ကလဲ မေမေတို့နဲ့ ကနေဒါမှာပေါ့။ မာမီက အန်



ယုံကြည်တာကြောင့် သူမကို ဒီမှာ ထားခဲ့ခြင်းဖြစ်ပါသည်။ ပြော ပြောရတာ ပေရယ် ကလဲ သူ့အမေ အတိုင်းပါပဲ။ ဒါဆိုဒါ .. ခေါင်း ပြာမာတဲ့ လူစားမျိုး ..။

“အခု ငါ တွေ့လိုက်ရတဲ့ ကောင်က နင့်ရည်းစားမဟုတ်လား ယ် ..”

“မဟုတ်ပါဘူးလို့ သမီးပြောပြီးပြီပဲ မာမီ .. အဲဒါ သမီး သူငယ် ..”

“ဟင်း .. ဟင်း .. ပေရယ် .. ပေရယ် .. ညည်းက ဝါးရင့်ကို က ပြန်ပတ်ချင်သေးတယ်ပေါ့ ..၊ သူငယ်ချင်းဆိုရင် ညည်း အဲဒီ င်လေးနဲ့ ကျုပ်ကို မိတ်ဆက်ပေးရဲရမှာပေါ့ ..”

အန်တီကလဲ ပေရယ့် အမှားကို လှမ်းထောက်ပါသည်။

“မာမီက မိတ်ဆက်ပေးတော့လဲ ယုံမှာလား .. လူတစ်ဖက်သား ချက်နှာထားတင်းတင်းနဲ့ ကြည့်တတ်တဲ့ မာမီ့ကို သမီးက ဘယ် ယ်ချင်းမျိုးနဲ့ ဘယ်လိုပုံစံနဲ့ မိတ်ဆက်ပေးရမှာလဲ ..”

အန်တီထရေစီ ပေရယ့် စကားကြောင့် အတော်ကို ဒေါသဖြစ် ပါသည်။

“ဘာ .. ညည်း ကျုပ်ကို ဘယ်လိုပြောလိုက်တာလဲ ပေရယ်..

www.burmeseclassic.com



ဟုတ်တယ် .. ငါက မျက်နှာကျောမာတယ် .. ဘာဖြစ်လဲ ..၊ အဲ
ငါ့ပုံစံပဲ ပြန်လည်း မပြင်နိုင်ဘူး .. ညည်း ကြပ်ကြပ်သတိထားနေ
ညည်းကိုယ်ညည်း လည်လှပြီ ထင်မနေနဲ့ ပေရယ် ..၊ ငါ သတင်း
စမ်းကြည့်လို့ ဘာဘာညာညာကြားလို့ကတော့ ညည်းမလွယ်ဘူးမှင်
ညည်း ကျုပ်အကြောင်းကို သိတယ်နော် ..”

ပေရယ် ဘာမှ မတုံ့ပြန် ..။ ပေရယ် ပြီးတော့ သူမဘက်ရော
လာပါသည်။

“ညည်းလဲ သတိထားနေ ဂျက်စမင် .. ငါတို့စီစဉ်ထားတဲ့ အ
အစဉ်ကို ဘာအနှောက်အယှက်ကြောင့်မှ မပျက်စီးစေချင်ဘူး ..”

အန်တီထရေစီ က ပြောပြီး အိမ်ထဲက ထွက်သွားပါသည်။ အန်
ကား ထွက်သွားသံကြားမှ ...

“ဘာတွေဖြစ်ကြတာလဲ ပေရယ် ရယ် ..”

ပေရယ် က မျက်နှာမကောင်း ..။ သူမဘေးမှာ ဝင်ထိုင်ပြီး

“ဘာဖြစ်ရမှာလဲ မမရယ် .. မာမီ ပေရယ် နဲ့ ပေရယ့် ရ
သူရစိုး တို့ကို တွေ့သွားတယ် ..”

“ဟယ် .. ဘုရားရေ ဘယ်မှာတွေ့တာလဲ ..”

“ကပ်ပီတယ်မှာ ဈေးဝယ်ရင်း ..”



“ဒါဆို .. အန်တီ သိသွားပြီပေါ့ ..”

ပေရယ် က မသက်မသာပြုံးရင်း ...

“သိတော့ မသိလောက်သေးဘူးထင်တာပဲ .. အခြားမိန်းကလေး
သူငယ်ချင်း တစ်ယောက်ပါသေးတယ် .. အခုလဲ အစ်မေးနေတာ
ထင်တယ် ..”

သူမ ပေရယ် အတွက်လဲ စိတ်ပူသလို ကိုယ့်အတွက်လဲ စိတ်ပူ
မိပါသည်။

“နင် .. အန်တီ သိသွားရင် ဘာလုပ်မှာလဲ ပေရယ် ..”

ပေရယ် နာနာကျင်ကျင် ပြုံးလိုက်ပါသည်။ အဲဒီ အပြုံးမှာ ဆုံး
ဖြတ်ချက်တွေပါမယ်ထင်ပါရဲ့ ..။

“သိသွားလို့ကတော့ သူရစိုး နောက်ကိုလိုက်ဖို့ ဆုံးဖြတ်ပြီးသွား
ပြီ .. ဒီအကြောင်းတွေကို သူရစိုး မိဘတွေကလဲ သိတယ်လေ ..၊
ဘမီ့ စိတ်ဓာတ်ကိုသိလို့ သူရစိုး တို့ဘက်ကလဲ ပေရယ် ဆုံးဖြတ်ချက်
ကို လက်ခံတယ်လေ .. မမတို့ရော ..”

‘မင်း’ ဘာပြောလို့ ပြောရမှန်းမသိ ..။ စိတ်ရှုပ်ထွေးနေပါသည်။

“ငါလဲ ဘာမှ မဆုံးဖြတ်ရသေးပါဘူး ညီမလေးရယ် ..”

“ပေရယ် ကတော့ ဆုံးဖြတ်ပြီးပြီ မမ .. မျှမ်းသာရင်နေ

www.burmeseclassic.com

www.burmeseclassic.com



မဆင်းရဲလောက်ပါဘူး ..၊ ပေရယ် က သကြ်န်မှာမွေးတာလေ .. ဒါ ကြောင့်မို့ မာမီတို့က ပေရယ် လို့ပေးတာ .. သကြ်န်ပွဲတော်မရှိတဲ့ တခြားနိုင်ငံမှာ ပေရယ် နေနိုင်မှာမဟုတ်ဘူး ဒါပဲ မမ .."

ဆုံးဖြတ်ချက်ရဲတဲ့ ပေရယ့် ကို သူမ အားကျမိပါသည်။ ဒါပေမယ့် သူရစိုး အခြေအနေနဲ့ ချိုစိမ့် အခြေအနေက မတူဘူးလေ ..။

ပေရယ် ထထွက်သွားတော့ 'မင်း' တစ်ယောက်တည်းငိုင်ပြီး ကျန် ခဲ့ပါသည်။ အချစ်ဆိုတာ အနည်းနဲ့အများတော့ သောကအပူတွေကို သယ်ဆောင်လာတာပါလား ..။



"ဟယ် .. နင့်အဒေါ်က မလှယ်ပါလားဟယ် .."

မနေ့က ပြဿနာကို ပြောပြတော့ အားလုံးက စိတ်ပူမိပါသည်။ ချိုစိမ့် ကတော့ ငိုင်တွေနေပါသည်။

မြတ်ဇော် က ...

"နင့် အဒေါ်ပုံစံက တကယ်မလွယ်တဲ့ပုံစံ သိများသိသွားလို့က တော့ စာမေးပွဲတောင် မဖြေရဘဲ ဟိုကို တန်းပို့မယ့်ပုံ .."

မြတ်ဇော် စကားကြောင့် အေးယု က မြတ်ဇော် ကို ပခုံးချင်း တိုက်ပြီး ...

"နင်ကလဲ .. ကြောက်ပါတယ်ဆိုမှ အစွယ်ပြနေသေးတယ် .."

'မင်း' အဝေးက တံလျှပ်အပူတွေကို ငေးကြည့်ရင်း ..

"ဟုတ်တယ်ဟ .. မြတ်ဇော် ပြောသလိုပဲ .. ငါ့အန်တီက တကယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာ ချိုစိမ့် ..”

“ဟင် .. ဟင် ..”

ချိုစိမ့် လက်ကို လှုပ်ပြီးခေါ်တော့ ချိုစိမ့် က သတိဝင်လာသူတစ်ယောက်လို ထူးတော့ သူမက မျက်စောင်းထိုးရင်း ...

“နင်ကလဲ နင့်အလုပ်မဟုတ်တာကျနေတာပဲ .. ငိုင်တိုင်တိုင်နဲ့ဘာဖြစ်နေတာလဲ ..”

“အေးလေ ..”

အေးယှ ကလဲ့ ထောက်ခံစကားဆိုသည်။ ချိုစိမ့် သက်ပြင်းချရင်း ...

“ငါ စိတ်မပါတာမဟုတ်ဘူး .. စဉ်းစားနေတာဟ ...၊ သူရစိုး လိုသတ္တိရှိရှိပြောရအောင် ငါ့အနေအထားနဲ့ သူရစိုး အနေအထားကမတူဘူးဟ ...၊ ငါ ဒီစကားပြောတာ ခေါင်းရှောင်တာမဟုတ်ဘူး သတ္တိမရှိလို့မဟုတ်ဘူး ...၊ ငါ .. ‘မင်း’ ကို ချစ်လွန်းလို့ပြောတာ .. ငါ ‘မင်း’ နဲ့ ယူလဲ ငါ့အနေအထားက ဘာမှ ပိုပြီးပြောင်းလဲသွားမှာမဟုတ်ဘူးလေ .. အင်း .. ‘မင်း’ ကတော့ ပြောင်းလဲသွားမှာ၊ အနေအထိုင် - အစားအသောက် .. စားဝတ်နေရေးက ပြောင်းလဲသွားမှာ .. ဒီအချက်ကို သူ ခံနိုင်ရည်ရှိမလားပြော .. ငါ့ မိသားစုက အဆင်းရဲကြီးမဟုတ်



ပေမယ့် .. အချမ်းသာကြီးလဲ မဟုတ်ကြပါဘူးဟာ .. ကားခရီးသေချာနွားရှိတယ် .. ဒါပါပဲဟာ ..”

ချိုစိမ့် ရဲ့ စကားကြောင့် ‘မင်း’ မျက်ရည်ဝဲသွားကာ ချိုစိမ့် လက်ကို ဆုပ်ကိုင်ရင်း ...

“စိတ်ချပါဟာ .. ရောမကိုရောက်တော့လဲ ရောမလိုပဲ ကျင့်ရမှာပေါ့ ချိုစိမ့် ရယ် .. ငါ နေနိုင်မှာပါ ..”

‘မင်း’ က ချိုစိမ့် ပခုံးဦးမှာ မှီပြီးပြောပြတော့ ပေါက်ကြီး က အားရဟန်နဲ့ ...

“ဒီလိုပဲ ဖြစ်ရမှာ(ပေါ့)ဟာ .. ငါတို့လဲရှိပါတယ် ..၊ နင်တို့လဲ ကျောင်းပြီးပြီပဲ လက်ထပ်ပြီး ဟိုမှာ ခဏနေပေါ့ ..၊ ပြီးရင် ဒီမှာ အိမ်လေးဘာပြီး ကုမ္ပဏီတစ်ခုခုမှာ အလုပ်လုပ်ကြပေါ့ဟာ .. မြတ်ဇော် တို့ မိဘတွေ ခန္ဓာချို တို့ မိဘတွေ ရှိတာပဲ ကူညီမှာပါ ..”

‘မင်း’ ကျွန်တော့်ကို ပြုံးကြည့်သည်။ ချစ်ခြင်းရဲ့ အားသစ်တွေနဲ့ လင်းလက်နေတဲ့ ချစ်သူ့မျက်ဝန်းကို တွေ့မိတော့ ကျွန်တော်ပြုံးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"**လာ**ကြပါဦးကွာ .. မင်းတို့ကောင်ကြီးကိုလဲ ကြည့်ကျ
လုပ်ပေးကြဦး .."

ဆိုင်ထဲဝင်ဝင်ချင်း ဆရာဘုတ် ရဲ့ စကားကြောင့် ကျွန်တော်က

"ဆရာကျီး ဘာဖြစ်လို့လဲ .. ကျိုးကန်း ကနေ လင်းတ ဖြစ်သ
လို့လား .."

"နေလှမ်းခံထားရတဲ့ ကျိုးကန်း .. လဒ ဖြစ်သွား
ပါဘူး ဆရာဘုတ် ရယ် .."

"လင်းတ ဖြစ်သွားတဲ့ မတင်ရွှေ ဆိုပြီး ဗီဒီယိုရိုက်

ကျွန်တော်တို့သုံးယောက် တစ်ယောက်တစ်ပေါက် ေ
ဆရာကျီး က ...

"ဟာကွာ .. ဒီမှာ လှမ်းနေရတာတောင် အေးအေးဆေး



မလှမ်းရဘူး .."

ကျွန်တော် မျက်လုံးပြူးသွားကာ ...

"ဗုဒ္ဓေါ .. ဘာတွေဖြစ်ကုန်တာလဲ .."

ကျွန်တော့်စကားကြောင့် ဆရာဘုတ် က ထုံးစံအတိုင်း အိတ်ကပ်က ဆေးပေါ့လိပ်ထုတ်ကာ ဖင်ကို စားပွဲပြင်နဲ့ ရိုက်ရင်း ...

"တို့ဆေးမိတာလား မသိပါဘူးကွာ .. ပြီးခဲ့တဲ့ အပတ်က သွားရင်းလာရင်းနဲ့ မြန်မာစာ ပထမနှစ်က နှင်းသစ္စာ ဆိုတဲ့ ကျောင်းသူလေးကို တွေ့ပြီး ရောဂါထပါလေရော .."

"ဝက်ရူးပြန်တာပေါ့ .."

"ခွေးထဲမှ ဝက်ရူးပြန်ရမှာလဲ .. အချစ်ရူးပြန်တာကွ .."

ပေါက်ကြီး စကားကြောင့် ဆရာကျီး က မကျေမနပ်နဲ့ပြောသည်။ ဆရာဘုတ် က ဆက်ပြောပြန်ပါတယ်။

"ကောင်မလေးက ဖြူဖြူဖွေးဖွေး ချောချောလုံးလုံး ပုပုလေးကွ .."

"ဆရာကျီး ရယ် မတန်မရာ .."

"ဗျိုင်းကို ကျီးချိုတဲ့ မတင်ရွှေ ပေါ့ .."

"အေးပေါ့ မတင်ရွှေ ရာ .. ဟာ .. ရှုပ်ကုန်ပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျီး က အတော်အကောင်းကြိုက်တာပဲ .."

ဆရာကျီး က တဟဲဟဲရယ်ပြီး ...

"ငါက စားရင် မိုးခိုသားပဲ စားမှာ .."

"ငါ့ဆီမှာရှိတယ် စားမလား ကျေး .."

"ဟေ့ကောင် ဘုတ် .. မင်း မမိုက်ရိုင်းနဲ့နော် .."

အဲသည့်အချိန်မှာ ရုပ်ရှင်ထဲကအတိုင်း တိုက်တိုက်ဆိုင်ဆိုင်

နှင်းသစ္စာ ဆိုတဲ့ ကောင်မလေး အဝေးက လာနေတာ လှမ်းမြင်

ဆရာဘုတ် က ပျာပျာသလဲလဲနဲ့ ...

"ဟေ့ကောင်တွေ အဲဒီကောင်မလေး နှင်းသစ္စာ ဆိုတာ သူပဲ

မြတ်ဇော် က နှင်းသစ္စာ ကို ကြည့်ပြီး ...

"ဆရာကျီး ရယ် .."

ဆရာကျီး က မြတ်ဇော် ကို အားရဝမ်းသာ ...

"လှလားဟင် .."

"ခင်ဗျားနဲ့ဗျာ .. မတာန်မရာ မအပ်မစပ် .."

"ဒါပေါ့ကွာ .. ပလ္လင်ပေါ် ဟိုကောင်တက်ဆိုလား .."

ဆရာကျီး အဲဒီအသံတွေကြောင့် မျက်နှာရှုံ့မဲ့ပြီး ...

"မင်းတို့ကွာ .. ဝိုင်းမမြှောက်ကြပါနဲ့ .. ငါ ပနေတာတော်လွန်းလို့



ကျွန်တော် ဆရာကျီး ကို အစုလိုပြောသည်။

"ဆရာကျီး သွားစကားပြောဗျာ .."

ဆရာကျီး က ပျာပျာသလဲလဲပင် ...

"ဟာကွာ .. မပြောရဲပါဘူး .."

"ခင်ဗျား မပြောရင် ကျွန်တော် ပြောမှာနော် .."

"ငါ့အစားလာ မြတ်ဇော် .."

"ကိုယ့်အတွက်ကိုယ် ပြောမှာပေါ့ဗျ .."

"မလုပ်ကြပါနဲ့ကွာ .. ငါ တစ်သက်မှာ ဒီတစ်ခါပဲ ရင်ခုန်သံက သွပ်လာတာပါ .."

"လှုပ်ပဲ လှုပ်နိုင်လွန်းတယ် 'မင်း' နဲ့တုန်းကလဲ သူပဲ .."

"အဲဒါက စိတ်ဝင်စားတာကွ .."

"စိတ်ဝင်စားမနေနဲ့ သွား .. သူများလက်ဦးသွားမယ် .."

"ဟုတ်တယ် ကျေး .."

ဝိုင်းပြီး အတွန်းအပို့တွေကြောင့် ဆရာကျီး ခေါင်းကုပ်သည်။ ကျွန်တော်က ...

"ဆရာကျီး က ဒီနေ့မှ ပိုပြီးတော့တောင် သားနားသေးတယ် သွား .."

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး က သူ့ကိုယ်သူ ငုံ့ကြည့်ပါသည်။ ဝတ်ထားတာ[illegible]
ကော်လံကတုံးလက်ရှည် .. ဆံပင်က သေသေသပ်သပ်ဖြီးထားသည်
ယောပုဆိုးနဲ့ ခန့်ခန့်ညားညား ..။

"ဟုတ်တယ် သွား .. ဆရာကြီး .."

"ဟူး .. သွားမယ်ကွာ .."

"ဒါမှပေါ့ဗျာ .. မပြောရဲတာထက်စာရင် ပြောလိုက်တာ[illegible]
အကျိုးရှိမယ် .."

"ပါးရိုက်ခံရဖို့လား ..."

ဆရာကြီး က ညောင်နာနာနဲ့ဆိုတော့ ဆရာဘုတ် က ...

"ဗန္ဓုလ တောင် လက်ဖျားကို အပ်စိုက်ပြီး .."

"ဟာဗျာ .. ဘုရင့်နောင်ပါဗျာ .."

"အေးပါကွာ .. မှားသွားလို့ .. ကဲ .. ကဲ .. သွား .. သွား .."

အတင်းတွန်းလွှတ်တော့ ဆရာကြီး မသွားရဲသွားရဲနဲ့ ထသွား[illegible]
ပါသည်။ ဆရာကြီး သွားတွေ တုန်နေတာ သူကိုယ်တိုင်ပဲသိပါသည်[illegible]
ဆရာကြီး နှင်းသစ္စာ လာမယ့်လမ်းမှာ ပိတ်ရပ်တော့ ကောင်မလေး[illegible]
ခေါင်းငုံ့လျှောက်လာရင်း ဆရာကြီး လမ်းပိတ်ရပ်ထားတာတွေ့[illegible]
ကြောင့် မော့ကြည့်သည်။ ပြီးတော့ မျက်မှောင်တွန့်သည်။ နောက်[illegible]



သတိရဟန်နဲ့ ...

"သြော် .. ဆရာ .."

"သမီး .."

လွှတ်ခနဲပြောဖူးမှ သွားပြီလို့ သိလိုက်ရပါသည်။ နောက် အယောင်
ယောင်အမှားမှားနဲ့ ...

"စာလိုက်နိုင်လား .."

"ဟုတ်ကဲ့ .. သြော် .. ဒါနဲ့ ဆရာ အားလား .."

"အား .. အားပါတယ် .."

"အတော်ပဲဆရာ .. သစ္စာ နဲ့ တစ်ခုခုလိုက်စားရင်း နည်းနည်း
မရှင်းတာလေးတွေ မေးချင်လို့ .."

နှင်းသစ္စာ ဆိုတဲ့ကောင်မလေးက အဖော်အပေါင်းမရှိမှန်း ဆရာ
ကြီး သိတာကြောင့် ...

"သွားလေ .."

နှစ်ယောက်သား ရိုယ်ကာမောကာနဲ့ လျှောက်လာတာကြောင့်
ဟိုအုပ်စု မျက်လုံးပြူးသွားပါသည်။

"ဟိုက် .. ဘာတွေဖြစ်ကုန်တာလဲဟ .."

"အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော် .."

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်စရာမြင်ကွင်းမို့ တစ်ယောက်တစ်ပေါက် ပြောကုန်ကြ[...]
သည်။ ဆရာကျိုး မျက်နှာက အပြုံးတွေ တဝေဝေ ..။ ဆရာကျိုး [...]
သူတို့ရှေ့က ဖြတ်လျှောက်တော့ မသိမသာငဲ့ကြည့်ပါသည်။ ပြီးတော့[...]
သူတို့ထိုင်နေတဲ့ ဆိုင်ရဲ့ဘေးက ဆိုင်ထဲဝင်သွားပါသည်။

သူတို့ ဒီဘက်ဆိုင်ကနေ လှမ်းပြီး မသိမသာ ခိုးကြည့်ပါသည်[...]
ကောင်မလေးက 'ဆရာကျိုး' ကို လက်ဖက်ရည်မွှေပေးတဲ့အထိ[...]
ပြီးတော့ တစ်ခုခုကို အာရုံစိုက်ပြောလိုက် .. နောက် နာရီဝက်လော[...]
ကြာတော့ ကောင်မလေး ပြန်သွားပါသည်။ ဆရာကျိုး ဒီဘက်ဝိုင်း[...]
ပြန်ရောက်လာတော့ ...

"ဆရာကျိုး ပိုင်တယ်ဗျာ .."

"ဟာ .. ငါ့ကောင် မင်းကို ထင်တောင်မထင်ထားဘူး .."

"ဘယ်လို .. ဘယ်လို လုပ်လိုက်တာလဲဗျာ .. မယုံနိုင်ဘူး .."

"ဟဲ .. ဟဲ .."

ဆရာကျိုး က သွားအဖြီးသားနဲ့ ရယ်ရင်း ...

"ဒါလဲ .. လမ်းပိတ်ရပ်တော့ ကောင်မလေးက မော့ကြည့်တ[...]
ပြီးတော့ .. ဩော် .. ဆရာတဲ့ .."

"ဟိုက် .."



"ဒါလဲ ချော်လဲရောထိုင်တော့တာပေါ့ .. နောက်တော့ သူတို့
[...]ထမနှစ်က စာတွေမေးဖို့ ဆိုင်ကိုခေါ်ပါလေရော .."

"ခင်ဗျားက စာတွေရော ရရဲ့လား .."

ကျွန်တော့် စကားကြောင့် ဆရာကျိုး က နှာခေါင်းရှုံ့ပြပြီး ...

"ဟ .. ကောင်ရ .. တစ်တန်းကို နှစ်နှစ်နေလာတဲ့ကောင်ပါ
[...]ကွာ .. ဒီစာတွေ လောက်တော့ ပမွှားပဲ ..၊ ခက်တာက အလိမ်ပေါ်ရင်
သေပြီကွ .."

ဆရာကျိုး စကားကြောင့် ပေါက်ကြီး က ...

"ဆရာကျိုး ရယ် .. ဆရာကျိုး လိမ်တာတစ်ခုမှ မပါဘူး .. သူ
[...]ဘာသာ ထင်နေတာလေ .. ဒီအတိုင်းပဲနေလိုက် .."

"ဟုတ်တယ် ကျိုး .. ပထမဦးဆုံး ရင်းနှီးမှုရဖို့က အရေးကြီး
[...]တယ် .. နောက်မှ နောက်ကွက်ကိုစွရှင်းမယ် .."

"အေးကွာ .. ဒီအခွင့်အရေးလေးရတာပဲ ကျေးဇူးတင်ရမယ် ..
[...]သစ္စာလေး ရယ် ကိုကြီးကျိုး အသေအလဲ ချစ်နေပါပြီကွယ် .."

ဆရာကျိုး ရဲ့ ဟာစ်ကြွေးသံကြောင့် အားလုံး ပြုံးစေ့စေ့ ..။

www.burmeseclassic.com

www.burmeseclassic.com



“မင်းကွာ .. ဝိုက်ဆံပြတ်နေတာပဲ ..‘မင်း’ ဆီက ချေးလိုက်ပြီးတဲ့ဟာ ..”

“တော် .. တော် ပေါက်ကြီး မင်းစကား ဒီမှာတင် ရပ် .. ရည်းစားက ရည်းစားပဲ တော်ကြာ ပိုက်လုံးတို့ ..”

“ပိုင်းလုံးပါကွာ ..”

“အေးပါကွာ .. အဲလို အပြောခံနေရမယ် ..၊ ကိုယ့်ဘာသာ မြတ်ဇော် ဆီက ချေးတာက ယောကျ်ားလေး သူငယ်ချင်း အချင်းချင်း မပေးလဲ ဘာမှမဖြစ်ဘူး ..”

“ခွေးကောင် .. ဟိုကောင် မြတ်ဇော် က .. မင်းကောင်မလေး ဆီကတော့ မချေးဘူး၊ သူ့ဆီက ချေးတယ်ဆိုပြီး တော်တော်သိတတ်တဲ့ကောင်လို့ ပြောနေဦးမယ် ..”



ကျွန်တော် ရယ်နေပါသည်။ ဒီနေ့ နှစ်ကောင်လုံး ပိုက်ဆံပြတ်တာကြောင့် မြတ်ဇော် ကို ဖုန်းဆက်ပြီး သူ့အိမ်ကို လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့အုပ်စုမှာ မြတ်ဇော် က သူဌေးရဲ့ သား .. သူဌေးသားပေါ့ ..၊ ဟိုဘက်အုပ်စုမှာက ဘောစိများသည်။ ‘မင်း’ နဲ့ ချို၊ အေးယု က အစိုးရဝန်ထမ်း သားသမီးဆိုတော့ သူတို့ထက်တော့ သာသေးသည်။

အဲဒီအချိန်မှာ သူတို့နဲ့ ဝါးတပြန်ကျော်ကျော်မှာ အဒေါ်ကြီးတစ်ဘက် ပြောရရင် ခေါင်းရွက်ဈက်ထိုး ဈေးသည် (မုန့်သည်)ဖြစ်မယ်ထင်ပါသည်၊ ဗန်းကို ခေါင်းပေါ်ရွက်လာပြီး သူတို့နဲ့ မျက်နှာမူရာရှိရာ အလာ ကားလှလှလေးတစ်စီးဘေးမှာ အန်တီကြီးတစ်ယောက်က ဖုန်းဆက် စကားပြောနေစဉ် မြုန်းဆို အန်တီကြီးဘေးနားအရောက် ခေါက်လဲပါလေရော ..။

“ဟာ .. လဲပြီ ..”

ဖုန်းဆက်စကားပြောနေတဲ့ အန်တီကြီးဘေးမှာ ကျောက်ကျော ဖွာလန်ကျဲသွားပါသည်။ ဈေးသည်အဒေါ်ကြီးက တော်တော်နဲ့ ထနိုင် ..၊ ဘေးမှာ ရပ်နေတဲ့ အန်တီကြီးက သူ့ရဲ့ အဖိုးတန်ဖိနပ်ကို တွေ့ပေမှာကြောင့် ကားဘက်ကို နည်းနည်းတိုးလိုက်သေးသည်။ ဖုန်းဆက်တာ မပျက်သလို လဲကျနေတဲ့ ဈေးသည်အဒေါ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အားနာပါးနာနဲ့ ထူပေးဖို့တောင် မပြော ..။

"ဟာကွာ .. မိုက်ရိုင်းလိုက်တာ .."

"အေးကွာ .. လာ .. သွားထူပေးရအောင် .."

သူတို့နှစ်ယောက် အပြေးတစ်ပိုင်းရောက်လာပြီး ...

"အဒေါ် ဘာဖြစ်သွားသေးလဲ ထလို့ရလား .."

"ရမယ်ထင်တယ် .."

ချိုစိမ့် မကြည်ကြည့်နဲ့ ဖုန်းဆက်နေတဲ့ အန်တီကြီးကို ကြည့်နေတော့ အဲဒီ အန်တီကြီးက ဖုန်းဆက်ရင်း ချိုစိမ့် ကို မျက်မှောင်ကုတ်ကြည့်နေပါသည်။ နှစ်ဦးသား တွဲထူရင်း ...

"ဘယ်ဖြန့်မှာလဲ အဒေါ် .."

"ဒီနားလေးပါကွယ် .."

ပေါက်ကြီးက ဇန်းရယ် ဖြန့်ကျဲနေတဲ့ ပိုက်ဆံတွေ ကောက်သိမ်းနေပါသည်။

"ပေါက်ကြီး ဆိုက်ကားငှားပေးလိုက်ကွာ .."

"အေး .. အေး .."

ပေါက်ကြီး က ဖြတ်သွားတဲ့ ဆိုက်ကားကို လှမ်းငှားပြီး ပေါက်ကြီးနဲ့ ကျွန်တော် အဒေါ်ကြီးကိုတွဲပြီး ဆိုက်ကားပေါ် တင်ပေးလိုက်ပါသည်။

"ဟော့ကောင် .. အဲဒါ .."



"ငါသိတယ် ပေါက်ကြီး 'မင်း' အဒေါ်မှတ်လား .."

"အေး .."

'မင်း' ရဲ့ အဒေါ် ဒေါ်ထရေစီ က သူတို့ကို လည်ပြန်ကြည့်နေရင်း ...

"ဟဲ့ .. ဟဲ့ .."

"ဖုန်း..."

သူတို့ကို လည်ပြန်ငေးကြည့်ရင် ကျောက်ကျောတွေ တက်နင်းမိကာ ခြေချော်လဲပါတော့သည်။ ဒီတစ်ခါတော့ တော်တော်နာသွားပုံရပါသည်။ ပေါက်ကြီး က သွားထူပေးရမလိုလို ဖြစ်နေတော့ ...

"ထားလိုက် .. အဲဒါမှ သူကိုယ်ချင်းစာမှာ .."

ဒေါ်ထရေစီ လှည့်ထွက်သွားသော ကောင်လေးနှစ်ယောက်ကို ကြည့်ကာ ...

"တောက် .."

လဲကျတာ နာတာထက် အဲဒီကောင်လေးတွေဟာ သူတူမ 'မင်း' ရဲ့ သူငယ်ချင်းတွေမှန်းသိတော့ ပို၍ခံပြင်းမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ပေါက်ကြီးကို မေးကြည့် 'မင်း' မင်းအခေါ်ကိုက လူ စိတ်မရှိတာ .."

"ဟဲ့ .. 'မင်း' အခေါ်လေ .."

စန္ဒာချို က လှမ်းဟန့်တော့ 'မင်း' က မသက်မသာပြုံးရင်း ...

"ပြောပါစေ စန္ဒာ ရယ် ဟုတ်နေတာပဲ .. ဒါပေမယ့် ချိုစိမ့် ရယ် အန်တီထရေစီ ဟာ 'မင်း' အခေါ်လေ .. ပြီးတော့ 'မင်း' နဲ့ ချိုစိမ့် ကြားမှာ ဘာမဆိုဖြစ်နိုင်တဲ့ ကံကြမ္မာကို ဖန်တီးပေးနိုင်တဲ့သူ .. အဲဒါ ကိုကြည့်ရဦးမှာပေါ့ ..၊ အခုတော့ မင်း သူငယ်ချင်းတွေမှန်းသိတော့ အိမ်မှာ 'မင်း' ကို လွှတ်လိုက်တာ နားတောင် မီးခိုးထွက်တော့မယ်.."

မင်း ပြောတာလဲ ဟုတ်နေတာကြောင့် ချိုစိမ့် ဆက်မပြောချင် တော့ ပေါက်ကြီး ကတော့ မကျေမနပ်ဆိုနေတုန်းပဲ ..။



"နင့်အခေါ်မို့လို့ သိပ်မပြောတာ ဈေးသည်အခေါ်ကြီး လဲကျ တော့ ကူပြီး ထူပေးဖို့နေနေသာသာ သူ့ခြေထောက်ကို ထိမှာစိုးလို့ ရွံတဲ့ပုံစံနဲ့ ကားနားတောင် ကပ်လိုက်သေးတယ် ..၊ သူ မမြင်တဲ့ပုံစံ နဲ့ဖုန်းဆက်မပြတ်ဘူး .. သူ့ဘာသာလဲကျတော့ .. ဟွန်း သက်တူရွယ် တူဆို ငါ တစ်ခုခုပြောဖြစ်တော့မှာ .."

"ဘာတစ်ခုခုလဲ .."

"ဟာ .. နင်ကလဲ .. တစ်ခုခုပါဆိုမှ တစ်ခုခုပေါ့ဟာ .."

အေးယု ကလဲ ဆက်ပြောပြန်ပါသည်။

"အေးလေ .. ငါမသိလို့ အဲဒီ တစ်ခုခုက ဘာလဲလို့ .."

ပေါက်ကြီး ကလဲ ရေရေလည်လည် ရှင်းပြပါသည်။

"တစ်ခုခုဆိုမှတော့ တစ်ခုခုပဲဖြစ်မှာပေါ့ .. နင့်မှာ တစ်ခု၊ ငါ့မှာ တစ်ခု .. အဲ .. အဲဒီလို .."

"အယုတ်တမာကျောင် .."

အေးယု ရှက်ရှက်နဲ့ ပေါက်ကြီး ကျောကို ထုပါတော့သည်။ စန္ဒာချို က ...

"ကဲပါဟယ် .. ဒီကိစ္စတွေမေ့လိုက် အဓိက,က နင်တို့နှစ်ယောက် ရေးလည်ဖို့ပဲ .. ကျန်တာက ပြင်ပ ပယောဂတွေပဲ သဘောထားလိုက်၊ ...င်း .. အနောက်အယှက်ကတော့ စဝင်ပြီနော် .. နင်တို့ စွမ်းနေရဦး.."

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ် သတိလဲထားနေပါတယ် စန္ဒာ ရယ် .. ဘာမဟုတ်တဲ့ မခံချင်တဲ့စိတ်ကလေးက ငါ့ကို ပြန်ဒုက္ခပေးမှာတောင် အခုမှ ပြန်စဉ်းစားမိပြီး စိုးရိမ်နေမိတယ်ဟာ .."

ကျွန်တော့် စကားကြောင့် မင်း က ...

"စိတ်မပူပါနဲ့ ချိုစိမ့် ရယ် .. ငါနဲ့ နင် ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ပါဘူးဟာ .. နော် .."

ချစ်သူရဲ့ စကားကြောင့် ရင်ထဲမှာ ချမ်းမြေ့မိတာတော့ အမှန်ပါ။

"ကဲ .. အဲဒါတွေ ပြောမနေနဲ့ စိတ်ဆင်းရဲတယ် .. ဒါနဲ့ နင်တို့ဆရာကျိုး အခြေအနေရော .."

အေးယု စကားကြောင့် မြတ်ဇော် က ...

"ဆရာကျိုး က ဒီတောင်ကို ကျော်နိုင်မယ် မထင်တော့ဘူး .."

"ဟဲ့ .. ငါပြောတာက သူလိုက်နေတဲ့ နှင်းသစ္စာ ဆိုတဲ့ ကောင်မလေးနဲ့ ဘယ်လိုအခြေအနေရှိလဲ မေးနေတာဟဲ့ .."

"ဟဲ .. ဟဲ .. နင်နဲ့ ငါ့လိုပေါ့ဟာ .."

"သေနာ အစုတ်ပလုပ် .."

အေးယု ရှက်ရှက်နဲ့ မြတ်ဇော် ကို လိုက်ရိုက်ပါတော့သည်။



တစ်ကနေ ပြန်စလို့

ရက်ပေါင်းများစွာ အနာဂတ်ကိုရောက်ရှိချင်လဲ

ပစ္စုပ္ပန်မှာ နေသားကျနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**သစ္စာ** နဲ့ ဆရာကျီး ကန်တင်းထဲဝင်တော့ ...

"ဆရာကျီး အတွဲတွေဘာတွေနဲ့ပါလား .."

ဆရာကျီး လှိုင်မိုး နဲ့ဆုံတော့ အတော်ထိတ်လန့်သွားပါသည်၊ ထိတ်လန့်ဆို ဒီကောင်က အတော်စကားများတဲ့ ကောင်လေ ... ဒါပေမဲ့ ဘေးက သစ္စာ ကတော့ ဘာမှမသိ .. ဆရာကျီး ချွေးအတော်ပြန်သွားပါသည်။

"ဆရာကျီး ခင်ဗျားကို ဆရာထွန်း မေးနေတယ်နော် .. ဒီရက်ပိုင်းအတွင်း ဒီကောင့်ကို ဂစ်တာ မကိုင်နိုင်းဖို့ပြောရမယ်တဲ့ .. ဒီတစ်နှစ်တော့ ငကျီး အောင်မှ ဖြစ်မယ်တဲ့ .. ကျောင်းလဲချွေး လူလဲချွေးလုပ်မယ့်ကောင်တဲ့ .."

လှိုင်မိုး ကတော့ ဘာမှမသိ တတွတ်တွတ်ပြောနေသလို ဆရာကျီး



ရဲ့ တုန်လှုပ်တဲ့ မျက်ဝန်းတွေ ချွေးပြန်နေတဲ့မျက်နှာ .. သစ္စာ ရဲ့ အံ့သြတကြီးနဲ့ ဆရာကျီး ကို မော့ကြည့်နေတဲ့ မျက်ဝန်းတွေ ..။

"ဒီနှစ်တော့ အောင့်အောင် ဖြေပြလိုက်ပါဗျာ .. ဦးကျည်ပွေ့တောင် အတတ် ..."

လှိုင်မိုး စကားမဆုံးလိုက်ရ .. သစ္စာ ရဲ့ အေးစက်စက်လေသံကို ကြားလိုက်ရပါသည်။

"ဩော် .. ရှင်က လူလိမ်တစ်ယောက်ပဲကို .."

"မဟုတ်ဘူး သစ္စာ .. အစ်ကို ရှင်းပြပါရစေဦး .."

ထိတ်လန့်တုန်လှုပ်နေသူနဲ့ ခံပြင်းနာကျင်သူတို့ရဲ့ မြင်ကွင်းကို ကန်တင်းထဲက ကျောင်းသားကျောင်းသူတွေက စိတ်ဝင်တစား လှမ်းကြည့်ကြပါသည်။

"နောက်တစ်ခေါက် ထပ်လိမ်ဦးမလို့လားရှင် .. ကျွန်မကို လိမ်ညာလှည့်ပတ်ပြီး ရှင်နဲ့ ရှင့်အပေါင်းအသင်းတွေက နောက်ကွယ်မှာ ရယ်မောနေမှာပေါ့ .."

သစ္စာ ရဲ့မျက်နှာမှာ အခံရခက်မှုကြောင့် မျက်လုံးတွေက ရဲတွတ်နေသလို မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

သစ္စာ လိုပါပဲ .. ဆရာကျီး ရဲ့ မျက်နှာမှာ နောင်တတရားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးမှုတို့ကြောင့် ပြိုကျတော့မယ့် အရိပ်အယောင်တွေကို တွေ့နေရပါသည်။

"ကို လိမ်ခဲ့တယ် .. ညာခဲ့တယ်ဆိုတာ မှန်ပါတယ် သစ္စာ - ဒါပေမယ့် ကို လိမ်ခဲ့ညာခဲ့တာ မင်းကို ချစ်ခဲ့မိလို့ပဲ သစ္စာ .."

"တော် .. တော့ .."

သစ္စာ ရဲ့ အော်သံက ကျယ်လောင်သွားပါသည်။ သစ္စာ နှုတ်ခမ်းကို ကိုက်ပါသည်။ မျက်ရည်တွေထဲမှာ နာကျင်ကြေကွဲမှုတွေ ရောပြွမ်းနေမှာ သေချာသည်။

"နောက်ထပ် ထပ်လိမ်ဖို့ မကြိုးစားပါနဲ့တော့ ဆရာကျိုးရယ်"

စကားလဲဆုံးရော သစ္စာ ငိုရှိုက်ရင်း ပြေးထွက်သွားပါသည်။ ဆရာကျိုး ကို လှိုင်မိုး ဆွဲခေါ်သွားပါသည်။

"ဘယ်လိုဖြစ်တာလဲဗျာ .. အဲဒါ ကျွန်တော် ပါးစပ်သရမ်းလို့ဗျ"

"မင်းနဲ့ မဆိုင်ပါဘူးကွာ .. ငါက လိမ်ညာခဲ့မိတာကို .."

စိတ်ပျက်လက်ပျက်နဲ့ အဝင်ဝ လမ်းတစ်ခုက သမံတလင်းပေါ် ထိုင်ချတော့ ခြေသံတွေနဲ့အတူ အပြေးတစ်ပိုင်းရောက်လာတဲ့ ရှိမ်း မြတ်ဇော် နဲ့ ပေါက်ကြီး တို့ကို တွေ့မိပါသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ .."



"ဘယ်လိုဖြစ်ရမှာလဲကွာ .. ငါလဲ ဘယ်သိမလဲ ..၊ ခါတိုင်းလို ထင်ပြီး ဆရာကျိုး ကို နှုတ်ဆက်၊ ဆရာထွန်း မှာလိုက်တဲ့အတိုင်း ကျောက်ကက်မှန်ဖို့ ဂစ်တာမကိုင်နဲ့ ဒီနှစ်တော့ အောင်အောင်မြေ ပြောလိုက်တာပေ့ .. အဲဒီမှာ ပြဿနာစတော့တာပဲ .."

"သေရောပေါ့ကွာ လှိုင်မိုး .. မင်းရဲ့ အာချောင်လွန်းတဲ့ ပါးစပ်က ပြဿနာတက်ပြီ .."

"ငါလဲ မသိလို့ပါကွာ .."

လှိုင်မိုး က မျက်နှာငယ်ငယ်နဲ့ ပြောပါသည်။ ပေါက်ကြီး က ဆရာကျိုး ကို ကရုဏာသက်ဟန်နဲ့ကြည့်ပြီး ...

"ကျွန်တော်တို့လဲ ကန်တင်းရောက်တော့ ဟိုကောင်လေး မြတ်မြတ်စိုး တို့ အုပ်စုပြောပြမှသိလို့ ထိုင်တောင် မထိုင်ဖြစ်လိုက်ဘူး တန်းလာတာ .."

ဆရာကျိုး မျက်ဖန်းမှာ မျက်ရည်ရိပ်တွေ တွေ့ရသလို နောင်တနဲ့ ဆုံးရှုံးမှုဒဏ်ကို မျက်ဝန်းတွေက ဖော်ပြနေပါသည်။ မြတ်ဇော် က သူ့အိတ်ကပ်ထဲက စီးကရက်ဗူးကို ထုတ်ပေးတော့ လှိုင်မိုး က သူ့အိတ်ကပ်ထဲက မီးခြစ်ကိုထုတ်ပြီး ဆရာကျိုး ကို မီးညှိသည်။

"ဆရာဘုတ် ရော .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် နေမကောင်းလို့တဲ့ကွ .."

"ဘာဖြစ်တာလဲ .."

"အစာအိမ်ပဲ ဖြစ်မှာပေါ့ .."

ချိုစိမ့် မသက်သာဟန်နဲ့ သက်ပြင်းချပြီး ...

"အေးဗျာ .. သစ္စာ ကတော့ တော်တော်နာကျည်းသွားမှာဗျ။ သူက အလိမ်ခံထားရတဲ့သူကို စိတ်မပူပါနဲ့ဗျာ .. 'မင်း' တို့အုပ်စုကို လွှတ်ပြီး အဖြစ်အပျက်တွေကို ရှင်းပြနိုင်းလိုက်ပါမယ် .."

"ထားလိုက်ပါကွာ .. ငါ့ထိုက်နဲ့ ငါ့ကံပေါ့ .."

"ဘယ်ဟုတ်ပါ့မလဲဗျာ .. စိတ်အေးအေးထား ဆရာကျီး .."

ဆရာကျီး စီးကရက်မီးခိုးငွေ့တွေကို မှုတ်ထုတ်သည်။ ဒါပေမယ့် ရင်ထဲမှာတော့ လေးလံမှုက လျော့မသွား ...။

ဆရာကျီး ပုံစံကို ကြည့်ပြီး သူတို့လဲ စိတ်မကောင်းဖြစ်မိပါသည်။ အချစ်ဆိုတာ ယောကျ်ားရင့်မာကြီးတစ်ယောက်ကို မျက်ရည်ကျအောင်လဲ လုပ်နိုင်စွမ်းတာကိုး ...။



သူတို့ရှေ့က ပျော်မဆုံးမော်မဆုံးဖြစ်နေတဲ့ စုံတွဲကို 'မင်း' ပီတိနဲ့ ငေးကြည့်ပြီး ...

"ဆရာကျီး နော် .. အဲဒါ 'မင်း' တို့ ရှင်းပြလို့ သစ္စာလက်ခံတာနော် .. ဒီနေ့ ဒီအခ်ျိန်ကစပြီး ဆရာကျီး ရဲ့ ကျေးဇူးရှင်ဟာ 'မင်း' တို့အုပ်စုပဲနော် မမေ့ကားရဘူး .."

သစ္စာ က ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့နေပါသည်။ ဆရာကျီး က သွားမစနိုင်တော့ ...။ ပြီးတော့ သစ္စာ လက်ကလေးကို လွှတ်သွားမလားထင်ရအောင် ဆုပ်ကိုင်ထားလေ သစ္စာ့ခင်ဗျာ ခေါင်းကြီးငုံ့လေပဲ ...။

"ဟုတ်ပါတယ်ဟာ .. ငါ့မှာ နင်တို့ပေးတဲ့ အသက်ပဲရှိပါတော့တယ်ဟာ .. ငါလေ သစ္စာလေး နဲ့ ဝေးရရင် ရူးမှာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အဲဒီ ကိုကြီးဟာလဲ .."

သစ္စာ က မျက်နှာရဲရဲနဲ့ပြောတော့ ဆရာကျီး က တဟဲဟဲနဲ့ …

"ဟဲ .. ဟဲ ဟိုလေ ပျော်လွန်းလို့ပါ ကလေးရယ် .."

"ကိုကြီးနော် .."

"မင်း .. နင် ဘယ်လိုရှင်းပြလိုက်တာလဲ .."

'မင်း' က ပြုံးစေ့စေ့နဲ့ သစ္စာ ကို ကြည့်ရင်း ရှင်းပြပါသည်…

"ငါတို့မိန်းကလေးသုံးယောက် သွားရှင်းပြတော့ သစ္စာ က … တွေ့ချင်း လက်မခံဘူး ငြင်းတာပေါ့ .. နောက်တော့ မဟုတ်သေး… အဖြစ်မှန်ကို ခဏနားထောင်ပေးဦး ပြီးမှ လက်ခံတာမခံတာ သ… အပိုင်းဆိုပြီးပြောမှ နားထောင်တာ .."

"နောက်တော့ရော .."

မြတ်ဇော် အမေးကြောင့် အေးယု က ရယ်ချင်ဟန်နဲ့ သစ္စာ… ကြည့်ပြီး ...

"ရှင်းပြရတော့တာပေါ့ .. ဆရာကျီး က သစ္စာ ကို ကျိ… နေတာ ကြာပြီပေါ့ .. လိုက်စကားပြောတဲ့နေ့က သစ္စာ ကိုယ်တိုင်… ဆရာကျီး ကို ဆရာလို့ ထင်သွားတာပါ .. ဆရာကျီး ဘက်က … လို့ ပြောခဲ့လို့လားပေါ့ .. ဟုတ်တယ်နော် သစ္စာ .."



သစ္စာ က ဆရာကျီး ကို မျက်စောင်းထိုးပြီး ...

"သူ့ပုံစံ သူ့အသက်အရွယ်က ဆရာလို့ထင်တာကို .. အဲဒီနေ့ …ိုင်ခင်က အခန်းထဲမှာ ကျောင်းသူတစ်ယောက်က ဆရာကျီး နဲ့ …ာက ဆရာတစ်ယောက် အတူတွဲသွားတော့ ဟိုမှာ ဆရာလေ …ပြောထားတာလဲရှိတော့ ဆရာလို့ ထင်မိတာပေါ့ .."

"အခုလဲ ဆရာပါပဲ .. အချစ်တွေကို သင်ပေးတဲ့ ဆရာလေ.."

"ကိုကြီးနော် .."

သစ္စာ ရဲ့ ခပ်နွဲ့နွဲ့ ရှက်တတ်တတ် စကားကြောင့် ပေါက်ကြီး … ..

"ကိုကြီးလား .. ကိုကျီး လား .. သစ္စာ .."

"ဟာ .."

သစ္စာ ဖြစ်သွားပုံကြောင့် ဝိုင်းရယ်ကြပါသည်။ စန္ဒာချို က ...

"အင်း .. ငါတို့အဖွဲ့ထဲမှာ ညီမလေးတစ်ယောက် တိုးတာပေါ့ … .."

ပေါက်ကြီး ကလဲ ...

"အစ်ကိုကြီးနှစ်ယောက်ထဲမှာ တစ်ယောက်ကလဲ ဆေးရုံမှာ.."

"အေးကွာ .. ငါ သစ္စာ နဲ့ အဆင်ပြေနေတုန်း .. …ကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို သတိရလိုက်တာကွာ .. ညနေ ဆေးရုံသွားမေးဦးမှ .."

"အဲဒါဆို .. ကျွန်တော်တို့လဲ လိုက်မယ် .."

" 'မင်း' တို့လဲ လိုက်မယ် .. နင်တို့ရော .."

"လိုက်မှာပေါ့ဟ .."

"ဘယ်ဆေးရုံလဲ .."

ပေါက်ကြီး အမေးကြောင့် ဆရာကျိုး က ဆေးရုံနာမည်ပြော ပြီး ...

"အစာအိမ်နဲ့ အူလမ်းကြောင်း အဆောင်မှာ .."

"မုန့်လေးဘာလေး ဝယ်သွားမှ ကောင်းမယ်ထင်တယ် .."

"ရပါတယ်ဟာ .. ဆေးရုံဝမှာ ဝယ်လိုက် .."

သူတို့ ဆရာဘုတ် ကို သွားတွေ့ဖို့ပြောပြီး အတန်းတက် အတွက် ထွက်လာခဲ့ကြပါသည်။



"အဲဒီ ကောင်မလေးက ဘယ်သူလဲ .."

ဆရာဘုတ် ဘေးမှာ အောက်ခြေသိမ်းကာအစ မရှုံမရှာလုပ်ပေး နေသလို ဆရာဘုတ် မျက်နှာကို အရိပ်တကြည့်ကြည့် ချွေးလေးတို့ ပေးလိုက်၊ ဘေးမှာ ငြိမ်ငြိမ်လေး ထိုင်လိုက် .. ပြီးရင် ခြောက်သွေ့ နေတဲ့ နှုတ်ခမ်းကို ဂွမ်းနဲ့ ရေဆွတ်ပြီး တို့ပေးလိုက်လုပ်နေတာကြောင့် ကျွန်တော် ဆရာကျိုး ကို ခပ်တိုးတိုးလေးမေးတော့ ...

"နောက်မှ ပြောပြမယ် .. စာတ်လမ်း .. စာတ်လမ်း .."

ဆရာကျိုး ရဲ့ ခပ်အုပ်အုပ်အသံကြောင့် ရှေ့က အေးယု က ကြားသွားပုံရသည်။ နောက်လှည့်ကြည့်ပြီး ပြုံးပါသည်။ ဆရာဘုတ် ဘေးမှာ ထိုင်နေတဲ့ 'မင်း' က ဆရာဘုတ် ကို ရယ်စရာတွေပြောနေ တော့ ချောချို က ...

www.burmeseclassic.com

www.burmeseclassic.com



" 'မင်း' ရေ .. လူမမာကို ရယ်စရာ သွားမပြောနဲ့ ခွဲထားတာ မကြာသေးဘူး ချုပ်ရိုးပွင့်သွားဦးမယ် .."

ဆရာဘုတ် က ခပ်ရေးရေးပြုံးရင်း ...

"ဘာမှ မဖြစ်တော့ပါဘူးကွာ .. ကောင်းသွားပါပြီ ..၊ အင်း .. ဟိုနေ့က မခွဲခင်က ဆရာထွန်း လာသေးတယ် အစ်ကို့ကို ပိုက်ဆံ ပေးသွားတယ်တဲ့ လိုအပ်ရင် ပြောတဲ့ ဖုန်းနံပါတ်လဲ ပေးသွားတယ် ငါလဲ အားနာလိုက်တာကွာ .."

ဆရာထွန်း က ဆရာကျိုး နဲ့ ဆရာဘုတ် ကို ခေါ်တော်ကြီးထ ချစ်ပါသည်။ အင်းပေါ့လေ .. ကျောင်းဆွေးလူဆွေးတွေဆိုတော့ ညီ အစ်ကိုလို ဖြစ်နေတာကို ..။ ဆရာထွန်း မဟုတ်ပါဘူး ဆရာမ ဒေါ် ချယ်ရီ တို့ ဆရာမ ဒေါ်သန္တာဦး တို့လဲ ဆရာထွန်း လိုပါပဲ ..။

"ငါ့ကောင် ကျိုး ကို အားကျတယ်ကွာ .. ငါ့မှာ မင်း ဒီတစ်သင် မိန်းမ မရတော့ဘူးလို့ စိုးရိမ်နေတာ .. ငါ့ညီမ နင်မျက်စိမှားပြီး ဒီ ကောင်ကို အဖြေပေးလိုက်တာလဲ သစ္စာ .."

သစ္စာ က ရှက်ရှက်နဲ့ ရယ်နေပါသည်။ ဘေးမှာ ထိုင်နေတဲ့ မင်း က ...

"ကိုကြီးဘုတ် ရေ .. ကိုကြီးဘုတ် သူငယ်ချင်း အကြောင်းသ သိရဲ့သားနဲ့ သူ ဒီအတိုင်းဆို သစ္စာ က လက်ခံမှာ မဟုတ်ဘူး – 



သားကလူတွေ ဝိုင်းပြီး ဘေးတီးလို့ ရတာ .."

ဆရာဘုတ် က စိတ်ရှိလက်ရှိ မရယ်နိုင်ပါ။ နောက် သတိရဟန် နဲ့ ဘေးမှာ ငြိမ်ငြိမ်လေးထိုင်ပြီး ဆရာဘုတ် ကို ဂရုတစိုက်ငေးကြည့် နေတဲ့ ကောင်မလေးကို ...

"ဖြူလေး .."

"ရှင် .. ကိုကြီး .."

ဖြူလေး အသက်ကလဲ သစ္စာ နဲ့ မတိမ်းမယိမ်းပါ။ ဖြူလေး ဆိုတဲ့နာမည်နဲ့လဲ လိုက်ဖက်ပါသည်။ တကယ့်အရိုးခံ မျက်နှာလေးပါ။ ပြီးတော့ နွမ်းပါးပုံလဲ ရပါသည်။

"ကိုကြီးကြောင့် အလုပ်လဲ ပျက်လှပြီ .. နောက်နေ့ ဆေးရုံ စောင့်နဲ့တော့နော် .."

ဖြူလေး က ခပ်နွမ်းနွမ်းလေး ပြုံးပြရင်း ရှေ့က အိကျလာတဲ့ ဆံနွယ်စတွေကို နားရွက်ကြားထဲ ထည့်သိမ်းရင်း ...

"ရပါတယ် ကိုကြီးရယ် .. ဖြူလေး အလုပ်မဆင်းလဲ ကိုကြီး အစ်ကို ကိုကြီးတင်ဝေ က အမေ့ကို ဈေးဖိုးပေးနေတာပဲ အဲဒါတွေ ခေါင်းထဲ မထည့်နဲ့နော် .."

"ဟုတ်တာတော့ ဟုတ်တာပေါ့ဟာ .. အလုပ်က ပျက်တာ ကြာတော့ နင့်ကို မန်နေဂျာ က ဆူနေမှာစိုးလို့ ဖြူလေး .."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကိုကြီး .. ကိုယ့်ရောဂါ ကိုယ်သာပျောက်အောင်သာ နေ .. အဲဒါတွေ ခေါင်းထဲမထည့်နဲ့နော် .. လမ်းထဲက ကိုကြီးသူငယ်ချင်း ကိုအောင်စိုး တို့ တစ်ရက်လာစောင့်မယ်နေ့ကြရင် ဖြူလေး အလုပ်ဆင်းလိုက်မယ်လေ .. ငနော် .."

သူတို့နှစ်ယောက်ရဲ့ အပြောအဆို မျက်ဝန်းအကြည့်တွေကြောင့် ဆရာကျီး ရဲ့ ဇာတ်လမ်းဆိုတာ သဘောပေါက်လိုက်မိပါသည်။ သူတို့အုပ်စုက ဆေးရုံကပြန်လာတော့ ကျွန်တော် သိချင်နေတာကြောင့်—

"လက်ဖက်ရည်ဖြစ်ဖြစ် သောက်ရအောင်ဗျာ .. နင်တို့အချိန်ရလား .."

"ရပါတယ် ထိုင်လေ .."

သူတို့ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရင်း ကျွန်တော် သိချင်နေတဲ့ကိစ္စကို မေးဖို့အလုပ် ဆရာကျီး က ပြုံးပြီး ...

"မင်း .. ဘေုတ် နဲ့ ဖြူလေး ရဲ့ ဇာတ်လမ်းကို သိချင်နေတာ မဟုတ်လား .."

ဖြူလေး ဆိုတဲ့ စကားကြောင့် အားလုံး စိတ်ဝင်စားသွားပါသည်။

"ဖြူလေး တို့ အိမ်နဲ့ ဘေုတ် တို့အိမ်က ထရံတစ်ချပ်ပဲ ခြားတယ်ကွ .. နှစ်ခန်းတွဲပေါ့ကွာ ..၊ အိမ်ရှင်ကတော့ ဘေုတ် တို့ပေါ့ ဘေုတ် မှာက အစ်ကိုတစ်ယောက်ရှိတယ် ..၊ လက်သမားခေါင်းပေါ့ကွာ .. သူ့အစ်ကိုက ဘေုတ် ကို အတော်ချစ်တာကွ .. ညီအစ်ကိုနှစ်ယောက်ထဲရှိလို့လဲ ပါတာပေါ့ ..၊ ဘေုတ် အမေက အသက်ကြီးပြီဆိုတော့ မလုပ်နိုင်တော့ဘူးလေ .. အဲ .. ဖြူလေး တို့ကျတော့ အမေနဲ့ သမီးပဲရှိတယ် ..၊ ဖြူလေး အမေကတော့ ကျပန်းဈေးသည်ပေါ့ကွာ.. ဖြူလေး ကတော့ အထည်ချုပ်မှာ အလုပ်လုပ်တယ် .."

"ဟင် .. ဒါဆို ဖြူလေး ဆေးရုံစောင့်လို့ အလုပ်ဒီလောက်ပျက်နေတာ အလုပ်ထုတ်မခံရဘူးလား .."

ပေါက်ကြီး အမေးက ဖြစ်နိုင်ချေရှိပါသည်။ ဆရာကျီး ကလဲ အခုလိုပြောပါသည်။

"ဘယ်ထုတ်လို့ဖြစ်မှာလဲကွ .. မန်နေဂျာဆိုတဲ့ကောင်က ဖြူလေးကို ကြိုက်နေတာကို .."

ဆရာဘုတ် ရဲ့ ဇာတ်လမ်းက သူတို့အတွက် စိတ်ဝင်စားစရာပါ။ ဆရာဘုတ် က နဂိုကတည်းက ဆရာကျီး ထက်စာရင် စကားနည်းတာကို ..။ ပြီးတော့ သူ့မိသားစုကိစ္စကို ပြောလေ့ပြောထမရှိ ..။ ဆရာကျီး က သက်ပြင်းချရင်း လေးလေးနက်နက်ပြောပါသည်။

"ဒီကောင်က ထိလွယ် ရှလွယ် ခံစားချက်သမားကွ .. ဒီကောင်နဲ့ ဖြူလေး က တစ်ဦးကိုတစ်ဦး အတော်ကြီးကို သိပ်ချစ်ကြတာ .. ဘေုတ် အိပ်တဲ့ ထရံအောက်ခြေမှာ အပေါက်တစ်ပေါက်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ဖြူလေး အိပ်တာပေါ့ ..၊ သူတို့နှစ်ယောက် အိပ်ပြီဆိုရင် အဲဒီ ထရံပေါက်လေးထဲကနေ လက်လေးထည့်၊ တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ပြီး အိပ်ကြတာကွ .."

"တော်တော်ကို ချစ်ကြတာပဲနော် .."

"လုံးဝ ရိုမန့်တစ်ကွာ .."

"ဒါနဲ့ ဘာလို့ လက်မထပ်ကြတာလဲ .. လူကြီးတွေမသိလို့လား.."

ကျွန်တော့်ရဲ့ စကားကြောင့် ဆရာကျီး က ပြုံးပြီး ...

"လူကြီးတွေလဲ သိပါတယ် .. ဒါကြောင့်ပေါ့ကွာ .."

ဆရာကျီး က လက်မနဲ့ လက်ညှိုးကို ထိကာ သင်္ကေတပြသည်။

"ခင်ဗျားတို့နှစ်ယောက်က စိတ်ချင်းဆက်လို့လားမသိဘူးနော်.. ဖူးစာဆုံတော့လဲ တကယ့် အသက်ငယ်ငယ်ရွယ်ရွယ်လေးတွေ .."

"နွားအို မြက်နုကြိုက်ဆိုတာ ဒါမျိုးကွ .. ကန်တော့ ကန်တော့.."

ပေါက်ကြီး ပြောပြီးမှ သတိရကာ လက်အုပ်ချီပြောတော့ အားလုံး ဝိုင်းရယ်ကြပါသည်။



ကျွန်တော်နဲ့ ဆရာကျီး နှစ်ယောက်ထဲ စကားပြောနေစဉ် ဆရာကျီး ဖုန်းက အသံမြည်လာပါသည်။ ဖုန်းနံပါတ်ကိုကြည့်ပြီး ...

"ဟော .. မင်းရဲ့ 'မင်း' ဖုန်းကွ ရော့ .."

ဆရာကျီး က ကျွန်တော့်ကို ဖုန်းလှမ်းပေးတော့ ကျွန်တော် ဖုန်းလှမ်းကိုင်ကာ ...

"ဟလို .. ပြော .. မင်း .."

"ဘယ်မှာလဲ .."

"ဆရာကျီး နဲ့ ထိုင်နေကျ ကန်တင်းမှာ .."

"အတန်းဘာလို့ မတက်တာလဲ ကိုယ်တော် .."

ကျွန်တော် တဟဲဟဲရယ်တော့ ...

"ကောင်စုတ် .. ငါလာခဲ့မယ် .. ဆရာကျီး ပြောလိုက် သစ္စာ ပါ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့တယ်လို့ ..."

"အင်း .. အင်း .. 'မင်း' အတွက် ချိုစိမ့်တစ်ခွက် အသင့်မှာထား ပေးမယ် ဒါပဲနော် .."

ကျွန်တော် ဖုန်းကို ဆရာကြီး ကို လှမ်းပေးပြီး ဝန်ထမ်းရှာတိတ် ကို ...

"ညီလေးရေ .. ချိုစိမ့် ရှယ်နော် .."

"ဘယ်ရမလဲကွ .. သစ္စာ အတွက် ချိုပေါ့ .. ချိုပေါ့ ရှယ်နော် .."

စပီကာဖွင့်ထားတာကြောင့် ဆရာကြီး က ကြားသွားကာ သစ္စာ အတွက် လှမ်းမှာပါသည်။

"ခင်ဗျား ကလဲ ဗိုပ့်ဗျာ .."

ကျွန်တော့် စကားကြောင့် ဆရာကြီး က မကျေမနပ်နဲ့ ...

"ဒါဆို မင်းကျတော့ရော .."

"ဟာဗျာ .. ခင်ဗျားအသက်နဲ့ ကျွန်တော့်အသက်က ကွာတယ် လေ .."

ကျွန်တော့် စကားကြောင့် ဆရာကြီး က လှောင်ပြုံးပြုံးပြီး —

"ဟေ့ကောင် .. အချစ်မှာ အသက်မရှိဘူးကွ .."

ကျွန်တော်လဲ ခွင်ထဲဝင်လာတာမို့ ...



"ဒါဆို ဆရာကြီး ပြောချင်တာက ... အချစ်က အသက်မရှိဘူး ဆိုရင် အဓိပ္ပာယ်မရှိဘူးပေါ့ .."

"ဟေ့ကောင် .. ကပ်မပြောနဲ့ .."

စားပွဲထိုးလေးက သူတို့မှာထားတဲ့ လက်ဖက်ရည်နှစ်ခွက်လာ ချတော့ နှစ်ယောက်လုံး လက်ဖက်ရည်ခွက်ကို ဇွန်းနဲ့မွှေပေးနေပါ သည်။ ဆရာကြီး က မွှေပေးရင်း သူ့ကို မကျေမနပ်နဲ့ကြည့်ကာ ...

"ဟေ့ကောင် .. ချစ်တယ်ဆိုတာ အရွယ်မလိုဘူးကွ .."

"အရွယ်မလိုဘူးဆိုရင် ကန်တော့ .. မွေးခါစ .."

"ဟေ့ကောင် ဇော်တော့် .. ပေါက်တက်ကရ ပြောမနေနဲ့ .."

သူတို့အငြင်းပွားနေစဉ် ဟိုအုပ်စုရောက်လာပါသည်။ 'မင်း' က သူ့ဘေးမှာ ဝင်ထိုင်ရင်း ...

"ဘာတွေဖြစ်နေတာလဲ .."

ဆရာကြီး က သစ္စာ ရှေ့ လက်ဖက်ရည်ခွက်ကို ချပေးရင်း...

"နင့်ကောင်ပေါ့ .. ငါကပဲ အသက်ကြီးလို့ အခုလို ငါ့ချစ်ချစ် အတွက် တယုတယ လုပ်ပေးတာ .. မလုပ်ပေးသင့်ဘူးတဲ့ .."

ကျွန်တော် ပေါက်ကြီး ကို ဆရာကြီး မမြင်အောင် မျက်စိမှိတ် ပြလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အသက်အရွယ်နဲ့ အချိန်အခါမှာ ဆရာကြီး က အခုလို ကျွန်တော်
လို လိုက်လုပ်ရင် ပတ်ဝန်းကျင်အမြင်မှာ အိုဗာဖြစ်မနေဘူးလား
ပြောတာက အဲဒီလိုကွာ .."

သစ္စာ က ကျွန်တော် တမင်နောက်ပြောင်နေမှန်းသိနေတာ
ရယ်နေပါသည်။ ပေါက်ကြီး က စဉ်းစားဟန်နဲ့ ...

"အဲဒါပေါ့ကွ .. ကျီးကို ပန်းပန် ပေးသလိုဖြစ်နေတာ .."

"ဘာကွ .."

ဆရာကြီး ဒေါသထွက်နေသလောက် ကျန်တဲ့သူတွေက ရယ်
မဆုံး ..။ သစ္စာ ကိုယ်တိုင်ရယ်ချင်ဟန်နဲ့ ...

"အဲဒီ ကိုကြီးဟာလေ .. လူငယ်တွေက နောက်လို့နောက်
မသိဘူး တကယ်ပဲ .."

"ဟ .. ဒါက နောက်စရာလားကွ .. ဒီကောင် တမင် ကိုကြီး
နှိပ်ကွပ်တာ .."

"မဟုတ်ပါဘူးဗျာ .. ခင်ဗျားကိုက ကောင်မလေးငယ်ငယ်
ရည်းစားဖြစ်ပြီးကတည်းက ပိုကို ပိုလွန်းတယ် .."

"အေးလေ .."

"မင်းတို့ .. မင်းတို့ကွာ .."



ဆရာကြီး အံတကြိတ်ကြိတ် ..။ အဲဒီအချိန်မှာ အနားရောက်လာ
တဲ့ လူရိပ်ကြောင့် ကြည့်မိတော့ ...

"ဟာ .. ဆရာ ထိုင်ပါခင်ဗျ .. ဆရာ ဘာသောက်မလဲခင်ဗျ .."

ဆရာကြီး က ပျာပျာသလဲပေနဲ့ ခုံလွတ်တစ်ခု ထယူကာ ..
ဆရာထွန်း ကို လေးလေးစားစား နေရာပေးပါသည်။ ဆရာထွန်း က
ဝင်ထိုင်ရင်း နဖူးကို လက်ကိုင်ပဝါအသေးစားလေးနဲ့ သုတ်ရင်း...

"မသောက်တော့ပါဘူးကွာ .."

ဆရာ့မျက်နှာက မကောင်း ..။ အဲဒါကြောင့် ကျွန်တော်က ...

"ဆရာ ဘာဖြစ်လာလို့လဲဟင် .."

အားလုံး စိတ်က ထင့်ခနဲဖြစ်သွားပါသည်။ ကျွန်တော် ထင်..ဘ
မဖြစ်ပါစေနဲ့လို့ ဆုတောင်းစဉ်မှာပဲ ...

"ဘေ့တ် .. ဆုံးပြီကွ .."

"ဗျာ!..."

"ဟာ!..."

"ဘုရားရေ!..."

ကန်တင်းတစ်ခုလုံး အာမေဋိတ်သံတွေ ဆူညံသွားပါသည်။
ကန်တင်းပိုင်ရှင်နဲ့ ဆရာဘေ့တ် ကို သိနေသူ တော်တော်များများ ဆရာ့

www.burmeseclassic.com

www.burmeseclassic.com



သေးမှာ ဝိုင်းအုံမေးနေကြပါသည်။ မိန်းကလေးတွေက ငိုပါတော့သည်။

"ဘယ်လိုဖြစ်တာလဲ ဆရာရယ် .. သူတို့မနေ့က ဆေးရုံက ပြန်လာတော့ အတော်သက်သာပြီ ပြောသေးတယ် .."

ဆိုင်ရှင်က ပြောတော့ ဆရာကိုယ်တိုင်လဲ ပြုံးတော့မယ့် မိုးလို

"ဟုတ်ပါတယ်ဗျာ .. တော်တော်ကြီးကို အခြေအနေကောင်းလာပါပြီ ..၊ ဖြစ်ချင်တော့ လူနာစောင့်လဲတဲ့အချိန်မှာ ရေသွားသောက်မိတယ် .. ချုပ်ရိုးပြန်ပွင့်တယ်ပဲ ပြောရမှာပေါ့ .."

"ဟာဗျာ .."

ဆရာကျိုး မျက်ရည်တွေ တွေတွေကျရင်း မရိုတင်ကဲ ပြောပါသည်။ ပေါက်ကြီး က နာနာကြည်းကြည်းနဲ့ ...

"တောက် .. ဟာကွာ .."

"ဝုန်း .."

"ပေါက်ကြီး စိတ်ထိန်းစမ်း .."

စန္ဒာချို က မျက်ရည်တွေသုတ်ရင်း ပေါက်ကြီး ကို ဝင်ဆွဲနေပါသည်။ ပေါက်ကြီး ခေါင်းနဲ့ တိုင်နဲ့ ဆောင့်လိုက်တာကြောင့် ခေါင်းပေါက်သွားပါသည်။ ဆိုင်ရှင်က ဆေးအိတ်အမြန်သွားယူပြီး 'မင်း' ကို လှမ်းပေးတော့ 'မင်း' နဲ့ စန္ဒာချို၊ အေးယု တို့က ပေါက်ကြီး ကို



ဆေးထည့်ပေးပါသည်။

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ် .. မင်းကွာ .."

အဲဒီနေ့က ဒါတို့မေဂျာတစ်ခုလုံး မျက်ရည်တွေနဲ့ ရောထွေးသွားတဲ့နေ့ပါ။ လူချစ်လူခင်ပေါများတဲ့ ကိုဘုတ်ကြီး အတွက် အလှူငွေလာပေးသူတွေက တခြားမေဂျာက ကျောင်းသား၊ ကျောင်းသူတွေ ပါ ပါတယ်။

ဆရာဘုတ် ကတော့ ကျွန်တော်တို့ရင်ထဲ တမ်းတခြင်းတွေ အလွမ်းတွေထည့်ပြီး ပြန်မလှည့်ကြည့်တော့ပဲ ပျောက်ကွယ်သွားခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဘေုတ် ရေ သွားတော့ .."

သီဟာသူ လို့ အမည်ရတဲ့ ခန္ဓာကိုယ်ထည့်တဲ့အခေါင်းက မိုး
သဏ္ဍိုဟ်စက်ထဲ ရောက်သွားပါပြီ။

"ဂျိမ်း .."

တံခါးဆွဲပိတ်သံနဲ့အတူ ခေါင်းတိုင်မှာ မီးခိုးငွေ့တွေက လေထု
ထဲကို တိုးဝင်ပျောက်ကွယ်သွားပါသည်။

ရေဝေးသုသာန်က ခန်းမဆောင်တစ်ခုမှာ အဲဒီနေ့က သူတို့
တက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူတွေ၊ များပြားလှတဲ့ လွှမ်း
သူပန်းခွေတွေနဲ့ ရှုပ်ထွေးနေပါသည်။

'မင်း' တို့ မိန်းကလေးအုပ်စု မျက်ရည်တွေ အဆက်မပြတ် စီးရင်း
မီးခိုးခေါင်းတိုင်ကို တွေတွေကြီး စိုက်ကြည့်နေတဲ့ ဖြူလေး ကို လှမ်း
ဖက်ရင်း ...



"ညီမလေး စိတ်ထဲမှာရှိတဲ့အတိုင်း ငိုလိုက် အောင့်မထားနဲ့."

ဖြူလေး က သူတို့စကားကို ကြားပုံမပေါ် ..။

"ညီလေးရေ .."

ဆရာဘုတ် ရဲ့ အစ်ကို အော်သံက လွမ်းလွမ်းဆွတ်ဆွတ် ..။

"ဆရာ .. ဘုတ် .. ရာ .."

ဆရာကျိုး နဲ့ ဆရာဘုတ် သီချင်းရေးစပ်ပေးလို့ စတင်နာမည်ရလာတဲ့ သူတို့ကျောင်းက မိုးလွင် တို့ လူငယ်တစ်သိုက်က မီးသဂြိုဟ်စက်ရှိရာကို သက်အုပ်ရှိုပြီး ငိုသံနဲ့ လွမ်းလွမ်းဆွတ်ဆွတ်ပြောလာပါသည်။

"အိပ်မက်တွေကို ထပ်ဖြည့်ပေးပါဦး ဆရာဘုတ် ရယ် .."

မိုးလွင် က ဆရာဘုတ် ရေးပေးခဲ့တဲ့ သီချင်းခေါင်းစဉ်ကို ရည်ညွှန်းပြီး ပြောပါသည်။

ကျွန်တော် လည်းရှောင်းတလျှောက် ငိုခြင်းကို ကြိတ်မှိတ်မြိုသိပ်လို့လားမသိပါ နာကျင်နေပါသည်။ ဖြူလေး ရဲ့ ဘယ်ဘက်လက်ကိုကြည့်ပြီး ဆရာကျိုး ပြောဖူးတဲ့ (သူတို့က ထရံပေါက်ထဲ လက်ထည့်ပြီး တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး အိပ်တတ်တာကွ ..) အောက်ချင်းငှက်တွေလို သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦး အောက်ချင်းငှက်ဖိုကြီးကတော့ ထွက်ခွာသွားပြီ အောက်ချင်းငှက်မလေး ရေ ..။

www.burmeseclassic.com

www.burmeseclassic.com



နောင်ဘဝများ ခင်ဗျားနဲ့ ဖြူလေး ဆုံဆည်းခွင့်ရှိခဲ့ရင် ဒီ... အလွမ်းတွေများတဲ့ ဇာတ်လမ်းနဲ့ လူဖြစ်ခွင့်ကို မကြုံချင်ဘူး ဆရာ... ဘုတ် ..။

အနုပညာကို နှစ်သက်တဲ့ တက္ကသိုလ်ကျောင်းကြီးကို မြတ်နိုး... ဂီတချစ်တဲ့ လူငယ်တစ်ဦးအကြောင်း .. ဒီကျောင်းကြီးရဲ့ အမှတ်တ... စာအုပ်မှာ လူငယ်တွေက ပုံပြင်လို ပြောမဆုံးမှာ မဟုတ်ပါဘူး။

"သီချင်းတွေ အတူရေးရင် ငါ ဘယ်သူနဲ့ ပြင်းခုံရတော့မှာ... ဘေုတ် ရေ .."

ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့် ပြောလိုက်တဲ့ ဆရာကျီး ရဲ့ စကား... ကြောင့် ဆရာမမြသီတာ ထိန်းထိန်းသိမ်းသိမ်း မျက်ရည်ကျရင်း –

"မင်းစိတ်ကို ထိန်းဦးလေး မောင်ကျီး .. ကလေးတွေရှိသေး... တယ် .."

"ဟုတ်တယ် ကိုကြီး .."

သစ္စာ ရဲ့ နှစ်သိမ့်သံ ..။

"ကဲ .. ပြန်ကြရအောင် .."

အစီအစဉ်ဆွဲပြီးသားမို့ လူခွဲကြပါသည်။ ဖြူလေး ကို 'မင်း' ... ကားက ခေါ်သွားပါသည်။ ကျွန်တော် ဆရာကျီး နဲ့ ဆရာဘုတ် အစ်... မိုးလွင် တို့ အုပ်စုက တစ်စီး ..၊ ပေါက်ကြီး နဲ့ မြတ်ဇော် က မြတ်...



...သားနဲ့ ဆရာ၊ ဆရာမတွေကို ကျောင်းကို လိုက်ပို့ပေးဖို့ အရင်ထွက်... ...ပါသည်။

မိုးလွင် က ကားပေါ်ရောက်တော့ ကားမောင်းရင်း အမှုမဲ့အမှတ်... အာရုံပြောင်းဟန်နဲ့ FM ရေဒီယိုလိုင်းကို ဖွင့်တော့ ...

*"လက်ပြပြီးတော့ ကားပေါ်တက်သွား xx ဆေးလိပ်ဖြတ်ဦးတဲ့.. xx"*

ဒီသီချင်းသံကြောင့် ဆရာကျီး ရှိုက်ရှိုက်ငိုတော့ မိုးလွင် က ပိတ်မယ်... ...တော့ ...

"မပိတ်ပါနဲ့ မိုးလွင် ရာ .."

ကျွန်တော့် စကားကြောင့် မိုးလွင် ခေါင်းညိတ်ပြပြီး ကားကို ...အာရုံစိုက် မောင်းပါသည်။ အယ်လ်ဖြူ ရဲ့ သီချင်းက အလွမ်းအဆွေး... ...နဲ့ ဆရာဘုတ် ကို သတိရအောင် နှိပ်စက်ပါသည်။

ဆေးရုံမတက်ခင် တစ်ရက်က သူတို့ကို လက်ပြနှုတ်ဆက်ပြီး ...ဘုတ်ကြီး ထွက်သွားခဲ့တာ သတိရမိပါသည်။

"အမေ့ကို မခေါ်ခဲ့တာ ကောင်းပါတယ်ကွာ .."

ကိုဘုတ်ကြီး အစ်ကို စကားကြောင့် ကျွန်တော်က ...

"ဟုတ်တယ် ရေဝေးမှာဆိုရင် အစ်ကို့အမေ တစ်ခုခုဖြစ်သွား... ...တယ်ဗျ .."

ဆရာဘုတ် အစ်ကိုက ခေါင်းညိတ်ပါသည်။ ဆရာကျီး ...က အပြင်

www.burmeseclassic.com



ကို ငေးကြည့်ရင်း ...

"ဖြူလေး လဲ တော်တော်ခံစားရမှာနော် .."

ဆရာဘုတ် အစ်ကို ရဲတွတ်နေတဲ့ ·ကျက်လုံးကိုပွတ်ရင်း ...

"ဖြူလေး က ငဘုတ် မဆုံးခင်ကတည်းကနေ အခုထိ အိပ်မ

ကို နာရီပိုင်းလောက်ပဲရှိမယ် .. ဆုံးတော့လဲ အလောင်းထား

ခုတင်ဘေးမှာ တွေတွေကြီး ဘုတ် ကို စိုက်ကြည့်နေတာ .. ရေခဲတိ

ပို့ဖို့တောင် မနည်းလုပ်ရတာကွ .."

"သနားပါတယ်ဗျာ .."

မိုးလွင် စကားကြောင့် အားလုံး ဖြူလေး အတွက် စိတ်မကောင်း

ဘဝဆိုတာ ခင်မင်ရင်းနှီးတဲ့လူချင်း ရက်တရက်ခွဲဖို့ ဖန်တီးထားသ

လားမသိပါ။ ခင်ဗျားမရှိပေမယ့် ဆရာဘုတ် ရေ .. ခင်ဗျား သီချင်း

တွေကတော့ ကြားနေရဦးမှာပေ့ါ။

"သူနဲ့ ငါ ရေးထားတဲ့ သီချင်းတွေ အခုဆို အောင်မြင်လာ

ရလာတဲ့ အသီးအပွင့်တွေ ဒီကောင် မစူးဆွတ်လိုက်ရတာ မသိ

ရတာ ငါဝမ်းနည်းလို့ မဆုံးဘူး .. တောက် .."

ဆရာကျီး ရဲ့ မချိတင်ကဲကြေကွဲသံ ..။ ညနေ နေညိုချိန်

အလွမ်းတွေနဲ့ မှုန်မှိုင်းနေပါသည်။



ဆရာဘုတ် ရေ နာရေးကိစ္စပြီးစီးလို့ ကျောင်းပြန်တက်တော့ အရင်လို ပျော်ပျော်ရွှင်ရွှင်မရှိကြတာ အမှန်ပါ။

"ဘုတ်ကြီး မရှိတော့ ငါ့မှာ ခေါင်တောင်တောင်ကွာ .."

ဆရာကျီး စကားကြောင့် မြတ်ဇော် က ...

"တော်သေးတာပေ့ါဗျာ .. သစ္စာ က ခင်ဗျားကို အလိုက်သိပေ လို့ ခင်ဗျားကိုလဲ တော့်တော်ချစ်တယ်နော် .."

ဆရာကျီး သက်ပြင်းချရင်း ...

"ငါတောင် ထင်တောင်မထင်ထားဘူးကွာ .. အသက်ငယ်ပေမယ့် လူကြီးလေးတစ်ယောက်လို ရင့်ကျက်တည်ငြိမ်မှုရှိတယ် ..၊ သစ္စာ သာမရှိရင် ငါလဲ ဖရိုဖရဲ ဖြစ်မှာ အမှန်ပဲ .."

"ဟော .. ဟိုမှာ ဟိုကောင်တွေလာပြီ .."

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဇော် နဲ့ ပေါက်ကြီး က သူတို့ထိုင်နေတဲ့ ဆိုင်ဘက်ကို တစ်ခုခု အလေးအနက် ဆွေးနွေးရင်း လျှောက်လာကြပါသည်။

"မဟုတ်သေးဘူး ပေါက်ကြီး .."

"ဘာလို့ မဟုတ်ရမှာလဲ မြတ်ဇော် ရာ အသေအချာပဲ .."

ဝင်ထိုင်ထိုင်ချင်း ဆက်ပြီး ငြင်းခုံနေတာကြောင့် ဆရာကျိုး က ပြောသည်။

"ဘာတွေ ငြင်းခုံနေတာလဲကွ .."

ပေါက်ကြီး က ရှင်းပြသည်။

"ဒီလိုဗျ .. ဒီကောင့်အိမ်ကို ကျွန်တော် မရောက်ခင် လမ်းမှာ ကျွန်တော် ယူနီဆက်က ဝေတဲ့ ကွန်ဒုံးလက်ဆောင်ရတယ် .."

မြတ်ဇော် က အဲဒီစကားကြားတော့ မျက်နှာ နီရဲရဲ ..။

"အဲတော့ဗျာ .. ဒီကောင့်အိမ်လဲ ရောက်ရော ဒီကောင့်အမေ အန်တီဇော် က သားတဲ့ .. ကျောင်းသွားရင် မင်းအစ်မ မေမီဇော် ကုမ္ပဏီဝင်ပြီး မင်းအစ်မ မေ့ကျန်ခဲ့တဲ့ ဖိုင်ကို ဝင်ပေးလိုက်ပါတဲ့ ခုန ဖုန်းဆက်တယ်တဲ့ .."

"အဲဒီတော့ .."

ကျွန်တော် ပြုံးစေ့စေ့နဲ့ မေးတော့ ...



"အန်တီဇော် က ထပ်ပြောပြန်တယ် .. မင်းအစ်မဆီသွားရင် ပေါက်ကြီး ကို အဖော်ခေါ်သွားလိုက်ပေါ့တဲ့ .."

'အဖော်' ဆိုတဲ့ စကားကြောင့် ဆရာကျိုး က တခွိခွိ ..။ မြတ်ဇော် က နှာတင်းတင်း ..၊ ပေါက်ကြီး က ခပ်တည်တည် .. ပြီးတော့ ဆက်ပြောပါသည်။

"ငါ စဉ်းစားကြည့်မိတယ် .. ဒီကောင့်အစ်မ မေမီဇော် က အဖော် ကြိုက်တာလား .. အဖော်လိုအပ် .."

"ဖုန်း ..."

စကားတောင် မဆုံးလိုက်ရ .. မြတ်ဇော် လက်ဝါးက ပေါက်ကြီး ကျောကုန်းပေါ် ကျ‌ပါတော့သည်။ ဒီလောက် ခံစားရတာတောင် ပေါက်ကြီး က အပြုံးမပျက် ..။

"မင်းကွာ ငါ့လို အဖော်ကောင်းကို မင်းမို့လို့ .."

"ဟေ့ကောင် .."

မြတ်ဇော် လက်ရွယ်တော့ ပေါက်ကြီး တဟီးဟီးတဟားဟားနဲ့ ထပြေးပါတော့သည်။

ဆရာကျိုး ရယ်နေရာမှ တဖြည်းဖြည်းရပ်တည်သွားပြီး ...

"အင်း .. ရယ်သာရယ်နေရတာ .. စာမေးပွဲက နီးပြီပဲ .. ဘုတ်ကြီး

www.burmeseclassic.com



မရှိတော့ဘူးဆိုတော့ ဒီနှစ် အောင့်အောင်တော့ ဖြေရမယ် .. ဆရာထွန်းရော သစ္စာ ပါ ဒီနှစ် ငါ့ကို အောင်စေချင်တယ်လေ ..”

“မိုးလွင် ရွှေက တော်တော်ပေါက်သွားတာနော် ..”

“အေးကွာ .. ‘မင်း’ ဆိုတဲ့ သီချင်းသံကြားရင် ဘုတ်ကြီး တို့ ငါသိပ်သတိရတာကွ .. ဒီသီချင်းက ‘မင်း’ ရဲ့ အလှဘွဲ့ကို ဒီကောင် ရိုးရိုးလေး စပ်ပေးထားတာ ငါက ဟိုဖြည့်ဒီဖြည့်လောက်သာ ပါတာလေ ..”

“အေးဗျာ .. ဘဝဆိုတာ လွမ်းစရာတွေနဲ့ ချည်နှောင်ထားတာဗျ ..”

ပေါက်ကြီး ဆီက ထူးထူးဆန်းဆန်း စကားတွေ ကြားနေရပါသည်။

အပြင်က နေကို လှမ်းကြည့်ရင်း တံလျှပ်အရိပ်တွေကို မြင်တော့ သက်ပြင်းချမိပါသည်။



“သုံးနာရီတောင် ထိုးနေပြီ .. ပြန်တော့မလား ..”

စန္ဒာချို က လှမ်းပြောတော့ ပေါက်ကြီး က ...

“နေပါဦးဟာ .. အိမ်ပြန်လဲ ဘာအလုပ်မှ မရှိတာ .. ငါနဲ့ ချိုစိမ့် က ပိုဆိုးသေးတယ် .. အဆောင်ထဲမှာနေ .. သောက်နေ ..”

“ဘာပြောတယ် ပြောစမ်း .. ပြန်ပြောစမ်း ..”

ပေါက်ကြီး စကားကြောင့် မင်း က ကျွန်တော့်ကိုမှိုပြီး စာကျက်နေရာမှ ကိုယ်ကို ဆတ်ခနဲမတ်ကာ ပြောတော့ ပေါက်ကြီး က ရယ်ကျဲကျဲနဲ့ ...

“ဟို .. ရေ .. ရေ ..”

မင်း က ပေါက်ကြီး စကားကြောင့် မကျေမနပ်နဲ့ ကျွန်တော့်ကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. ငပေါက် မင်း ပေါက်တက်ကရတွေ မပြောနဲ့ ခပေါက်ပန်းလေးဆယ်မလုပ်နဲ့ .. နောက်ဆုံးကျွာ ပေါက်ပေါက်ဆုပ်တောင် မစားနဲ့ကွာ .. ဟင်း .. ဟင်း .."

ကျွန်တော် ပိုပိုသာသာလေး အမူအယာလုပ်ပြတော့ 'မင်း' က မကျေမနပ်နဲ့ ...

"ဟွန်းနော် .. နင်နဲ့ ပေါက်ကြီး အသံတွေ ထွက်နေတယ်နော်.."

"ဟာ .. နင်ကလဲ ယောကျ်ားအချင်းချင်းဟာကို .."

ကျွန်တော့် စကားကြောင့် စန္ဒာချို က ရှက်ကိုးရှက်ကန်းနဲ့ စာအုပ်နဲ့ လှမ်းပေါက်ရင်း ...

"တော်တော်ယုတ်မာတဲ့ ဟာတွေ .. ပါးစပ်စည်းကမ်းမရှိဘူး.."

'မင်း' က ကျွန်တော့်ခါးကို ဆွဲလိမ်ပြီး ...

"ချိုစိမ့် နော် .. ရှုးသလို ပေါသလို လုပ်မနေနဲ့ ဒီက မသိဘူးများမှတ်လို့လား .. အဆောင်မှာ နှစ်ယောက်သား ခွက်ပုန်းချနေတယ်ဆို .."

မင်း ရဲ့ စကားကြောင့် ပေါက်ကြီး က မျက်လုံးပြူးမျက်ဆံပြူးနဲ့ ...

"ဟာ .. ငါတို့နှစ်ယောက်က စားဖို့တောင် အနိုင်နိုင်ဟာကို

ဘယ်ကောင်များ ချွန်လိုက်လဲမသိဘူး .. ဒုက္ခပဲ .."



အေးယု က အဆင်းမှာ ဘီးတပ်ပေးပါသည်။

"ပြောမရပါဘူး .. ယောကျ်ားတွေဆိုတာ ဒီလိုပဲ လစ်ရင်လစ်သလိုလုပ်တတ်တယ် .."

အေးယု စကားကြောင့် မြတ်ဇော် က ...

"အေးယု နင် ဝါးလုံးကို ချီးသုတ်ပြီး နင် ကိုက်မစားနဲ့ .."

"ဘာ .."

တခွီးခွီး ရယ်ကြပါသည်။

"ဟိုလေ .. မရမ်းနဲ့လို့ပြောတာ .."

"မဟုတ်လို့လား .."

"ဟ .. အဲဒါဆို ဟိုတစ်ခါ နင်နဲ့ငါ ပန်းခြံထဲသွားရင် မိုးပျံရဟတ်စီးတယ်လေ .. အလုံစန်းထဲမှာ နင်နဲ့ ငါနဲ့ နှစ်ယောက်ထဲ နင်ကြောက်သို့ ငါ့ကို ဖက်တာတောင် ငါ ပြန်ဖက်လို့လား အခွင့်ရေးမယူဘူးနော်.."

"နင် .. နင် .."

အေးယု မျက်နှာကြီးရဲလာပြီး မြတ်ဇော် ကျောကိုထုပါတော့သည်။ ကျွန်တော်တို့က ရယ်တာပေါ့ ..။ ပေါက်ကြီး က ...

"ငါ့သူငယ်ချင်းက အလိမ္မာလေးပါ .. အေးယု မယုံရင် ဒီကောင့်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲ လက်ညှိုးထည့်ကြည့် ..”

“မကိုက်ဘူးလား ..”

“ဟင့်အင်း ပြတ်အောင် စုပ်လိုက်မှာ .. နော် .. မြတ်ဖော် ..”

မြတ်ဖော် က တဟီးဟီး ..။ ‘မင်း’ က ကျွန်တော့်ကို မှီထားထား

ကျွန်တော်က ကိုယ်ကို ယိုင်လိုက်တော့ အရှိန်လွန်ကာ ရင်ခွင်ထဲကျ

လာပါသည်။ ကျွန်တော်က တင်းတင်းကျပ်ကျပ် ဖက်ထားတော့ ‘မင်း’

က ရှက်ရှက်နဲ့ ...

“ချိုစိမ့် နော် .. ကျောင်းထဲမှာ ..”

“ဟ .. ငါဘာလုပ်လို့လဲ ..”

“လွှတ်လေ ..”

“လွှတ်ဘူး ..”

စန္ဒာချို က ပြုံးစေ့စေ့နဲ့ ...

“ဟော့ .. ဟော့ .. ငါတို့က အသက်မပြည့်သေးဘူးနော် .. ကလေး

တွေရှေ့မှာ ပေါက်တက်ကရတွေ လာမလုပ်ပြနဲ့ ..”

ပေါက်ကြီး က တဟီးဟီးနဲ့ ...

“ဟီး .. ဟီး .. ကလေးဆိုရင် လာခဲ့ .. အာဘွားပေးမယ် ..”

“ကဲ .. ပေးချင်ဦး ..”



ပေါက်ကြီး ကျောကော့သွားပါသည်။ ‘မင်း’ ကျွန်တော့် ရင်ခွင်ထဲ

က ရုန်းထွက်မယ်အလုပ် ...

“တီ .. တီ ..”

ကားဟွန်းသံကြောင့် ကမန်းကတမ်း ရုန်းထွက်ကာ ‘မင်း’ လှည့်

ကြည့်တော့ ...

“ဟင်!...”

“ဘာဖြစ်လို့လဲ .. မင်း ..”

‘မင်း’ အထိတ်တလန့်နဲ့ တစ္ဆေသရဲတွေ့သလို .. ပြီးတော့ ...

“အန်တီ .. ထရေစီ ..”

အားလုံး အထိတ်ထိတ်အပျာပျာဖြစ်သွားပါသည်။ မြတ်ဖော် က

ဘိုးတိုးလှမ်းပြောပါသည်။

“အန္တရာယ်အချက်ပေးသံတော့ ဖြည်လာပြီ ချိုစိမ့် ရေ ..”

‘မင်း’ ကပျာကယာနဲ့ အိတ်ကိုလွယ်ကာ ထရပ်တော့ အန်တီ

ထရေစီ က ကားပေါ်က ဆင်းလာပါသည်။ အနက်ရောင် မျက်မှန်

ခပ်ကြီးကြီးကို အကာအကွယ်ယူထားတဲ့ အန်တီထရေစီ ဆိုတဲ့ မိန်းမ

တစ်ယောက်ရဲ့ မျက်လုံးတွေကို အကဲခတ်ခွင့်မရ ..။ ဒါပေမယ့် တင်း

တပြတ်သားတဲ့ နှုတ်ခမ်းတွေက မာနကို ဖော်ပြတာလား။ မာကျောမှု

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သင်္ကေတလားတော့ မသိပါ။ ‘မင်း’ ကမန်းကတမ်း ထရပ်ခိုင်း
အန်တီထရေစီ သူတို့အနားရောက်လာပါပြီ။

“အန်တီက ဘယ်ကနေ ဘယ်လို ..”

အန်တီထရေစီ ဆိုတဲ့ အမျိုးသမီးက လောကွတ်စကားနဲ့ ကာထ
ဖို့ ကြိုးစားနေတဲ့ သင်းရဲ့ စကားသံကို ဂရုမပြုအားဘဲ ချိုစိမ့် ကိုသ
စိုက်ကြည့်နေသည်။ ပြီးတော့ မျက်မှန်ကို ချွတ်လိုက်ပါသည်။

ဂုဏ်မာန်မာန အင်အားကြီးသူတို့ရဲ့ မျက်ဝန်း၊ အထင်သေးမှု
ချဟာန်ရှိတဲ့အကြည့် နောက်ပြီး ...

“သြော် .. ချိုစိမ့် ဆိုတာ မင်းကို ..”

ဘယ်သူဘာလဲ သိနေပုံလောက်တော့ အခြေအနေက မကောင်း
မှန်း သိသာပါသည်။ ‘မင်း’ ကတော့ မျက်စိမျက်နှာအပျက်ပျက် ..

“ဂျက်စမင် မင်း တော်တော် တော်တာပဲကွ ..’

ပြောပုံက ထေ့လုံးလှောင်လုံးတွေနဲ့ပါ။

“ဒီလောက် ဆင်းရဲမွဲတေပြီး သုံးစားလို့မရတဲ့ကောင်ကို ဒေ
ရည်းစားအဖြစ် ဘယ်လိုများရှာခဲ့တာလဲ ..”

“တောက် ..”

ပေါက်ကြီး ပေါက်ကွဲဟန်နဲ့ တောက်ခေါက်တော့ ကျွန်တော်



ပေါက်ကြီးကို လက်ကာတားပါသည်။ ကျွန်တော့် နှုတ်ခမ်းမှာ အပြုံး
တစ်စုစု ငြိတွယ်နေပါသည်။

“ဒေါ်ထရေစီ ..”

ကျွန်တော့် စကားသံက မညင်သာ ..။ သို့သော် မပျော့ပြောင်း..။

“ကျွန်တော်ဟာ ဆင်းရဲပါတယ် .. မွဲတေပါတယ် .. ဒါပေမယ့် သုံးစားလို့တော့ ရပါတယ် ..၊ သုံးစားလို့ ရ၊ မရဆိုတာ ခင်ဗျားတူမကို မေးကြည့်ရင် သိနိုင်ပါလိမ့်မယ် ..”

“မင်း မမိုက်ရိုင်းနဲ့ ..”

စန္ဒာချို တို့က မျက်နှာပျက်လေပြီ ..။

“ကျွန်တော်တို့ တက္ကသိုလ်က လူမိုက်ရိုင်းတွေအတွက် ကျောင်းတက်ဖို့နေရာ မရှိဘူးခင်ဗျ .. ယဉ်ကျေးမှုသင်တန်းသာ မသင်ကြားပေမယ့် ကျွန်တော်တို့အားလုံး လိမ္မာကြပါတယ် ..”

ကိုယ်ကသာ အထက်စီးကနေပြီး လူများကို ပေါက်ပေါက်ပြောဆိုချင်ပေမယ့် ကိုယ့်ကို ပြန်ပြောတော့ ဆွေ့ဆွေ့ခုန် နာကျင်တဲ့အထဲမှာ ဒေါ်ထရေစီ ပါသည်။ အထိနာသူတို့ရဲ့ ထုံးစံအတိုင်းပေါ့။

“ဂျက်စမင် နင် ကားပေါ်တက်စမ်း ..”

‘မင်း’ ကျွမ်းကျင်ပိုင်နိုင်တဲ့ သိုးကျောင်းသားရဲ့ သိုးလို ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



စိပ်စိပ်နဲ့ ကားပေါ်တက်သွားပါသည်။ သူတို့ကို တစ်ချက်မှ လှည့်မကြည့် ..။ ဒေါ်ထရေစီ ရဲ့ မျက်လုံးစိမ်းစိမ်းတွေကတော့ ကျွန်တော်ထံ တစ်ချက်လှမ်းကြည့်ပြီး ...

"တောက် ..."

ဒေါသတွေ တနင့်တပိုး သယ်ယူကာ ကားလေးနဲ့ ပြန်ထွက်သွားပါသည်။

"တော်တော် မိုက်ရိုင်းတဲ့ အဖွားကြီးကွာ .."

"အေးကွာ .. 'မင်း' ရဲ့ မျက်နှာမသာမရှိရင် ငါတို့လဲ ဝိုင်းပြောပြီ .."

ပေါက်ကြီး နဲ့ မြတ်ဇော် က မခံမရပ်နိုင်စွာ ပြောပါတော့သည်။ စန္ဒာချို က စိုးရိမ်မကင်းမျက်နှာနဲ့ ...

"နင်တို့ကသာ ဒေါသထွက်နေ စာမေးပွဲက ရက်ပိုင်းပဲလိုတော့တာ ကျောင်းက ပိတ်တော့မှာနဲ့ ဒုက္ခပါပဲဟယ် .."

"မတတ်နိုင်ဘူးလေ .. အဲလောက်မိုက်ရိုင်းနေမှတော့ ဒီကောင် ဒီလောက်တော့ ပြန်ပြောသင့်တာပေါ့ဟ .."

" 'မင်း' ဘယ်လိုနေမလဲ မသိဘူးဟာ .."

အေးယု က စိုးရိမ်စိတ်နဲ့ ပြောတော့ ကျွန်တော်က ...



"သူ .. သဘောပေါက်မှာပါ .. အချိန်တန်ပြီဆိုတာ သူ သိနေလောက်ပြီပေါ့ .."

မြတ်ဇော် က ကျွန်တော့်ပခုံးကို ပုတ်ကာ ...

"မင်းလဲ စာမေးပွဲပြီးတာနဲ့ 'မင်း' ကိုခေါ်ပြီ လိမ့်တော့ .. ငါတို့လဲ လိုအပ်တာ ပြင်ဆင်ထားလိုက်မယ် .."

ကျွန်တော် သက်ပြင်းနဲ့အတူ ခေါင်းညိတ်ပြမိပါသည်။ တကယ်ပါပြောရပါတယ် ဝေးလို့တော့ မဖြစ်ဘူး 'မင်း' ရယ် ..။

www.burmeseclassic.com

www.burmeseclassic.com



မချစ်ဖူးတော့ ..

တကယ်လဲ အချစ်ရူးထိရော ..

အရူးအမူးပေါ့ 'မင်း' ရယ် ..

ဆောင်းတွေလို အေးချမ်း

နှင်းဇာတ်လမ်းကို မက်ချင်ပေမယ့် ..

ခွဲတမ်းအရတော့ ...

နွေရှိုက်နဲ့

ပူလောင်မိုက်မဲတဲ့ လူကြမ်းဘဝပါ ..။

လမ်းသလားနေပေမယ့် ပျော်မယ်မထင်နဲ့

ငါ အလွမ်းသမားပါ ...။



တကယ်လဲ စာမေးပွဲနေ့ရက်တွေလဲရောက်ရော 'မင်း' ဘဝ
တွက် အကျဉ်းစံ မင်းသမီးဘဝကို နေ့ချင်းညချင်းရောက်ရော
ယ်ချုပ်နဲ့ ဟန်လုပ်နေရတဲ့ ဘဝပါ။

"ချိုစိမ့် ရေ .. ဘွားတော်ကြီးကတော့ 'မင်း' ကို မျက်စိအောက်
ပျောက်မခံဘူးနော် .."

အပင်ရိပ်ကောင်းကောင်းအောက်မှာ ကားတစ်စီး လူနှစ်ယောက်
တွေ ကျွန်တော့်ကို မျက်ခြေပျက်မခံ စောင့်ကြည့်နေတဲ့ ဒေါ်ထရေစီ
တွေ့တော့ ဆရာကျီး က အခုလိုပြောသည်။ 'မင်း' က ကျွန်တော့်
လုံးလုံးမကြည့်ပါ။ ကျွန်တော်လဲ ဂရုတစိုက် ကြည့်မနေပါ။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ချင်းက အဆက်အသွယ်ရှိပါသည်
အဲဒါကတော့ စန္ဒာချို ပေါ့။ ကျွန်တော်လိုအပ်တာတွေ၊ ပြောချင်တာ
တဲ့ စကားတွေ စန္ဒာချို ကို ပြောပါသည်။ စာမေးပွဲမဖြေခင် အတန်း
ဝင်တဲ့ ခဏတာလေးအတွင်းပေါ့။ စာမေးပွဲဖြေပြီးတော့ စန္ဒာချို
ပြောပါသည်။

"သူလဲ ပြောပါတယ် .. နင့် သဘောတဲ့ .."

"ဘာကိုလဲဟ .."

မြတ်ဇော် က ဘာမှမသိသေးတာကြောင့် မေးတော့ ကျွန်တော်က

"စာမေးပွဲဖြေပြီးမယ့်နေ့ကို ငါ နိုးမယ်လို့ ဒေါ်ထရေစီ ထင်လိမ့်
မယ် .."

"ဟင် .. မင်း မနိုးဘူးလား .."

ကျွန်တော်က ခေါင်းခါပြတော့ မြတ်ဇော် က မကျေမနပ်နဲ့

"မင်းကွာ .. အခွင့်အရေး ရှားရှားပါးပါးလေးရတဲ့အချိန်ကို .."

"မဟုတ်သေးဘူး မြတ်ဇော် .. ငါ သတင်းကြားပြီးပြီ .. 'မင်း



တို့ ပတ်စပို့ မရသေးဘူး ..၊ စာမေးပွဲပြီးလို့ လေးငါးရက်အလိုမှ ရမှာ..၊
ငါ့မှာ အကြံအစည်အသစ်ရှိတယ် .."

"ပိပိရိရိလုပ်နော် .. ချိုစိမ့် .."

အေးယု က အားမလိုအားမရပြောတော့ ကျွန်တော် ရယ်ပြီး ...

"အေးပါဟ .."

"မင်း ဘယ်လိုစီစဉ်ထားလဲ ချိုစိမ့် .."

"နောက်တော့ ပြောပြမယ် ဆရာကျိုး ရာ .."

"မင်းကလဲကွာ .. ဦးစံရှား လုပ်နေတယ် .."

ဆရာကျိုး ရဲ့ မကျေမနပ်စကားကြောင့် ကျွန်တော် ရယ်ပြီး ...

"မဟုတ်ပါဘူးဗျာ .. အစီအစဉ်က ခေါင်းထဲမှာ စဉ်းစားနေတာ
မပြီးသေးလို့ပါ ပြီးရင် ခင်ဗျား သိစေရမယ့် စိတ်ချ .."

"တကယ်နော် .."

ကျွန်တော် ကတိပေးတဲ့အနေနဲ့ ခေါင်းညိတ်ပြတော့ ဆရာကျိုး
ကျေနပ်သွားပါသည်။

"မင်းတို့နှစ်ယောက် ပေါင်းရဖို့အတွက် ငါတို့အားပဲလုပ်ရလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



ကွာ ..”

ဆရာကျိုး စကားကို စန္ဒာချို ကလဲ ထောက်ခံစကားဆိုသည်။

“ဟုတ်တယ် .. နင်တို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ညားရမယ် .. ချိုစိမ့် ..”

“နင်တို့ စေတနာကို ကျေးဇူးတင်ပါတယ်ဟာ ..”

ကျွန်တော် တကယ်ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်မိပါသည်။ ယုံတယ် ‘မင်း’ ရေ .. မင်းနဲ့ ငါနဲ့ဝေးလို့မဖြစ်ပါဘူး။ ငါသေသွားနိုင်တယ် ‘မင်း’ ရှ ..။



“ချိုစိမ့် ညည်းသည် .. မင်း အစ်ကိုတဲ့ ..”

စာမေးပွဲ ဖြေဖို့ ရေမိုးချိုးပြီး အဝတ်စားလဲနေစဉ်မှာ အောက်ထပ်က အော်လိုက်တဲ့ အသံကြောင့် ချိုစိမ့် ကမန်းကတမ်း ရှိစုမဲ့စု အကျီအဖြူလက်တိုကို ကောက်ဝတ်ရင်း ...

“ထူးထူးဆန်းဆန်းပါလားကွ ..”

“အေးလေ ... ဒီရက်ပိုင်းအတွင်းပဲ မင်းလဲ ပြန်ရတော့မှာ .. ဘာအရေးကြီးလို့လဲ မသိဘူး ချိုစိမ့် ..”

ချိုစိမ့် သက်ပြင်းချရင်း အောက်ထပ်ကိုဆင်းသွားတော့ ပေါ်ကြီး အဝတ်အစားလဲ၊ လိုအပ်တာတွေ အိတ်ထဲထည့်ပြီးတော့ ချိုစိမ့် အိတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုပါယူပြီး အောက်ထပ်ဆင်းလာပါသည်။ ချိုစိမ့် နဲ့ ချိုစိမ့် အစ်ကို အဆောင်ဝန်းထဲက သစ်ပင်ရိပ်အောက်က တန်းလျားမှာ ထိုင်ရင်း စကားတွေပြောနေကြပါတယ်။ ချိုစိမ့် ပုံစံက တစ်ခုခုကို ခံစားနေသလို .. ပြောနေတဲ့ ချိုစိမ့် အစ်ကိုကလဲ ချိုစိမ့် လိုပါပဲ။ ပေါက်ကြီး သူတို့မိသားစုအရေးမို့ ခပ်လှမ်းလှမ်းကပဲ စောင့်နေပါသည်။

"ကဲ .. သွားမယ် ညီလေး .. အစ်ကိုပြန်မှ ဖြစ်မယ် ..၊ ညီလေး သဘာပေါ့ .. စာမေးပွဲပြီးရင် အချိန်ဆွဲမနေနဲ့ မြန်မြန်လာခဲ့နော် - ဟိုမှာ .. ကဲ ထားပါ .. အစ်ကိုသွားပြီ .."

ချိုစိမ့် အစ်ကိုက ပေါက်ကြီး နဲ့ ရင်းနှီးနေပြီးသားမို့ ပေါက်ကြီးကို လက်ပြနှုတ်ဆက်ပါသည်။ ပေါက်ကြီး ကလဲ ပြန်ပြီး လက်ပြနှုတ်ဆက်ပါသည်။ ပြီးတော့ ချိုစိမ့် အစ်ကို ထွက်သွားသည်။ ချိုစိမ့် ကတော့ အဲဒီနေရာမှာ ငိုင်ငိုင်ကြီး ရပ်ကျန်နေခဲ့ပါသည်။

"ဘာဖြစ်လို့လဲ ချိုစိမ့် .."

"ဘာမှ မဖြစ်ပါဘူးကွာ .."

ချိုစိမ့် ဆီက ဘာမှ မဖြစ်ပါဘူး ကြားနေပေမယ့် အသံက လက်



သက်ဆတ်ဆတ်မရှိ .. ခြောက်ခြောက်သွေ့သွေ့ ..။

"မဟုတ်ပါဘူးကွာ .. မင်း တစ်ခုခု ဖြစ်နေတယ် .."

"ထားလိုက်ပါကွာ .."

ပေါက်ကြီး လဲ ချိုစိမ့် မပြောချင်မှန်းသိတာကြောင့် ထပ်မမေးတော့ပါ။

ကျောင်းရောက်တော့ အားလုံး စာကျက်သူကျက်၊ ဆရာကျီး နဲ့ ပေါက်ကြီး မြတ်ဇော် တို့ကတော့ ဝိုင်းဖွဲ့ပြီး စကားပြောနေကြပါတယ်။

ချိုစိမ့် တစ်ယောက်သာ ခပ်လှမ်းလှမ်းမှာ တစ်ခုခုစဉ်းစား တွေဝေနေသလို တစ်ယောက်ထဲ သီးသန့်ဖြစ်နေတာကြောင့် ဆရာကျီး က ...

"ဟိုကောင် ဘာဖြစ်နေတာလဲ .."

ပေါက်ကြီး ချိုစိမ့် ရှိရာကို တစ်ချက်ကြည့်ပြီး ...

"မသိဘူးဗျာ .. ကျောင်းကိုမလာခင် သူ့အစ်ကို အဆောင်ကို ရောက်လာပြီးကတည်းက အဲဒီလိုဖြစ်တာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်တာလဲ မရဘူး .. သူ မဖြေချင်တော့လဲ အတင်း မမေးတော့ပါဘူးဗျာ .."

မြတ်ဇော် က ချိုစိမ့် ကို လှမ်းကြည့်ရင်း

"ကြည့်ရတာ သူ့အစ်ကိုဆီက ကြားရတဲ့သတင်းက ပျော်စရာ တော့ မဟုတ်ဘူးဗျ .."

"မင်းက ဘယ်လိုသိလို့တုန်းဟ .."

"ဆရာကျိုး ကလဲ ပျော်စရာသတင်းဆိုရင် ဒီကောင် ပြောပြမှာ ပေါ့ .. အခုဟာက ကြည့် .."

မြတ်ဇော် တွေးတော့လဲ ဟုတ်သလိုလိုတော့ရှိသည်။ လူဆိုတာ ပျော်စရာရှိရင် မျှဝေမှာတော့ အမှန်ပါပဲ ..။

နောက်တော့ စာမေးပွဲဖြေဖို့ အချိန်နီးကပ်လာတာကြောင့် ကျောင်းခန်းထဲဝင်သွားပါသည်။

"ဟိုကောင်ရော .."

ချိုစိမ့် ကို မတွေ့လို့ ပေါက်ကြီး က ရှာတော့ မြတ်ဇော် က ...

"မင်းကောင် ဝင်သွားတာ ကြာလှပြီ .."



"မြန်ပါကွာ .."

ချိုစိမ့် ကျောင်းခန်းထဲဝင်လိုက်ပါသည်။ အခန်းစောင့်ဆရာမ က သူနဲ့ အရမ်းခင်တဲ့ ဆရာဖြစ်နေတာကြောင့် ပြုံးလိုက်မိပါသည်။

"ဆရာမ .."

"ဟဲ့ .. ငချို .. နင် စာတွေရော ရရဲ့လား .."

"ဟုတ်ကဲ့ .. ဆရာမ .."

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ နောက်ဆုံးနေ့မို့ လွတ်လပ်ပေါ့ပါးစွာ သူမ အခန်းထဲက အပြင်ကို ထွက်လာပါသည်။ ဆရာမက သူမ ခေါင်းကို ပုတ်ပြီး နှုတ်ဆက်ပါသည်။

'မင်း' အပြင်ကို လှမ်းကြည့်တော့ အန်တီထရေစီ စိတ်စောစွာနဲ့ နာရီကိုကြည့်လိုက်၊ အခန်းဘက်ကို လှမ်းကြည့်လိုက်ပေါ့။ အန်တီထရေစီ ပုံစံက တစ်ခုခုဖြစ်နေသလိုပါပဲ ..။ လမ်းဟိုဘက်ဒီဘက် လျှောက်လိုက် အခန်းဘက်ကို ကြည့်လိုက်ပေါ့။

သူမ သူငယ်ချင်းတွေရှိရာဘက်ကို လှမ်းကြည့် လက်ပြတော့ ဟိုအုပ်စုက လက်လှမ်းပြပါသည်။

"ကဲ .. မြန်မြန်တက် .."

အန်တီထရေစီ က တံခါးမြန်မြန်ဖွင့်ပေးပြီးပြောတော့ ...



"ဘာဖြစ်လို့လဲ အန်တီ .."

အန်တီထရေစီ က အရှိန်နဲ့ ကားကို ဆောင့်ထွက်တော့ သူမ ဘန်ချက်ပျက်သွားပါသည်။

"ညည်း ညီမ သူ့ကောင်လေးနဲ့ ခိုးရာလိုက်ပြေးသွားပြီ .."

"ရှင်!..."

သူမ တကာယ်ကို အံ့ဩသွားပါသည်။ သိတော့သိပေမယ့် ဒီလောက် အိတော့ မြန်ဆန်လိမ့်မယ်တော့ မထင်ခဲ့မိပါ။

"ဟုတ်ရော ဟုတ်လို့လား အန်တီရယ် .."

"ဟဲ့ .. ခုနကတင် ဖုန်းဆက်တာ ပြန်ဆက်သွယ်တော့ ဖုန်းကို ပိတ်လိုက်တယ် .. တောက် .. ခွေးမ ငါ့ကို မလိမ့်တပတ် လုပ်သွား တဲ့ ဟာမ သိမယ် .."

အန်တီထရေစီ ပုံစံက အထိနာသွားတဲ့ လူတစ်ယောက်လို ဧပရယ် မလိမ့်တပတ်နဲ့ ပိပိရိရိလုပ်သွားခဲ့တာကို ..။ အဲဒီနေ့က သူမ အိမ်ကို တန်းမရောက်ခဲ့ဖိုက်ပါ။ အဝေးပြေးကားဂိတ်မှာ သွားစုံစမ်း တော့လဲ ဘယ်သူ့ကိုမေးလို့ ဘယ်ဂိတ်မှန်းလဲ မသိ ..။

အိမ်ပြန်ရောက်တော့ ပိုဆိုးပါတော့သည်။ ဧပရယ် ပေါ် ပုံရှုံ့နေတဲ့ ဒေါသစိတ်တွေက သူမအပေါ် ကျလာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးဖြစ်ချင်တဲ့ဟာမ .. နင့်ထိုက်နဲ့ နင့်ကံပဲ .. ဒီတစ်သ
အဲဒီဟာမကို လုံးဝ မတွေ့ချင်ဘူး .. ဂျက်စမင် .."

"ရှင် .. အန်တီ .."

သူမ ကြောက်ကြောက်လန့်လန့်နဲ့ထူးတော့ အန်တီက ဒေါ
တွေ ဒီဂရီတက်နေတဲ့ မျက်ဝန်းနဲ့ အံတင်းတင်းကျိတ်ရင်း ...

"ညည်းလဲ သတိထားနေ .. အဆက်အသွယ်လုပ်ဖို့ မကြိုးစ
နဲ့ .. တစ်ယောက်ကိုတော့ လက်လွှတ်လိုက်ရတယ် .. ညည်းအလှည့်
အဲဒီလိုထပ်ဖြစ်မယ်တော့ မထင်နဲ့ နောက် ငါ့အဆိုး မဆိုနဲ့ .."

"ဟုတ် .. ဟုတ်ကဲ့ .."

သူမ ကြောက်ကြောက်လန့်လန့်နဲ့ ပြောမိပါသည်။ ဧပရယ်
လောက် သတ္တိရှိလိမ့်မယ် အဆောတလျှင် လုပ်သွားလိမ့်မယ်လို့ သူ
မထင်မိခဲ့တာ အမှန်ပါ။

အခုတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်တောင် မရှိတော့ ...။ သူ
စိတ်ပျက်လက်ပျက်နဲ့ အခန်းထဲဝင်လာမိပါသည်။



"အန်တီ .."

ဒေါ်ထရေစီ ခေါ်သံနဲ့အတူ သူ့ရှေ့မှာ လာရပ်တဲ့ အရိပ်ကြောင့်
စာစောင်ဖတ်နေရာမှ မော့ကြည့်တော့ 'မင်း' ဖြစ်နေတာ တွေ့လိုက်
ရပါသည်။ 'မင်း' ဘေးမှာ အိမ်ကိုရောက်လာတဲ့ တူမဖြစ်သူရဲ့ သူ သ်ချင်း
တွေဖြစ်တဲ့ စန္ဒာချို နဲ့ အေးယု ...။ ဒေါ်ထရေစီ 'မင်း' ကို အကဲခတ်
မိတော့ ခင်း မကြာသေးခင်ကမှ ငိုထားမှန်းသိတဲ့ အရိပ်အယောင်ကို
တွေ့မိပါသည်။ ပြီးတော့ စန္ဒာချို နဲ့ အေးယု တို့ရဲ့ မှုပျက်နေတဲ့
မျက်နှာတွေကြောင့် ...

"ပြော .."

"သမီး အပြင်ခဏလောက် သွားချင်လို့ပါ .."

ဒေါ်ထရေစီ ရှုံတုံ့ချတုံ့ဖြစ်နေစဉ် ...

"သမီး ကတိပေးပါတယ် အန်တီ .. သမီး [illegible]မပြေးပါဘူး

www.burmeseclassic.com

www.burmeseclassic.com



သမီး ပြန်လာမှာပါ .."

"အန်တီ လိုက်ပို့ပေးမယ် .."

စန္ဒာချို နဲ့ အေးယု က အထိတ်တလန့်နဲ့ 'မင်း' ကို လှမ်းကြည့်တော့ 'မင်း' က တည်တည်ငြိမ်ငြိမ်ပါပဲ။

"ရပါတယ် အန်တီ .."

ဒေါ်ထရေစီ အဝတ်အစားတောင်မလဲတော့ပါ။ ချက်ချင်းပင် ကားသော့ကိုယူကာ လိုက်ပါလာခဲ့ပါသည်။ စန္ဒာချို က သူ့ကားကို ထားခဲ့ကာ 'မင်း' တို့ကားနဲ့ပဲ လိုက်ပါလာခဲ့ပါသည်။

တစ်လမ်းလုံး တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြပါ။ သွားရမယ့်နေရာကို ကားပေါ်စတက်ကထဲက 'မင်း' က ပြောပြထားတာမို့ ဒေါ်ထရေစီ တိတ်တိတ်ဆိတ်ဆိတ် မောင်းလာခဲ့ပါသည်။ တစ်ခုခု ထူးခြားနေတာတော့ အမှန်ပါ။ ဒါမှမဟုတ် သူ့ကိုပဲ ကျူးသွင်းနေတာလားမသိပါ။

'မင်း' တို့ ချိန်းဆိုထားရာနေရာကို ရောက်တော့ ကားကိုရပ်ပြီး ...

"အန်တီ ဒီကပဲ စောင့်မယ် .. သမီး .."

"ဟုတ်ကဲ့ အန်တီ .."

'မင်း' ရဲ့ ကောင်လေး ချိုစိမ့် ဆိုတာနဲ့ နောက်သုံးယောက်က



ခပ်လှမ်းလှမ်းမှာ တွေ့ရပါသည်။ ကောင်လေးက ခေါင်းငုံ့လျက် အနေအထား ..။ 'မင်း' က ချိုစိမ့် ဆိုတဲ့ ကောင်လေးဆီ တန်းတန်းမတ်မတ် လျှောက်သွားပြီး ရောက်ရောက်ချင်း ...

"ဖြန်း .."

ရောက်ရောက်ချင်း 'မင်း' ရဲ့ ခရီးဦးကြိုပြုပုံကြောင့် အားလုံး တားမြစ်သံတွေ ဆွဲကြသူတွေနဲ့ ရုတ်ရုတ်သဲသဲ ဖြစ်သွားပါသည်။ ဒီနေရာက အေးချမ်းတိတ်ဆိတ်နေပေမယ့် ဖြစ်နေပုံတွေက ဆူဆူ ပွက်ပွက် ..။

"ဟဲ့ .. ပြဿနာကို ပြေပြေလည်လည်ရှင်းလေ .."

'မင်း' ရဲ့ သူငယ်ချင်းတစ်ယောက်က သတိပေးစကားဆိုပေမယ့် တူမဖြစ်သူ 'မင်း' ကတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျရင်း...

"နင့်ကို ယုံလိုက်ရတာ ချိုစိမ့် ရယ် နင့်ကို ငါ့မိဘတွေထက် ပိုချစ်လို့ နင့်နောက်ကို လိုက်ဖို့ဆုံးဖြတ်ချက် ချခဲ့တာ .. ငါ့ကို နင် လှလှပပ အရှက်ခွဲလိုက်တာလား .. ပြောလေ .. ပြောပါဦး .."

'မင်း စိတ်ရှိလက်ရှိ ငိုကြွေးရင်း ချိုစိမ့် ရဲ့ ရင်ဘတ်ကို တဒုန်းဒုန်း ထုနေပြီးပြောတော့ ချိုစိမ့် က ကျောက်ရုပ် ..။

သူတို့အထဲမှာ အသက်ကြီးဆုံးနဲ့ အသားမည်းမည်း လူတစ်ယောက်က ...

"မင်းဘာတွေ ဖြစ်နေတာလဲ ချိုစိမ့် .. မင်းမှာ ဘာအခက်အခဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့လဲ ငါတို့ကိုပြောပြလေ .. မင်းနဲ့ ငါတို့က သူငယ်ချင်းတွေ မဟုတ်ဘူးလား .."

ကားပေါ်မှာ နားစွင့်နေတဲ့ ဒေါ်ထရေစီ တောင် မယုံကြည်သလို ယုံကြည်သလိုနဲ့ စိတ်ဝင်တစားနားထောင်မိပါသည်။

"ပြောလေကွာ .. မင်း ဇယာကျိုး မဟုတ်ဘူးလား .."

ကောင်လေးတစ်ယောက်ယောက်က ချိုစိမ့် ရင်ဘတ်ကို ဆောင့်တွန်းလိုက်တော့ ...

"ဟဲ့ .. အချင်းချင်းတွေလေ မြတ်ခဇော် .."

ချိုစိမ့် ဆိုတဲ့ ကောင်လေးက စိတ်ပျက်အားလျော့နေသူတစ်ယောက်လို 'မင်း' ကို ငေးကြည့်ပြီး ...

"အမိက ပြဿနာက ပိုက်ဆံပဲ .. မင်း .."

"ဟာ .. အတွေးခေါင်လိုက်တာကွာ .."

"ယုတ္တိမရှိတာတွေ ပြောမနေနဲ့ ချိုစိမ့် .."

လူငယ်တွေကတော့ လူငယ်စိတ်ဓာတ်နဲ့ လက်မခံနိုင်ဟန်ပြောနေကြပေမယ့် ဒေါ်ထရေစီ ချိုစိမ့် ရဲ့ စကားကို လက်ခံမိပါသည်။ လက်တွေ့နဲ့ အိပ်မက်ကို ခွဲခြားစေတဲ့ စကားလို့ပဲ ယုံကြည်မိပါသည်။

ချိုစိမ့် ဝဲတက်နေတဲ့ မျက်ရည်ကို မကျမိအောင် ထိန်းရင်း ...

"အတွေးခေါင်တာမဟုတ်ဘူး .. 'မင်း' .. ပြတ်ပြတ်သားသားတွေး



တိုက်တာပါ .. ယုတ္တိမရှိတာမဟုတ်ဘူး လက်တွေ့ကျကျ ဆုံးဖြတ်တိုက်တာကွ .. ငါက 'မင်း' ကို မင်းတို့အားလုံးထက် ပိုချစ်တဲ့ကောင်ပါ.."

'မင်း' က ချိုစိမ့် စကားကြောင့် တသိမ့်သိမ့်ရှိုက်ငိုနေပါတော့သည်။

"မင်း သူ့ကိုချစ်ရင် လက်လွှတ်မခံသင့်ဘူးလေ .. မစွန့်လွှတ်သင့်ဘူး .. မင်း အဲဒါကို သိရဲ့နဲ့ကွာ .. တောက် .."

ပေါက်ကြီး စကားကြောင့် ချိုစိမ့် နာနာကျင်ကျင် ပြုံးလိုက်မိပါသည်။

"စာမေးပွဲ ဖြေမယ့်နေ့က အဆောင်ကို ငါ့အစ်ကိုရောက်လာတာ မင်း မှတ်မိလား ပေါက်ကြီး .."

ပေါက်ကြီး ဆတ်ခနဲဖြစ်သွားပါသည်။

"အဲဒါ ငါ့အစ်ကို ဒီသတင်းကြားလို့ လာသတိပေးတာ ..၊ အဖေ ဆုံးပြီတဲ့ .. ဟိုက အလုပ်တွေကို သူတစ်ယောက်ထဲ မနိုင်လို့ ငါ့ကို အမြန်လာဖို့ လာပြောတာ .."

ချိုစိမ့် စကားကြောင့် အားလုံး နှုတ်ဆွံ့အ ငြိမ်ကျသွားပါသည်။

"ငါ့မိသားစုရဲ့ တာဝန်ကို အလိုက်မသိဘဲ ငါက 'မင်း' ကို နိုးပြေးပြီး မျက်နှာပြောင်တိုက်ပြီး ခေါ်သွားရမှာလား .. သူတို့ ပူပင်သောကရောက်နေတဲ့အချိန် ငါက 'မင်း' နဲ့ ပျော်ပျော်ကြီးနေပြရမှာလား .. ဖြေလေကွာ .. ဖြေကြပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ပြန်မဖြေပါ။ ချိုစိမ့် မျက်ရည်တွေနဲ့ တဟားဟား

ပါသည်။

" 'မင်း' ငါနဲ့ လိုက်လာနေရင် ဘယ်နှစ်ရက်နေနိုင်မှာလဲ သူ့ရင်ထဲ

အချစ်တွ ဘယ်နှစ်လ ရှိနိုင်မှာလဲ တကယ်လို့ သူ ငါ့ကို ထားပြီး အ

ကို ထွက်သွားရင် စိတ်နာလဲ တစ်လ၊ နှစ်လပေါ့ကွာ .. စိတ်နာ

တောင် ဆိဦးထောပတ်စားပြီး ငါ့ကို စိတ်နာနိုင်ပါတယ် အဲဒါကြော

မို့ .."

ချိုစိမ့် ဆက်မပြောနိုင်တော့ ..။ 'မင်း' ရှိုက်ကြီးတငင် ငိုကာ

လှည့်ထွက်ပြေးသွားပါသည်။

"ဟဲ့ .. 'မင်း' နေဦး .."

စန္ဒာချို နဲ့ အေးယု လဲ ကမန်းကတမ်း လိုက်ခဲ့ရပါသည်။

ထရေစီ တံခါးဖွင့်ပေးရင်း စိတ်တော့ မကောင်း ဖြစ်မိပေမယ့် ဒီ

အခုလို ပွဲပြီးသွားတာကို ကျေနပ်နေမိပါသည်။ 'မင်း' ကတော့ တ

သိမ့် ရှိုက်ငိုနေသဲ ..။



'မင်း' တို့ကား မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ ချိုစိမ့် တဟီးဟီး တဟားဟားနဲ့ ထိုင်ရယ်တော့ .. ဆရာကျိုး တို့ ချိုစိမ့် ကိုကြည့်ပြီး နားမလည်နိုင်ပဲ ကြောင်တောင်တောင် ..။ မြတ်ဇော် က ...

"ဒီကောင် မင်း နဲ့ လမ်းခွဲလိုက်ရလို့ သည်းခြေပျက်သွားတာ ထင်တယ် .."

"ဟော့ကောင် ဘာ့ဖြစ်တာလဲ .."

ချိုစိမ့် လုံချည်စနဲ့ မျက်လုံးကိုပွတ်ပြီး မျက်နှာစပ်ဖြိုဖြိုနဲ့ ..။

"ပူလိုက်တာကွာ .. မငိုတတ်လို့ ပရုပ်ဆီ ..သွှ်ထားတာ ပြင် လား .. ဆရာကျိုး .."

"ဘာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .. ဘယ်လို .."

"ဟော့ကောင် မင်းရူးနေလား .."

ဆရာကျိုး တို့ အသီးသီးပြောကြပေမယ့် ဟိုကောင် ချိုစိမ့် ကတော့ တဟားဟား ..။

"မရူးပါဘူးဗျာ .. ရူးချင်ယောင်ဆောင်လိုက်တာ ဒေါ်ထရေစီကို ယုံကြည်အောင် တမင်ပညာပြလိုက်တာ .."

ချိုစိမ့် စကားကြောင့် ဆရာကျိုး က ...

"ဒါဆို .. မင်း ပြောနေတဲ့ စကားတွေက အင် တွေပေါ့ .."

"ဒါပေါ့ဗျာ .."

မြတ်ဇော် က အားရဝမ်းသာနဲ့ ချိုစိမ့် လက်မောင်းကို လှမ်းထိုးပြီး ...

"ဟို အဘွားကြီးကရော ယုံပုံမလား .."

ချိုစိမ့် ပခုံးတွန့်ပြရင်း ...

"မသိဘူးလေ .. ဒါပေမယ့် သူ့တူမ ခံစားနေရတာတော့ သူ့ မျက်မြင်ပဲ .."

ပေါက်ကြီး က မျက်မှောင်ကြုပ်ရင်း ...

"ဟော့ကောင် စန္ဒာချို တို့ 'မင်း' တို့ကအစ မင်းတကယ်ပြောနေ



တာပဲ ထင်နေတာနော် .."

"ပိုကောင်းတာပေါ့ ပေါက်ကြီး ရာ .. မင်းကလဲ တုံးလိုက်တာကွာ.."

"ဘာဖြစ်လို့လဲ .."

"စာမေးပွဲဖြေတဲ့နေ့က ငါ ဆရာမကတစ်ဆင့် စာပေးထားတာပဲ ဒီရက်ထဲမှာ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ မယုံနဲ့လို့ မှာထားတဲ့ဟာကို .."

ပေါက်ကြီး က တစ်ခုခုကို မကျေမနပ်ဟန်နဲ့ ...

"မင်း အစ်ကို ရောက်လာတဲ့ကိစ္စက .."

ချိုစိမ့် စိတ်မကောင်းဟန်နဲ့ ...

"ငါ့အစ်ကိုသား အငယ်ကောင်လေး ရေနစ်ပြီး ဆုံးတာ အမှန်ပဲ.. အစ်ကိုလဲ လာရင် ငါနဲ့ မင်းနဲ့ အခြေအနေကို ကြားပုံရတယ်ကွ .. ကြည့်ရတာ ကပွိုယကြီးပြောလိုက်တာထင်တယ် .. အဲဒါ .. 'မင်း' ကို ဟိုကို ခိုးလာခဲ့လို့ မှာတာ .. ကိစ္စမရှိဘူးတဲ့ .."

"ခွေးကောင် .. ငါတို့ကိုပါ အရူးလုပ်တဲ့ကောင် ဒါနဲ့များ မင်း အဖေ ဆုံးသွားပြီဆို .."

"ငါ့အဖေ ဆုံးတာ ငါငယ်ငယ်ကတည်းကကွ .."

"ဟာ .. ဒီကောင် .."

ဆရာကျိုး က သဘောကျကာ ကျွန်တော့် ဖင်ကို လှမ်းကန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒီတော့ ဘာဆက်လုပ်မလဲ .."

ချိုစိမ့် တစိမ့်စိမ့်တွေးလိုက်ပြီး ...

"လေယာဉ်ကွင်းရောက်မှ စန္ဒာချို တို့ကို ဖုန်းဆက်ပြီး ဒေါ်ထ ရေစီ အလစ်မှာ ခေါ်ထုတ်မယ် .. လေယာဉ်ကွင်းရောက်ပြီဆိုတော့ ဒေါ်ထရေစီ လဲ စိတ်ပေါ့သွားတာပေါ့ .."

"ကောင်းပါတယ်ကွာ .. မင်းကတော့ မင်းအစီအစဉ်နဲ့ မင်း ဟုတ်နေတာပဲ .."

"ကျွန်တော်တို့ လိုတာက ကား .."

"အဲဒါ မပူနဲ့ ငါ့ကားရှိတယ် .."

မြတ်ဖော် စကားကြောင့် ချိုစိမ့် က ...

"အိုကေ .. သူငယ်ချင်း .."

"ကဲ .. ရိုက်လိုက်ပါဦး .."

ဆရာကျီး က အခြောက်သံနဲ့ ပြောတော့ သူတို့ရယ်ပြီး လက်ဝါး အချင်းချင်း ရိုက်လိုက်ကြပါသည်။



"မင်းများ အသေအချာ ဖုန်းဆက်ထားပါတယ်နော် .."

"ဪ .. ပြောထားပါတယ်ကွာ .. စန္ဒာချို တို့တောင် 'မင်း' အိမ်မှာအိပ်ပြီး လိုက်ပို့မှာ .. ထိုင်းကနေ ထရန်စစ် တစ်ဆင့် ပြောင်း ရမှာ .. လေယာဉ်က ကိုးနာရီဝန်းကျင် ..၊ သူတို့ လေယာဉ်ကွင်းကို ခုနစ်နာရီရောက်မှာ စိတ်ချ .."

မနက်ဖြန်ဆိုတော့ ဒီနေ့ညနေ အားလုံးစုပြီး အောင်ပွဲအကြို အနေနဲ့ ဘီယာသောက်ကြပါသည်။

"မင်းတို့ အဆောင်မပြန်နဲ့တော့ ပေါက်ကြီး နဲ့ ချိုစိမ့် .. ငါ့အိမ် ကို ပြောပြီးပြီ အိမ်ကလဲ အိမ်မှာပဲ ခေါ်သိပ်လိုက်တဲ့ .."

"ဟာ .. ကောင်းတာပေါ့ကွ .."

"ဆရာကျီး လဲ လိုက်အိပ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မှာ .. အိပ်မှာ .. ကဲ ဆော်လိုက်ကြရအောင် .."

ဖန်ခွက်တွေ တိုက်လိုက်ကြပါသည်။ ဆရာကျီး က ဘီယာ အမြုပ်တွေကို စုပ်သောက်ရင်း ...

"အတွေ့ကြီးတော့ ဆွေ့ဆွေ့ခုန် ကျန်ရစ်မှာ သေချာတယ် ချိုစိမ့် .."

"ဒါနဲ့ ကေရီ ကို ဖုန်းဆက်ပြီးပြီနော် .. မနက်ဝင်ခေါ်မယ်ပြော ထားဦး .."

ကျွန်တော် စိုးရိမ်တကြီးနဲ့ ပြောထားတော့ မြတ်ဇော် က ...

"ကေရီ က ဘယ်ကပါလာတာလဲ .. ကေရီ ဆိုတာ ဘယ်သူလဲ .."

"ဟာကွာ .. သူ့ စီးရီးခွေထွက်ဖို့ မော်ဒယ်မလာခင် ဒီကောင့် အိုက်တင်ကျင့်နေတုန်း 'မင်း' ရောက်လာပြီး ပေါက်ကွဲတတ်တဲ့ ကောင်မလေးလေကွာ .."

"သြော် .. သိပြီ .. သိပြီ .. ဟိ .. ဟိ .. လုပ်ပါဦး ကေရီ ရဲ့ အခန်း .."

"ကဲ .. ဆရာချိုစိမ့် ရေ .. ဆရာ့ရဲ့ တင်ဆက်မှုလေးကို ပြောပြ လိုက်ပါဦး .."

ဆရာကျီး ရဲ့ ငေါ့တော့တော့လေသံကြောင့် ကျွန်တော်ရယ်ပြီး

"ဒီလိုဗျ .. ကေရီ နဲ့ 'မင်း' က ရုပ်ချင်းတာမတူတာ .. ဆံပင်ပုံ ကအစ ခန္ဓာကိုယ်အဆုံး တော်တော်တူတယ် .."



"အဲဒါဆို နှစ်ယောက်စလုံးကို ယူလိုက်ကွာ .."

"ဟာ .. ဒီကောင် အရေးထဲ .."

ပေါက်ကြီး ကို ဝိုင်းနပမ်ကျင်းကြပါသည်။ ကျွန်တော် ဆက်ပြော ပါသည်။

"ရှင်းရှင်းလေးကွာ .. လေယာဉ်ကွင်းရောက်ရင် ဒေါ်ထရေစီ ကို အရှုးလုပ်ပြီး လူချင်းချိန်းထားရုံပဲ .. ဝတ်မယ့် အဝတ်အစားက အစ ဆင်တူကွာ .. ပွဲသိမ်းပေါ့ .."

"ရိုက်ချက်ကတော့ လန်ထွက်နေတာပဲ .."

"ချိုစိမ့် လေကွာ .. ချိုစိမ့် .."

"ဟုတ်ပါတယ် ဆရာကြီးရယ် .."

အားလုံး ကျေကျေနပ်နပ် ပျော်ပျော်ပါးပါးနဲ့ သောက်ကြစားကြပေါ့။

"မင်းမှာ ဆေးလိပ်ပါသေးလား မြတ်ဇော် .."

"မပါဘူးကွ .. နေ .. နေ ငါမှာလိုက်မယ် .."

"မမှာပါနဲ့ကွာ .. ဆိုင်ကနေ ဗူးလိုက်ဝယ်ရင် ဈေးကြီးတယ်ကွ.. နေ .. နေ ရှေ့က ကွမ်းယာဆိုင်ကပဲ ဝယ်တော့မယ် .."

"ထားလိုက်ပါ .. ချိုစိမ့် ရာ ..၊ လေးငါးရာကွာဟာကို .."

www.burmeseclassic.com

"ဟ .. လေးငါးရာလဲ ပိုက်ဆံပဲကွ .. ခဏလေး .."

ချိုစိမ့် က ပြောပြောဆိုဆိုနဲ့ ထွက်သွားပါသည်။ သူတို့ဝိုင်းက အပြင်ဝိုင်းမို့ ချိုစိမ့် ကို လှမ်းမြင်နေရပါသည်။

ဆရာကျိုး က ဘီယာတငုံသောက်ပြီး ...

"ဘာကယ့်ကောင်ကွာ .. တကိုယ်လုံး ဉာဏ်ချည်းပဲ .."

"အဲဒါကြောင့် ဤအရာကို ချိုစိမ့် ဟု ခေါ်သည်ပေါ့ကွာ .."

သူတို့ တဟားဟားရယ်နေကြပြီး ချိုစိမ့် ကို လှမ်းကြည့်ပါသည်။ ချိုစိမ့် က ရင်းနှီးနေတဲ့ ကွမ်းယာဆိုင်က အဘိုင်ကြီးကို စကားပြောပြီး ပြန်ထွက်လာတော့ ဆိုက်ကားပေါ်မှာ ထိုင်နေတဲ့ ဆိုက်ကားသမားနဲ့ စကားပြောပြန်သည်။

"အတော်အပေါင်းအသင်းများတဲ့ ကောင်ကွာ .."

အဲဒီအချိန်မှာ စကားပြောပြီး ချိုစိမ့် လှည့်အထွက် ရှေ့က ကားတစ်စီးကို နောက်က ကားတစ်စီးက ကျော်အတက် ...

"ဟာ .."

"တိုက်ပြီ .."

"ဝုန်း .."

ချိုစိမ့် ခန္ဓာကိုယ် ခပ်လှမ်းလှမ်းကို လွင့်စင်သွားပါသည်။ ဆိုက်ကားသမားက သူ့ရှေ့တွင် ဖြစ်ခဲ့တာမို့ ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားပြီး သူတို့တစ်အုပ်လုံး ဝုန်းခနဲထပြီး ချိုစိမ့် ဆီ ပြေးပါသည်။



အရင်ဆုံးရောက်သူက ပေါက်ကြီး ...၊ ချိုစိမ့် တကိုယ်လုံး သွေးအလိမ်းလိမ်း ...။ ပေါက်ကြီး ကိုယ်မှာလဲ ချိုစိမ့် ကိုယ်က သွေးတွေ နှံ့နစ်နေပါသည်။ မြတ်ဇော် က အပေါ်အင်္ကျီကို ချွတ်ပြီး ပေါက်ကြီးသို့ ပေးကာ ...

"သွေးတွေ အရမ်းထွက်နေပြီ .. သွေးထွက်လွန်သွားမယ်၊ နေဦး .. ငါ့ကား ဒီရှေ့မောင်းခဲ့မယ် .."

လူတွေဝိုင်းအုံလာကြပါသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုဆဖန်သံကြားရပါသည်။ သူတို့အုပ်စု မြတ်ဇော် ရဲ့ ကားပေါ်ကို ချိုစိမ့် ကို မရမကတင်ရပါသည်။ ပြီးတော့ အရှိန်နဲ့ မောင်းထွက်လာခဲ့ပါသည်။

www.burmeseclassic.com



**မင်း** စိတ်စောနေပါသည်။ အန်တီထရေစီ ကတော့ သူ့မိတ်ဆွေ အသိတွေနဲ့ စကားပြောနေတာကြောင့် စန္ဒာချို က အန်တီထရေစီ ကို လှမ်းကြည့်ပြီး …

"ဟိုကောင်တွေ လာမှာ သေချာပါတယ်နော် .."

'မင်း' ရဲ့ စိုးရိမ်မကင်းလေသံကြောင့် စန္ဒာချို က နာရီကြည့်ပြီး …

"လာမှာ သေချာပါတယ်ဟယ် .."

အေးယု က ဟိုဟိုဒီဒီကြည့်ပြီး …

"ဟဲ့ .. ကေရီ .. ကေရီ သွားကြည့်ပါဦးဟ .."

"အေး .. ဟုတ်သားပဲ ..၊ ငါ သွားလိုက်မယ် ခဏစောင့် .."

"အေး .. အေး .."

စန္ဒာချို ထွက်သွားပါသည်။ အေးယု က မျက်နှာငယ်လေး



အန်တီထရေစီ ကြည့်လိုက် ဟိုဟိုဒီဒီ ကြည့်လိုက် လက်အုပ်ချီပြီး…

"ဘုရား .. ဘုရား .. အမြန်လာပါ .. မလွဲပါစေနဲ့ ဘုရား .."

ခဏကြာတော့ စန္ဒာချို က သုတ်သုတ် သုတ်သုတ်နဲ့ ပြန်ရောက်လာပါသည်။ ပြီးတော့ အလောတကြီးနဲ့ …

"ဟဲ့ .. ကေရီ ရောက်နေပြီ နင့် ပုံစံအတိုင်း ကွက်တိပဲ .."

"ဒါဆို .. ဖုန်းလေးဘာလေး ဆက်ပါဦးဟာ .."

'မင်း' ငိုချင်နေမိပါသည်။ ပြီးတော့ အသံတုန်တုန်နဲ့ ပြောတော့ စန္ဒာချို က …

"ငါ ဆက်ပြီးပြီ ဖုန်းတွေအားလုံး ပိတ်ထားတယ်ဟ .."

အဲဒီအချိန်မှာ စန္ဒာချို ရဲ့ ဖုန်းက ဖုန်းမြည်သံပေါ်လာတာကြောင့် …

"ဟဲ့ .. ဟဲ့ .. ဖုန်း .. ဖုန်း ဘယ်သူ့ဖုန်းလဲ .. ကြည့်ပါဦး .."

အန်တီထရေစီ က သူတို့ရဲ့ မူပျက်နေတဲ့ ပုံကို တွေ့ပြီး မိတ်ဆွေနဲ့ စကားပြောနေရာမှ လှမ်းကြည့်ပါသည်။ သူတို့အားလုံး ဂရုမပြုအားတော့ စန္ဒာချို ဖုန်းကို လှမ်းကြည့်တော့ …

"ဟဲ့ .. ဟဲ့ .. မြတ်ဇော် ဆီက ဖုန်း .. မြန်မြန်လုပ် .. အန်တီကြည့်နေပြီ .."

အေးယု က စိုးရိမ်မကင်းဟန်နဲ့ လှမ်းကြည့်ပြီးပြောတော့ စန္ဒာချို

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို စပီကာ ဖွင့်လိုက်ပါသည်။

"ဟလို .. မြတ်ဇော် လား .. နင်တို့ .."

"ဝမ်းနည်းပါတယ်ဟာ .. ချိုစိမ့် ကျောက်ပန်းတောင်ကို

သွားပြီ သူ့ကို မေ့လိုက်ပါတော့တဲ့ .. ဒီကောင်ကွာ .. တောက် -

ဒါပဲဟာ .."

ဖုန်းက ချက်ချင်းပြန်ကျသွားပါသည်။ 'မင်း' ရဲ့ မယုံကြည်နိုင်

ဟန်နဲ့ ငေးနေရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပါသည်

စန္ဒာချို က ...

"ဒီကောင် .. ဒီကောင်ဟာ .. အစုအချိန်ကျမှ မဟုတ်သေး

ဘူး .."

"တော်ပြီ .. စန္ဒာ ..၊ ငါ့ကို ဒီကောင် အသည်းကွဲပြီး မသေ

တာမယ် .."

'မင်း' ဆက်မပြောနိုင်တော့ ..။ တသိမ့်သိမ့် ရှိုက်ငိုပါတော့သည်

"သူတို့ နောက်ပြောင်နေတာလားဟယ် .."

အေးယု ရဲ့ မရဲတရဲစကားကြောင့် 'မင်း' နှုတ်ခမ်းကို ကိုက်ပြီး

"ဒါ .. နောက်ပြောင်ရမယ့် အချိန်မဟုတ်ဘူးဟ .. ချိုစိမ့် ဆိုတဲ့

လူက လူတစ်ယောက်ရဲ့ နှလုံးသားကို ကြေမွသွားအောင် နော

တတ်ဖို့ လူဖြစ်လာတာလား ..၊ ငါ သူ့ကိုမုန်းတယ် .. အေးပေါ့



သူနဲ့ ငါဆိုတာ ဒီနေ့ကစပြီး မတွေ့ခဲ့ကြဖို့ ငါ ထွက်သွားခဲ့မယ် -

နင်တို့ သူ့ကိုတွေ့ရင် ပြောလိုက်ပါ .. 'မင်း' ဆိုတဲ့ မိန်းမဟာ ချိုစိမ့်

ဆိုတဲ့ကောင်ကို သတိတစ်ချက်ရမိရင်တောင် အဲဒီ သတိရမိတဲ့

ဦးနှောက်ကို အပြစ်ပေးပစ်မယ်လို့ .."

"သမီး .."

အန်တီထရေစီ က စိုးရိမ်တကြီးနဲ့ အနားကပ်လာတော့ 'မင်း'

က မျက်ရည်တွေနဲ့ ပြုံးပြပြီး ...

"ဘာမှ မစိုးရိမ်ပါနဲ့ အန်တီ .. သမီးအစုပဲ လေယာဉ်ပေါ် တတ်

တော့မှာပါ .."

'မင်း' ကြမ်းပြင်ပေါ်က hand carry ကို ဆွဲကာ မျက်ရည်တွေ

ကို ခပ်ကြမ်းကြမ်းသုတ်ပြီး လှည့်ထွက်သွားပါသည်။ နောက်ကို တစ်

ချက်တောင် လှည့်မကြည့်တော့ပါ။ စန္ဒာချို တို့ 'မင်း' ရဲ့ ကျောခိုင်း

သွားတဲ့ ပုံရိပ်ကိုကြည့်ပြီး တသိမ့်သိမ့်ရှိုက်ငိုပါတော့သည်။

အန်တီထရေစီ က တူမဖြစ်သူ နောက်ကျောကိုကြည့်ပြီး ကျေနပ်

ဟန်နဲ့ ...

"အင်း .. အစုမှပဲ .. စိတ်အေးလက်အေးနဲ့ .."

"ခင်ဗျား စိတ်မအေးနိုင်သေးဘူး ဒေါ်ထရေစီ .."

အသံနဲ့အတူ သူ့ရှေ့ကို ရောက်လာသူက ဆရာကြီး ..။ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



ထရေစီ ကြောင်တောင်တောင်ဖြစ်သွားပြီး ...

"မင်းတို့ ဘာတွေလာပြောနေတာလဲ .. မင်းတို့ ဘယ်သူလဲ .."

"ဟယ် .. ဆရာကြီး .. အခုလေးတင် .."

ဆရာကြီး က လက်ကာတားပြပါသည်။ နောက် ခပ်သုတ်သုတ်ရောက်လာတဲ့ မြတ်ဇော်၊ ပေါက်ကြီး နဲ့ ရဲဝန်ထမ်းအချို့နဲ့ သက်ဆိုင်ရာ တာဝန်ခံတွေ ..။

ပေါက်ကြီး ရဲ့ တကိုယ်လုံး သွေးတွေကိုကြည့်ပြီး စန္ဒာချို တို့ မျက်နှာပျက်သွားပါသည်။

"ခင်ဗျား .. တော်တော်ယုတ်မာတဲ့ အဘွားကြီး .. ခင်ဗျားကို ကျုပ်လက်နဲ့ သတ်မယ် .."

"ပေါက်ကြီး မင်း စိတ်ကိုထိန်းစမ်း .."

"ဘာ .. ဘာတွေဖြစ်ကုန်တာလဲ ဆရာကြီး .."

မြတ်ဇော် က ဒေါ်ထရေစီ ကို ကြည့်ပြီး တောက်တခေါက်ခေါက် ..။ ဒေါ်ထရေစီ ဘာမှ မပြောနိုင်တော့ ..။ ရဲတွေခေါ် ဆောင်ရာနောက်ကို ပါသွားပါသည်။ ဆရာကြီး မျက်ဝန်းတွေက နီရဲတွတ်နေပါသည်။

"ဒီနေ့ မနက်ပိုင်းကပဲ ချိုစိမ့် .. ချိုစိမ့် .."

"ဟာကွာ .. တောက် .."

ပေါက်ကြီး ရဲ့ မချိတင်ကဲ တောက်ခေါက်သံ ..။ မြတ်ဇော် ရဲ့



ချုံးပွဲချ ငိုကြွေးသံ ..။

"ချိုစိမ့် ဆုံးပြီ .."

ဆရာကြီး မျက်ရည်တွေ တစိမ့်စိမ့် စီးကျနေပါသည်။ တချို့တွေက ငိုင်းအုံကြည့်နေပါသည်။ တီးတိုးပြောသံတွေ ..၊ ဆရာကြီး က ဟင်းလင်းပြင်ထဲကလူလို ဘယ်သူ့ကိုမှ မမြင် ..။

"မနေ့ညနေက ငါတို့တစ်စုတစ်ဝေးထဲ ရှိရိုန်မှာ ချိုစိမ့် ကားတိုက်ခံရတယ်လေ .."

စန္ဒာချို ဆီက ရှိုက်သံ ..။ အေးယု ရဲ့ ငိုသံ .. ဇေရီ ရဲ့ ဘာမှ နားမလည်ဟန်ပုံစံနဲ့ ပါးစပ်အဟောင်းသားနဲ့ ဆရာကြီး ကို ငေးကြည့်နေပါသည်။

"တိုက်သွားတဲ့ ကားက ဒေါ်ထရေစီ ကားလေ ..၊ အစကတော့ ဘယ်သူမှ မသိဘူး .. နောက်မှ ဆိုက်ကားသမားက ကားနံပါတ်ကို မှတ်မိပြီး ပြောမှ သိတာ .."

သိပ်ကို ကြေကွဲခဲ့ရပါတယ် ညီလေး ..။ ဒီအရာဟာ ပုံပြင်မဟုတ်သလို .. ဒဏ္ဍာရီတစ်ခုလဲ မဟုတ်ခဲ့ပါဘူး။ စစ်မှန်တဲ့ ချစ်ခြင်းစာတမ်းတစ်ပုဒ်ပါ ညီလေးရယ် ..။

"ဒါဆို ..."

အေးယု ရဲ့ အသံက ဆက်မပြောနိုင်အောင် တုန်ခါနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ နောက်ဆုံးဆန္ဒအရပေါ့ .. ရိုးစိမ့် က မဆုံးခင် သေသေချာချာ မှာခဲ့တယ်လေ .. 'မင်း' နောက်ဆံမတင်းစေချင်ဘူးတဲ့ ..၊ အလွမ်းနဲ့ ကြေကွဲပြီး ခရီးဆက်ရမှာထက်စာရင် အမုန်းနဲ့ ခရီးဆက်ရတာက သူ့ရဲ့ ဒဏ်ရာကို အလျှင်အမြန် သက်သာပါလိမ့်မယ်တဲ့ .."

ဒီလိုပါပဲ .. ဘဝဆိုတာ ဇာတ်ကြီး တစ်ခါပြောသလိုပေါ့။ ပူဆွေးလွမ်းဆွေးမှုတွေကြားထဲက ထွက်ပေါက်တဲ့ ..။ မင်း အဲဒီထွက်ပေါက်က လှတ်လှတ်လပ်လပ် ပျံသန်းပေးပါ။ နှောင်တွယ်မှုတွေနဲ့ ငုံ့မကြည့်ပါနဲ့ ညီလေး ..။ မင်း ပြောသလိုပေါ့ .. အချိန်ဆိုတာ အမုန်းနဲ့ ခရီးဆက်ရင် မေ့ပျောက်လွယ်ပါတယ်ဆို ..။

ဒါပေမယ့် ဒီပုံပြင် ဒီဇာတ်လမ်းမှာ မင်းရဲ့ ချစ်တဲ့ 'မင်း' က လွဲလို့ အားလုံးက အလွမ်းနဲ့ သတိရနေတာ မင်းမေ့နေပြီထင်တယ်..။

ငါတို့ကို ဆက်လွမ်းခွင့်ပြုပါ ညီလေးရေ ..။

* ဝါခေါင်ပြီးတော့ တော်သလင်း

မျှော်လင့်ခြင်းတာ ....

ဒီနှင်းခ

www.burmeseclassic.com